# ရတနာပုံ

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈)ရက်၊ စနေနေ့၊ (16-8-2025)၊ အတွဲ (၃၄)၊ အမှတ် (၁၀၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၅၀/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )

### ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဃ) နှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ တို့အရ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ် ၃၃၀ ကို ပူးတွဲပါဇယားအတိုင်း တစ်မြို့နယ်လျှင် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)ဖြင့် ကျင်းပမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် တစ်နယ်အဖြစ် သတ်မှတ်ကြေညာလိုက်သည်။

**ပူးတွဲ။** ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀ နယ်

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**စာမျက်နှာ ၁၈ ကော်လံ ၁**

## အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၅၁/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )

### အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀(ဃ) နှင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ တို့အရ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP)ဖြင့် ကျင်းပမည့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များအား ပူးတွဲပါဇယားအတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်နယ် အပါအဝင် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၈၄ နယ်၊ အချိုးကျကိုယ်စားပြုစနစ်(PR)ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၂၆ နယ် စုစုပေါင်း ၁၁၀ နယ်အဖြစ် သတ်မှတ် ကြေညာလိုက်သည်။

**ပူးတွဲ။** အမျိုးသားလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၈၄ နယ်
အမျိုးသားလွှတ်တော်အချိုးကျ ကိုယ်စားပြုစနစ်(PR) မဲဆန္ဒနယ် ၂၆ နယ်

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**စာမျက်နှာ ၂၁ ကော်လံ ၁**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်မြေများအား ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်အတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ လွှတ်တော်မဲဆန္ဒနယ်များအဖြစ် ကြေညာချက်အမှတ်(၅၀/၂၀၂၅)ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း ၁၃၈၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက် ၂၀၂၅ ခုနှစ် ဩဂုတ် ၁၅ ရက် ရက်စွဲဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့သည်။

အဆိုပါသတ်မှတ်ထုတ်ပြန်ချက်များအရ ယခုနှစ်အတွင်း ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်များမှာ မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)ဖြင့် ကျင်းပမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀၊ ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP)ဖြင့် ကျင်းပမည့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွင် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ၈၄ နယ်၊ အချိုးကျကိုယ်စားပြုစနစ်(PR)မဲဆန္ဒနယ် ၂၆ နယ် စုစုပေါင်းမဲဆန္ဒနယ် ၁၁၀၊ ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP)ဖြင့် ကျင်းပမည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ၃၂၂ နယ်နှင့် အချိုးကျကိုယ်စားပြုစနစ်(PR)မဲဆန္ဒနယ် ၄၂ နယ် စုစုပေါင်း မဲဆန္ဒနယ် ၃၆၄ နယ်၊

**စာမျက်နှာ ၂၄ ကော်လံ ၂**



ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၁၆ ရက်
အယ်ဒီတာ့အာဘော်

## တစ်ထောင့်တစ်နေရာမှ ပါဝင်လှူဒါန်းနိုင်ရေး

ယခုနှစ် မတ် ၂၈ ရက်တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုတွင် သေဆုံးခြင်း၊ ပျောက်ဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းများ အပါအဝင် အခြေခံအဆောက်အအုံများ သောင်းနှင့်ချီ၍ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ပျက်စီးဆုံးရှုံးမှုတွင် မန္တလေးတိုင်းဒေသကြီးသည် အများဆုံးဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် ဒုတိယအများဆုံး၊ စစ်ကိုင်းတိုင်းဒေသကြီးသည် တတိယအများဆုံးဖြစ်သည်။ ကဏ္ဍအလိုက်ပျက်စီးဆုံးရှုံးမှုတွင် အစိုးရရုံး၊ အဆောက်အအုံ၊ ရုံးအသုံးအဆောင်နှင့် ဝန်ထမ်းအိမ်ရာများပျက်စီးမှုသည် အများဆုံးဖြစ်၍ လူနေအိမ်အဆောက်အအုံပျက်စီးမှုသည် ဒုတိယအများဆုံး၊ ဘာသာရေးအဆောက်အအုံပျက်စီးမှုသည် တတိယအများဆုံးဖြစ်သည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများကို မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာတွင် အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှုမှာ ငွေကျပ် ၄၇၇၉ ဘီလီယံကျော်၊ ပုဂ္ဂလိကကဏ္ဍဆုံးရှုံးမှုမှာ ငွေကျပ် ဘီလီယံ ၃၂၀၀ ကျော်ဖြစ်ပြီး စုစုပေါင်းဆုံးရှုံးမှုမှာ မြန်မာကျပ်ငွေ ၇၉၇၉ဘီလီယံကျော် အမေရိကန်ဒေါ်လာသန်း ၃၈၀၀ ခန့်ဖြစ်သည်။ပျက်စီးဆုံးရှုံးမှုများကို နိုင်ငံတော်အနေဖြင့် ပံ့ပိုးကူညီပေးလျက်ရှိရာ ငလျင်ဘေးစတင်ဖြစ်ပွားသည်မှ ၁၁-၈-၂၀၂၅ ရက်ထိ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ စုစုပေါင်းငွေကျပ် ၁၆၅၂ ဒသမ ၅၇၃ ဘီလီယံကျော်ကို ထောက်ပံ့ထားရှိသည့်အပြင် ရှေးဦးပြန်လည် ထူထောင်ရေး လုပ်ငန်းများအတွက် ငွေကျပ် ဘီလီယံ ၃၄၀ ကျော်ကို သုံးစွဲပြီးဖြစ်သည်။ ထို့ပြင်ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသည့်စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ခွဲထောက်ပံ့ပြီးဖြစ်သည်။

ဝန်ထမ်းများ နေထိုင်နိုင်ရေးနှင့် ရုံးများ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယာယီကွန်တိန်နာရုံး ၄၄၂ လုံး၊ ယာယီကွန်တိန်နာအိမ် ၉၀၄၈ လုံး၊ ယာယီ Prefabricated စာသင်ကျောင်းဆောင် ၂၀ ကို ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် ပြည်ထောင်စုနယ်မြေနေပြည်တော်တွင် ယာယီနေအိမ်၂၉၇၂ခန်း ဆောက်လုပ်ခဲ့ပြီး ၁၂၇ ခန်း ဆောက်လုပ်ဆဲဖြစ်ကာ ယာယီစာသင်ဆောင် ၅၇ ဆောင်ဆောက်လုပ်ခဲ့ပြီး ခုနစ်ဆောင် ဆောက်လုပ်ဆဲဖြစ်သည်။ လမ်းပျက်စီးမှု၏ ၉၄ ဒသမ ၄၃ ရာခိုင်နှုန်း၊တံတားပျက်စီးမှု၏ ၃၈ ဒသမ ၈၃ ရာခိုင်နှုန်း၊ မြန်မာ့မီးရထားလမ်းပိုင်းအလိုက် ပျက်စီးမှု၏ ၉၆ ဒသမ ၃၉ ရာခိုင်နှုန်းပြုပြင်နိုင်ပြီး ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြီးစီးမှုအနေဖြင့် ဆက်သွယ်မှု၏ ၉၇ ဒသမ ၁၉ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအနေဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်းတို့ကို နိုင်ငံတော်အနေဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးမြောက်အောင်မြင်စေရေးအတွက် ကဏ္ဍအလိုက်၊ အဖွဲ့အစည်းအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုသည် မြန်မာနိုင်ငံတွင် ယခင်ဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ်များကြောင့် ဆုံးရှုံးမှုနှင့်ယှဉ်လျှင် အများဆုံးဖြစ်ခဲ့သည်။ ထိုသို့ ပျက်စီးဆုံးရှုံးမှုများကို မူလအခြေအနေပြန်လည်ရောက်ရှိအောင်သာမက သာလွန်ကောင်းမွန်စွာဆောင်ရွက်နိုင်ရန် ပြည်သူအားများစွာလိုအပ်ပါသည်။ ထို့ကြောင့် မိဘပြည်သူများအနေဖြင့် နိုင်ငံတော်က လွှင့်တင်ထားသော myanmarearthquake.gov.mm ဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှု၍ ငလျင်လှုပ်ခတ်မှုကြောင့်ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကို လေ့လာနိုင်သည့်အပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များနှင့်ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များလှူဒါန်းလိုသောနေရာများကို ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CB Pay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာတိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သကဲ့သို့ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ MasterCard များအသုံးပြု၍ လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်မြို့နယ် ပြည်တော်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ၁၁ ကြိမ်မြောက် ထုတ်ချေး

**ကျောက်ဆည် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်တော်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၄ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၇၂၂ သိန်းကိုကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်တော်သာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၇၂၂သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နီလာ**

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၆၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၀၆၉၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက် ၁၉၆၉၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၆၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၆၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက်ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၇၁၀၊ ကနီမြို့နယ်တွင် ဧက ၅၄၃၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၂၁၄ ဧကနှင့်ပုလဲမြို့နယ်တွင် ၁၃၄၂ ဧက စုစုပေါင်း ၁၀၆၉၆ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာတွင် စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲတတ်စေရေး၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာစေရေးနှင့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပုစွန်အစုံ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇူလိုင်လအတွင်း ပုစွန်အစုံပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ပုစွန်အစုံ ပိဿာချိန် ၆၆၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လအတွင်း ပုစွန်အစုံပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များတွေနဲ့အများဆုံး တင်ပို့ရောင်းချသည်ဒေသမှထွက်ရှိသည့် ပုစွန်များကိုဝယ်ယူ၍ စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်းက ပုစွန်အစုံ ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေထွက်ကုန်တွေကို စနစ်တကျသန့်စင် ထုပ်ပိုးပြီး တင်ပို့ရောင်းချနေပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့်ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့ လုပ်ငန်းလုပ်ကိုင်သူတွေလဲ အလုပ်အကိုင် အခွင့်အလမ်းကောင်းလာပါတယ်။ ဒေသကနေ ရေထွက်ကုန်တွေကိုကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များ၏ တစ်ပိဿာဈေးနှုန်းသည် ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၀၀၀၊ ပုစွန်ဆိတ်(အသေး) တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၁၈၅၀၀၊ ပုစွန်ဆိတ်(အကြီး) တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၃၅၀၀၊ ပုစွန်တုပ် တစ်ပိဿာလျှင် ငွေကျပ် ၃၆၅၀၀ မှ ၄၅၀၀၀ စသည်ဖြင့် အရွယ်အစားနှင့် လတ်ဆတ်မှုအပေါ် မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် မြို့ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**သာစည် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေဝကျေးရွာအုပ်စု မြို့ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြို့ကြီးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၄၃ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြို့ကြီးကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၂၄ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၄၃ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပေါက်ခေါင်းမြို့နယ် ပိန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါက်ခေါင်း ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပိန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၄ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပိန်းတောကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ရန်ပုံငွေကျပ် ၅၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၉၂၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၉၂၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၅၂၉ ဧကနှင့် ဖူးစားပြောင်း ၃၃၀၁ ဧက စုစုပေါင်း ဧက ၃၈၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၃၇၅ ဧကနှင့် ဖူးစားပြောင်း ၂၅၄၇ ဧက စုစုပေါင်း ၂၉၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၃၃၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ကုလားကာကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုလားကာကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၉၃ သန်းဖြင့် ကုလားကာကျေးရွာ၌ အကျယ်လေးလက်မခွဲ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ၍ ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နှံ့ကားစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကန်ကြီးထောင့် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နှံ့ကားစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက နှံ့ကားစပါး တင်းရေ ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း နှံ့ကားစပါး တင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါစပါး အမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ကန်ကြီးထောင့်မြို့နယ်ကနေ နှံ့ကားစပါး တင်းရေ တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ နှံ့ကားစပါး အမျိုးအစားက ဆန်ကြိမ်းအုပ်စုထဲမှာ ပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ နှံ့ကားစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း နှံ့ကားစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဂေါ်ရခါးသီး၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်

**ဂေါ်ရခါးသီး**

ဂေါ်ရခါးသီး၏ အင်္ဂလိပ်အမည်မှာ Chayote၊ မျိုးရင်းအမည် Cucurbitaceae ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Sedium Edule ဖြစ်သည်။ ဂေါ်ရခါးသီးကို မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်၌ အများဆုံးစိုက်ပျိုးဖြစ်ထွန်းသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလော၊ အောင်ပန်း၊ ဟဲဟိုးမြို့နှင့် ပြင်ဦးလွင်ဘက်တို့တွင် ဆောင်းရာသီတွင် တောင်ပုံရာပုံနှင့်ပေါ်များလှပြီး ရှမ်းပြည်နယ်တွင် စူကာသီးဟုခေါ်သည်။

ဂေါ်ရခါးသီးသည် အရသာအလွန်ကောင်းမွန်ပြီး အချိုဓာတ် အပြည့်အဝပါဝင်သော ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများစွာတွင် နှစ်ခြိုက်စွာစားသုံးကြသည့်အပြင် အနောက်နိုင်ငံများတွင်လည်း များစွာလူကြိုက်များသော အသီးတစ်မျိုးဖြစ်သည်။ ဂေါ်ရခါးပင်သည် အနွယ်ပင်အမျိုးအစားဖြစ်၍ အသီးကိုသာမက ၎င်းအပင်မှထွက်ရှိသော ဂေါ်ရခါးညွန့်များကိုလည်း ကြော်ချက်စားနိုင်ပြီး ဂေါ်ရခါးသီးတွင် ခန္ဓာကိုယ်အတွက် လိုအပ်သည့်အာဟာရဓာတ်များစွာနှင့်အတူ ရေဓာတ်ပါဝင်မှုများသောကြောင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုပေးနိုင်သည်။

**ဂေါ်ရခါးသီးတွင်ပါဝင်သည့်အာဟာရဓာတ်များ**

ဂေါ်ရခါးသီးတွင် လူသားများ၏ကျန်းမာရေးကို အထောက်အကူဖြစ်စေတတ်သည့် သဘာဝကစီဓာတ် (Carbohydrate)၊ ပရိုတင်း (Protein)၊ ဗီတာမင် B၊ ဗီတာမင် C၊ ဗီတာမင် E၊ ဗီတာမင် B9 ဟုခေါ်သည့် ဖောလိတ်ဓာတ်(Folate)၊ ဗီတာမင် B6 ဟုခေါ်သည့် နိုင်ရာဆင် (Niacin)၊ အမိုင်နိုအက်ဆစ် (Amino Acid)၊ သိုင်ရာမင်း (Thiyamin)၊ ရေဓာတ် (Water)၊ အမျှင်ဓာတ် (Fiber)၊ ကယ်လ်ဆီယမ် (Ca)၊ ပိုတက်ဆီယမ် (K)၊ ကော့ပါး (Cu)၊ ဇင့် (Zn)၊ မဂ္ဂနီစီယမ် (Mg)၊ မဂ္ဂနီးစ် (Mn)၊ အသားဓာတ် (Protein) စသည့် ခန္ဓာကိုယ်အတွက် အကျိုးပြုသည့် အာဟာရဓာတ်များနှင့် သတ္တုဓာတ်များစွာ ပါဝင်နေသည်။ ဂေါ်ရခါးသီးသည် ကိုလက်စထရောနှင့် ဆိုဒီယမ် လုံးဝမပါရှိသည့်အပြင် ကယ်လိုရီနည်းပါးပြီး အမျှင်ဓာတ်တို့စုဝေးရာ အရင်းအမြစ်လည်းဖြစ်သည်။

**အသည်း၏လုပ်ဆောင်ချက်များကို ကောင်းမွန်စေခြင်း**

အသည်းအဆီဖုံးခြင်းသည် အန္တရာယ်ရှိသည့် ကျန်းမာရေးပြဿနာတစ်မျိုးဖြစ်ပြီး လေ့လာမှုများအရ ဂေါ်ရခါးသီးကဲ့သို့ အာဟာရပြည့်ဝသည့်ဟင်းသီးဟင်းရွက်များကို စားသုံးပေးခြင်းဖြင့် အသည်းအတွင်း အဆီများစုပုံခြင်းကို သိသာစွာလျှော့ကျစေနိုင်ပြီး မကောင်းသည့် ကိုလက်စထရောများကိုလည်း လျှော့ချပေးနိုင်သည်။ ထို့ပြင် ဂေါ်ရခါးသီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်များနှင့် အသည်း၏စွမ်းဆောင်ရည်များကို ပိုမိုတိုးတက်လာစေမည်ဖြစ်သည်။

**ကျောက်ကပ်ကျန်းမာရေးကောင်းစေနိုင်ခြင်း**

ဂေါ်ရခါးသီးတွင် ပိုတက်စီယမ်ဓာတ်များ ကြွယ်ဝစွာပါဝင်နေသောကြောင့် ကျောက်ကပ်အတွင်းရှိသည့် မလိုအပ်သောအရည်များကိုဖယ်ရှားပေးနိုင်ပြီး ကျောက်တည်ခြင်းများကိုလည်း ကာကွယ်ပေးနိုင်သည်။ ကျောက်ကပ်နှင့်သက်ဆိုင်သော ကျန်းမာရေးပြဿနာရှိနေသည်ဆိုပါက ဂေါ်ရခါးသီးကို ဖျော်ရည်ပုံစံပြုလုပ်ပြီး သောက်သုံးခြင်း သို့မဟုတ် အတုံးသေးသေးလေးများလှီး၍ သုပ်စားခြင်းမျိုး ပြုလုပ်နိုင်သည်။

**ကိုယ်အလေးချိန်ကျစေသောဂေါ်ရခါးသီး**

ဂေါ်ရခါးသီးသည် ကယ်လ်လိုရီပါဝင်မှုနည်းပြီး ကိုလက်စထရောနှင့် ပြည့်ဝဆီ လုံးဝမပါဝင်သောကြောင့် ကိုယ်အလေးချိန်ချချင်နေသူများ စိတ်ကြိုက်စားပေးနိုင်သည်။ ဂေါ်ရခါးသီးသည် ကိုယ်ခန္ဓာအလေးချိန်ထိန်းသိမ်းလိုသူများအတွက် အထူးသင့်လျော်သည်။

**ကိုယ်ဝန်ဆောင်မိခင်များ၏ကျန်းမာရေးကို အထောက်အကူပြုနိုင်ခြင်း**

ဂေါ်ရခါးသီးတွင်ပါဝင်သည့် ဗီတာမင် B Complex နှင့် ဖောလိတ်ဓာတ်သည် သွေးတွင်းရှိဆဲလ်များနှင့် DNA ဖွဲ့စည်းတည်ဆောက်မှုတို့ကို အကျိုးဖြစ်ထွန်းစေနိုင်ပြီး ကိုယ်ဝန်ဆောင်ချိန်တွင် စားပေးသင့်သည့် အာဟာရဓာတ်များဖြစ်သည်။ ဗီတာမင် B9ဟုခေါ်သည့် ဖောလိတ် (Folate) ဓာတ်သည် သန္ဓေသား၏ဦးနှောက်ဖွံ့ဖြိုးမှု၊ ကျောရိုးနှင့်ကလေး၏ ကြီးထွားဖွံ့ဖြိုးမှုများအတွက် အရေးကြီးသည့် အာဟာရဓာတ်တစ်မျိုးဖြစ်ပြီး ဂေါ်ရခါးသီးတွင် ဖောလိတ်ဓာတ် ၄၀



ရာခိုင်နှုန်းထိ ပါဝင်နေသောကြောင့် ကိုယ်ဝန်ဆောင်မိခင်များ လုံလောက်စွာစားပေးခြင်းဖြင့် မွေးဖွားလာမည့်ရင်သွေးငယ်များအတွက် မွေးရာပါချို့ယွင်းချက်မပါရှိစေရန်နှင့် အာရုံကြောနှင့် ပတ်သက်သည့်ရောဂါဝေဒနာများကို ကြိုတင်ကာကွယ်ပေးနိုင်သည်။

**ပင်ပန်းနွမ်းနယ်မှုကိုသက်သာစေနိုင်ခြင်း**

ဂေါ်ရခါးသီးကိုမှန်မှန် စားသုံးပေးခြင်းအားဖြင့် အရိုးပါးရောဂါ၊ အယ်လ်ဇိုင်းမားရောဂါနှင့် စိတ်ကျရောဂါဝေဒနာများကို ကာကွယ်တားဆီးပေးသည်။ နာတာရှည် အိပ်မပျော်သူများအတွက် အထူးပင် သင့်လျော်ပြီး ပင်ပန်းနွမ်းနယ်မှုများကိုလည်း လျော့ပါးသက်သာစေသည်။ ဂေါ်ရခါးသီးတွင် ဗီတာမင် B6 ပါဝင်သည့်အတွက် မှတ်ဉာဏ်စွမ်းရည်ကိုလည်း တိုးတက်မြင့်မားလာစေသည်။

**သွားကျန်းမာရေးနှင့်ကြွက်တက်ခြင်းကို ကာကွယ်ပေးနိုင်ခြင်း**

ဂေါ်ရခါးသီးသည် သွားဖုံးကျန်းမာရေး၊ သွားကျန်းမာရေး၊ ခံတွင်းအပူလောင်ခြင်း၊ အဆုတ်ကျန်းမာရေးနှင့် ကျောရိုးကျန်းမာရေးတို့ကိုလည်း တိုးတက်ကောင်းမွန်စေပြီး ဆဲလ်များထိခိုက်ပျက်စီးမှုကိုကြိုတင်ကာကွယ်ပေးနိုင်သည်။ ဂေါ်ရခါးသီးတွင် မဂ္ဂနီဆီယမ်ဓာတ်ပါရှိခြင်းကြောင့် မှန်မှန်စားသုံးပေးခြင်းဖြင့် ခြေသလုံးကြွက်သားများကြွက်တက်ခြင်းမှ ကာကွယ်ပေးနိုင်သည်ကို တွေ့ရသည်။

**အအေးမိဖျားနာခြင်းကိုသက်သာစေနိုင်ခြင်း**

ဂေါ်ရခါးသီးသည် ကိုယ်ခံစွမ်းအားကိုမြင့်တင်ပေးနိုင်သည့်အတွက် မကြာခဏဖြစ်တတ်သော အပူဖျားနှင့်အအေးမိဖျားရောဂါများကို ကြိုတင်ကာကွယ်ပေးနိုင်သည်။ ဂေါ်ရခါးသီးတွင်ပါဝင်သည့် ကော့ပါးဓာတ်ကြောင့် သိုင်းရွိုက်ရောဂါဝေဒနာသည်များ အနေဖြင့် စားသုံးပေးသင့်သည်။

**ဝက်မြံများကိုသက်သာပျောက်ကင်းစေနိုင်ခြင်း**

ဂေါ်ရခါးသီးတွင်ပါဝင်သည့် ဇင့် (သွပ်) ဓာတ်သည် ခန္ဓာကိုယ်အရေပြားထဲမှ အဆီထွက်ခြင်းကို ထိန်းချုပ်ပေးနိုင်သည့်အတွက် မျက်နှာနှင့်ခန္ဓာကိုယ်ပေါ်ရှိဝက်မြံများကို ပျောက်ကင်းသက်သာစေနိုင်သည်။

**သွေးတွင်း ကိုလက်စထရောကျစေနိုင်ခြင်း**

ဂေါ်ရခါးသီးတွင် ပြည့်ဝဆီ လုံးဝမပါဝင်သောကြောင့် သွေးတွင်းကိုလက်စထရောကို မတက်စေဘဲ ကိုလက်စထရောပမာဏကို ထိန်းညှိပေးနိုင်သည်။ ဂေါ်ရခါးသီးတွင်ပါဝင်သည့် Phytochemical ဟုခေါ်သည့် အပင်ထွက်ဓာတုဒြပ်စင်ကြောင့် ခန္ဓာကိုယ်တွင်း သွေးလည်ပတ်မှုကိုကောင်းစေပြီး သွေးဖိအားမြင့်တက်ခြင်းမျိုးများမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ ထို့ပြင် ဂေါ်ရခါးသီးတွင် ပါဝင်နေသည့် Myricetin ဟုခေါ်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြောင့် ကိုလက်စထရော ပမာဏကိုလျှော့ချပေးနိုင်ရုံသာမက ရောင်ရမ်းမှုများကိုပါ တိုက်ဖျက်ပေးနိုင်သောကြောင့် နာတာရှည် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးအတွက် အရေးကြီးသည့် နှလုံးရောဂါကို ကာကွယ်နိုင်ရန် ဂေါ်ရခါးသီးကဲ့သို့ ဟင်းသီးဟင်းရွက်များကို မကြာခဏ ထည့်သွင်းစားသုံးပေးသင့်သည်။

**သက်လုံကောင်းစေနိုင်ခြင်း**

ဂေါ်ရခါးသီးတွင် ပါဝင်သော ပိုတက်ဆီယမ်ဓာတ်ကြောင့် ခန္ဓာကိုယ်ကို သက်လုံကောင်းစေပြီး အမောခံနိုင်စေသည်။ ခန္ဓာကိုယ်အတွက် လိုအပ်သည့် ပရိုတင်းနှင့် ခွန်အားများကို လုံလောက်စွာ ရရှိစေနိုင်ရန်အတွက်လည်း မဂ္ဂနီစ်ဓာတ် (Mg) ကြွယ်ဝသော ဂေါ်ရခါးသီးကို စားပေးသင့်သည်။

**ကင်ဆာရောဂါကိုဟန့်တားပေးနိုင်ခြင်း**

ဂေါ်ရခါးသီးတွင်ပါဝင်နေသည့် Poly–phenolic ကဲ့သို့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ခန္ဓာကိုယ်တွင်းဆဲလ်များကို ပျက်စီးစေနိုင်သည့် Free Radical များကို တိုက်ထုတ်ပေးနိုင်ပြီး သွေးကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာကဲ့သို့ ကင်ဆာရောဂါများကို ဟန့်တားကာကွယ်ပေးနိုင်သည်။

**ကျန်းမာနုပျိုစေနိုင်ခြင်း**

ဂေါ်ရခါးသီးစားသုံးခြင်းဖြင့် ခန္ဓာကိုယ်၏ဆဲလ်များအပေါ် အန္တရာယ်သက်ရောက်မှုရှိနိုင်သည့် ရောင်ရမ်းမှုများနှင့် ဓာတ်တိုးဖိစီးမှုများကို လျှော့ချပေးနိုင်သည့်အပြင် ဂေါ်ရခါးသီးတွင်ပါဝင်နေသည့် ဒြပ်ပေါင်းများကြောင့် သက်ကြီးရွယ်အိုများတွင်ဖြစ်ပေါ်လေ့ရှိသည့် မှတ်ဉာဏ်ကျဆင်းမှုနှင့် ချို့ယွင်းမှုလက္ခဏာများကိုလည်း ကာကွယ်ပေးနိုင်သည်။ ဂေါ်ရခါးသီးတွင် ဗီတာမင် C နှင့် ဖလေဗိုနွိုက် (Flavonoid) ကဲ့သို့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်နေခြင်းသည် ခန္ဓာကိုယ်တွင်းဆဲလ်များ ပျက်စီးခြင်းမှကာကွယ်ပေးနိုင်သလို အသားအရေကိုလည်း ကျန်းမာစိုပြည်စေကာ အိုမင်းရင့်ရော်မှုများကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဂေါ်ရခါးသီးပုံမှန်စားပေးခြင်းသည် အရွယ်တင် နုပျိုစေသည့် နည်းလမ်းတစ်ခုဖြစ်သည်ဟုဆိုနိုင်သည်။

**ကျောက်တည်ခြင်းကို သက်သာစေနိုင်ခြင်း**

ကျောက်ကပ်ကျောက်တည်နေသူများ အနေဖြင့် ဂေါ်ရခါးသီးစားပေးမည်ဆိုလျှင် သက်သာစေနိုင်သည်ဟု မှတ်သားရသည်။

**ဝမ်းချုပ်ခြင်းကိုသက်သာစေနိုင်ခြင်း**

ဂေါ်ရခါးသီးတွင် ခန္ဓာကိုယ်အတွက် လုံလောက်သည့်အမျှင်ဓာတ် များစွာပါဝင်နေသောကြောင့် အူသိမ်၊ အူမတို့စွမ်းရည်ကို မြင့်တင်ပေးပြီး အစာခြေစနစ်ကို အကောင်းဆုံးထောက်ပံ့ပေးနိုင်သဖြင့် ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်သည်။

**သွေးတိုးကျစေနိုင်ခြင်း**

ဂေါ်ရခါးသီးတွင် ပိုတက်ဆီယမ်ဓာတ်ပါဝင်မှုကြောင့် သွေးတိုးကျစေနိုင်သဖြင့် အထူးသဖြင့် သွေးတိုးရှိသူများနှင့် သွေးတိုးကာကွယ်ချင်သူများ စားပေးသင့်သည်။

**နှလုံးရောဂါကိုကာကွယ်ပေးနိုင်ခြင်း**

ဂေါ်ရခါးသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်သည့် ဗီတာမင် C ကြွယ်ဝစွာ ပါဝင်မှုကြောင့် နှလုံးရောဂါမဖြစ်ရန် ကာကွယ်ပေးနိုင်သည်။ ဂေါ်ရခါးသီးသည် ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်ရန်အတူကို ကောင်းစွာကျန်းမာစေပြီး အယ်လ်ဇိုင်းမားဝေဒနာနှင့် စိတ်ကျဝေဒနာများကို ကာကွယ်တားဆီးပေးသည်။ အိပ်မပျော်သူများလည်း စားသုံးပေးသင့်ပြီး ခံတွင်းကျန်းမာရေးကိုလည်း ကောင်းစေသည်။

**သွေးအားနည်းရောဂါကိုကာကွယ်ပေးနိုင်ခြင်း**

သွေးတွင်း၌ သွေးနီဥဆဲလ်များ နည်းသည့်အချိန်တွင် သွေးအားနည်းရောဂါ ဖြစ်တတ်သည်။ ဂေါ်ရခါးသီးတွင် သံဓာတ်နှင့် ဗီတာမင် B2 တို့ပါဝင်နေမှုကြောင့် သွေးနီဥဆဲလ်များကို ဖြစ်ပေါ်စေပြီး သွေးအား မနည်းစေရန် ကာကွယ်ပေးနိုင်သည်။

**ဂေါ်ရခါးရွက်၏ကျန်းမာရေးကောင်းကျိုးများ**

ဂေါ်ရခါးသီးသာမက ဂေါ်ရခါးညွန့်သည်လည်း အလွန်ဆေးဖက်ဝင်လှသည်။ ဂေါ်ရခါးရွက် သို့မဟုတ် ဂေါ်ရခါးညွန့်ကို အရွက်စိမ်းဖြစ်စေ၊ အခြောက်ခံပြီး ဖြစ်စေ ရေနွေးကြမ်း (အခါးရည်) အဖြစ် မှန်မှန်သောက်သုံးသွားပါက သွေးတိုးကျစေခြင်း၊ သွေးကြောမကြီးများ ပိတ်ဆို့တင်းမာမှုကို ဖြေလျှော့စေနိုင်ခြင်း၊ ဆီးရွှင်စေခြင်း၊ ကျောက်ကပ်ထဲရှိ ဆီးကျောက်များကိုကျစေခြင်း စသည်ဖြင့် ဆေးစွမ်းထက်လှကြောင်း သိရသည်။

**ဂေါ်ရခါးသီး ခေါ် စူကာသီးအနှစ်ချုပ်**

အချုပ်အားဖြင့် ဂေါ်ရခါးသီးတွင် အမျှင်ဓာတ်နှင့် ရေဓာတ်များစွာပါဝင်သောကြောင့် ကိုယ်အလေးချိန်လျှော့ကျရန် ကူညီပေးခြင်း၊ သွေးပေါင်ချိန်ကို လျှော့ချပေးနိုင်ခြင်း၊ ကင်ဆာဖြစ်ပွားမှုကိုကာကွယ်ပေးနိုင်ခြင်း၊ မွေးရာပါ ချို့ယွင်းချက်မပါအောင် ကာကွယ်ပေးနိုင်ခြင်း၊ သွေးတွင်းကိုလက်စထရောကျစေနိုင်ခြင်း၊ သက်လုံကောင်းစေနိုင်ခြင်း၊ အရွယ်မတိုင်မီ အိုမင်းမှုကိုကာကွယ်ပေးနိုင်ခြင်း၊ ကျောက်ကပ်ကျောက်တည်ခြင်းကို သက်သာစေနိုင်ခြင်း၊ ဝမ်းချုပ်မှုကိုသက်သာစေနိုင်ခြင်း၊ နှလုံးရောဂါကာကွယ်ပေးနိုင်ခြင်းနှင့် သွေးအားနည်းရောဂါများကို ကာကွယ်ပေးနိုင်ခြင်း အစရှိသည့် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဈေးနှုန်းသက်သာကာ ဘေးထွက်ဆိုးကျိုးမရှိသလောက်နည်းပါးသည့် ဂေါ်ရခါးသီး ခေါ် စူကာသီးကို အရွယ်သုံးပါးမရွေး ကျန်းမာရေးအတွက် သင့်တင့်မျှတစွာ စားသုံးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျောင်းကုန်း ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းဌေးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အရင်ဇွန်လကထက် ငရုတ်သီးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဒေသထွက်ကုန်တွေကို ဧရာဝတီတိုင်းဒေသကြီး အတွင်းထဲက အခြားနယ်မြို့တွေအပြင် ရန်ကုန်ဈေးကွက်ဘက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ကျောင်းကုန်းမြို့နယ်က ထွက်တဲ့ ဒေသထွက် ငရုတ်သီးခြောက်တွေက အရည်အသွေး ကောင်းပါတယ်။ ငရုတ်သီးခြောက်က အရည်အသွေးကောင်းတော့ ကုန်ပစ္စည်းမှာယူမှုကလဲ တက်နေပါတယ်။ လက်ရှိ ငရုတ်သီးခြောက်ဈေးက ၁၀ ပိဿာကို ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းဌေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိလာသော အရည်အသွေးကောင်း ငရုတ်သီးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရခြင်းကြောင့် ငရုတ်စိုက်ပျိုးသည့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အခွင့်အလမ်းရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် မူးကဝကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းနေမှု စစ်ဆေး

**ဘားအံ ဩဂုတ် ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မူးကဝကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူသူအောင်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ မူးကဝကျေးရွာ၌ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မူးကဝကျေးရွာ၌ အရှည်ပေ ၃၀၀၀ ရှိ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၃ ဒသမ ၃၅ သန်း အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလ ပထမပတ်က စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက မူးကဝကျေးရွာရှိ အိမ်ခြေ ၁၄၈ အိမ်၊ လူဦးရေ ၆၁၅ဦးအတွက် အချိန်ကုန်သက်သာပြီး အိမ်တိုင်ရာရောက် သောက်သုံးရေများ ဖူလုံစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

# သံသယ

\- သံသယဟူ စိတ်အပူကား
မဖြူနှလုံး လတိမ်ဖုံးသို့
အမုန်းဝိညာဉ် စိတ်၌ယှဉ်၍
ဘဝင်မကျ စိတ်သောကကြောင့်
မာနစစ်ချီ ရန်အလီလီဖြင့်
မာန်ဗီဆောင်နှင်း အချင်းချင်းတို့
ကွေကွင်းချစ်ပြယ် ဒေါသနယ်တွင်
မာန်စွယ်ကြီးထွား ရတက်မီးပွား
ရန်စွယ်ကြီးမား ပျက်စီးငြား။

\- လူသားအချင်းချင်း မိတ်ဆွေရင်းနှင့်
ပေါင်းသင်းသဟာ ချိန်များစွာပင်
ခင်ကာဆွေသား ပမာများသို့
စိတ်ထားမဖြူ အမုန်းကူသော်
ပြုစုစောင်းချိတ် ဟန်နိမိတ်ဖြင့်
မာန်စိတ်တွေကူ သံသယဟူက
မတူကွဲပြား စိတ်ခွဲခြား၍
မီးပွားရန်စွယ် အမုန်းနယ်တွင်
ပြုံးရယ်မရှိ ပူလောင်၏
မုန်းဖွယ်အတိ ပြုစောင်ဘိ။

\- အချစ်နယ်ပယ် အမုန်းကြွယ်၍
ပျက်ပြယ်မေတ္တာ ကွေကင်းကာဖြင့်
သစ္စာတွေဖောက် ရေတွေနောက်သို့
ဖြေဖျောက်ရင်ဝယ် တစ်လည်လည်ဖြင့်
ရန်စွယ်ဆူးခင်း သေနယ်တွင်းသို့
အတွင်းဖောက်လာ အခက်ကြီးစွာတည့်
မယွင်းရောက်ကာ ပျက်စီးရှာ၏။ ။

**ရွှေတိုး(ထုံးဘို)**

# ကြို့ပင်ကောက်မြို့နယ် ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၄ ရက်က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ချောင်းနားကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၆ ဦးကို ငွေကျပ် ၄၀ ဒသမ ၈ သန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၇ ဦးကို ငွေကျပ် ၄၁ ဒသမ ၃ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# နိုင်ငံတကာ သတင်းများ

## နိုင်ငံတကာနယ်စည်းမခြား သတင်းထောက်များအဖွဲ့ကို မလိုလားအပ်သည့်အဖွဲ့အစည်းအဖြစ် ရုရှားသတ်မှတ်

မော်စကို ဩဂုတ် ၁၅

နယ်စည်းမခြားသတင်းထောက်များအဖွဲ့(အာရ်အက်စ်အက်ဖ်)ကို မလိုလားအပ်သည့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားကြောင်း ရုရှားတရားရေး ဝန်ကြီးဌာနက ဩဂုတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အာရ်အက်စ်အက်ဖ်သည် ပြင်သစ်နိုင်ငံအခြေစိုက် နိုင်ငံတကာ သတင်းလွတ်လပ်ခွင့်အဖွဲ့အစည်း တစ်ခုဖြစ်သည်။

ရုရှားအစိုးရသည် ရှေးယခင်ကလည်း အမျိုးသားလုံခြုံရေး ထိခိုက်စေမှု စွဲချက်များဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများကို မလိုလားအပ်သည့် အဖွဲ့အစည်းများအဖြစ် ကြေညာခဲ့ဖူးသည်။

ရုရှားအစိုးရက မလိုလားအပ်သည့် အဖွဲ့အစည်းများအဖြစ် ကြေညာထားသော နိုင်ငံတကာ အဖွဲ့အစည်းများတွင် ဂရင်းပိစ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နှင့် လန်ဒန်အခြေစိုက် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(အမ်နက်စတီ)တို့လည်း ပါဝင်သည်။

ရုရှားနိုင်ငံသားများအနေဖြင့် ရုရှားအစိုးရက မလိုလားအပ်သည့် အဖွဲ့အစည်းများအဖြစ် ကြေညာထားသောအဖွဲ့အစည်းများအတွက် အလုပ်လုပ်ပေးပါက သို့မဟုတ် ရန်ပုံငွေထောက်ပံ့ပါက ထောင်ဒဏ်ငါးနှစ်ထိချမှတ်ခံရမှုနှင့် ရင်ဆိုင်ရနိုင်သည်။

ရုရှားအစိုးရက မလိုလားအပ်သည့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားမှုနှင့်ပတ်သက်၍ အာရ်အက်စ်အက်ဖ်က တစ်စုံတစ်ရာ တုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

Ref : RT
Trs : KKO

## ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ ယာချီစလပ်ဗ်ဗိုလိုဒင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေး



ပြုံယမ်း ဩဂုတ် ၁၅

ပြုံယမ်းမြို့သို့ ရောက်ရှိနေသည့် ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ ယာချီစလပ်ဗ်ဗိုလိုဒင်သည် ဩဂုတ် ၁၄ ရက်တွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေး ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်တွေ့ဆုံစဉ် ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ ဗိုလိုဒင်သည် ရုရှားသမ္မတပူတင်၏ နှုတ်ခွန်းဆက် သဝဏ်လွှာကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် ယူကရိန်းပဋိပက္ခကာလအတွင်း ရုရှားနိုင်ငံကို စစ်ရေးအရ အကူအညီပေးခဲ့သည့်အတွက် မြောက်ကိုရီးယားနိုင်ငံကို ကျေးဇူးတင်ကြောင်း ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌက ကင်ဂျုံအန်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်ကိုယ်တိုင်သည် ဩဂုတ် ၁၂ ရက်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးမည့်အစီအစဉ်ကို အသိပေးပြောကြားခဲ့သည်။

ရုရှားသမ္မတ ပူတင်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အလက်စကာပြည်နယ်၌ ယနေ့တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

အောက်လွှတ်တော်ဥက္ကဋ္ဌ ဗိုလိုဒင်သည် ရုရှားသမ္မတ ပူတင်၏ အဓိက နိုင်ငံရေးမဟာမိတ်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## လမ်ပီဒူဆာကျွန်းကမ်းလွန်၌ ရေယာဉ်တိမ်းမှောက်မှုဖြစ်ပွား တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၂၆ ဦး သေဆုံး

ရောမ ဩဂုတ် ၁၅

အီတလီနိုင်ငံ တောင်ပိုင်း လမ်ပီဒူဆာကျွန်း ကမ်းလွန်၌ ဩဂုတ် ၁၃ ရက်က ရေယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ရွှေ့ပြောင်းဝင်ရောက်သူ အနည်းဆုံး ၂၆ ဦး သေဆုံးခဲ့ရကြောင်း အီတလီကမ်းခြေစောင့်တပ်က ဩဂုတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများ လိုက်ပါလာသည့် အဆိုပါရေယာဉ်သည် လမ်ပီဒူဆာကျွန်းနှင့် ၁၄ မိုင်ခန့် အကွာတွင် တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း အီတလီ ကမ်းခြေစောင့်တပ် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရေယာဉ် တိမ်းမှောက်မှုကြောင့် လိုက်ပါလာသူ ရွှေ့ပြောင်းဝင်ရောက်သူ အနည်းဆုံး ၂၆ ဦး သေဆုံးခဲ့ရပြီးဦးရေ၆၀ကို အီတလီကမ်းခြေစောင့်တပ်က ကယ်တင်နိုင်ခဲ့သည်။

တိမ်းမှောက်ခဲ့သည့်ရေယာဉ်ပေါ်တွင် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၉၂ ဦးမှ ၉၇ ဦးထိ လိုက်ပါလာဖွယ်ရှိကြောင်း အီတလီကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါတရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများသည် လစ်ဗျားနိုင်ငံ ထရီပိုလီမြို့မှ စတင်ထွက်ခွာလာခြင်းဖြစ်နိုင်ကြောင်း သိရသည်။

ယခုနှစ်အတွင်း အာဖရိကမှ ဥရောပသို့သွားရောက်ရေးအတွက် မြေထဲပင်လယ်ကို ဖြတ်သန်းရင်း သေဆုံးခဲ့ရသူရွှေ့ပြောင်းဝင်ရောက်သူဦးရေမှာ ၆၇၅ ဦးထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ဦးရေ ၈၀၀ ဝါရှင်တန်မြို့တွင်းသို့ ရောက်ရှိနေပြီဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်

ဝါရှင်တန် ဩဂုတ် ၁၅



သမ္မတ ဒေါ်နယ်ထရမ့်၏ ညွှန်ကြားချက်အရ ဖြန့်ကြက်ရမည့် အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၈၀၀ စလုံး ဝါရှင်တန်မြို့တွင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရာဇဝတ်မှုများကို နှိမ်နင်းရေးအတွက် ဝါရှင်တန်မြို့၌ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၈၀၀ကို ဖြန့်ကြက်ရန် သမ္မတ ဒေါ်နယ်ထရမ့်က ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ညွှန်ကြားထားသည်။

လက်ရှိအချိန်တွင် သမ္မတ ဒေါ်နယ်ထရမ့်၏ ညွှန်ကြားချက်အရ ဖြန့်ကြက်ရမည့် အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၈၀၀ စလုံး တို့မှာဝါရှင်တန်မြို့အတွင်း ရောက်ရှိနေပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များနှင့်တွေ့ဆုံစဉ် အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များသည် ဝါရှင်တန်မြို့အတွင်း လုံခြုံရေးအတွက် ဝါရှင်တန်ရဲတပ်ဖွဲ့နှင့် ဖက်ဒရယ်တရားဥပဒေစိုးမိုးရေး ဝန်ထမ်းများကို အကူအညီပေးမည်ဖြစ်သည်။

အဆိုပါအမျိုးသား အစောင့်တပ်ဖွဲ့ဝင်များအနေဖြင့် ရာဇဝတ်မှုများကို တားဆီးရေးအတွက် ဝါရှင်တန်မြို့တွင်းရှိ အများပြည်သူဆိုင်ရာနေရာများ၌ နေရာယူထားကြောင်း ပင်တဂွန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုနှစ် ဇွန်လအတွင်း လော့စ်အိန်ဂျလိစ်မြို့၌ ဆန္ဒပြပွဲများဖြစ်ပွားခဲ့စဉ်ကလည်း အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ၂၀၁၈ ခုနှစ် စီအမ်အေသဘောတူညီချက်ကို ပြန်လည်ထိန်းသိမ်းရန် တောင်ကိုရီးယားရည်ရွယ်ထား

ဆိုးလ် ဩဂုတ် ၁၅

တောင်နှင့် မြောက် ကိုရီးယားနှစ်နိုင်ငံ နယ်စပ်တစ်လျှောက် စစ်ရေးလှုပ်ရှားမှုများကို ကန့်သတ်ပေးထားသော သဘောတူညီချက်တစ်ရပ်ကို ပြန်လည်စောင့်ထိန်းရန် ရည်ရွယ်ထားကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ယနေ့တွင် ပြောကြားခဲ့သည်။

ဘက်စုံစစ်ရေး သဘောတူညီချက် (စီအမ်အေ)အမည်ရှိ အဆိုပါ သဘောတူညီချက်သည် နယ်စပ်တစ်လျှောက် တင်းမာမှုများလျှော့ချနိုင်ရေးအတွက် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ကြား ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်ဖြစ်သည်။

ယင်း သဘောတူညီချက်ကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် တောင်ကိုရီးယားသမ္မတဟောင်း မွန်ဂျေးအင်တို့၏ သမိုင်းဝင်တွေ့ဆုံဆွေးနွေးပွဲများဖြင့် ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးတင်းမာနေခဲ့သည့် ၂၀၂၄ ခုနှစ် ဇွန်လတွင် စီအမ်အေ သဘောတူညီချက် ကျင့်သုံးမှုကို ရပ်ဆိုင်းကြောင်း တောင်ကိုရီးယားသမ္မတဟောင်း ယွန်ဆွတ်ယိုးက ကြေညာခဲ့သည်။

သို့သော် မြောက်ကိုရီးယားနှင့်ဆက်ဆံရေးတင်းမာမှုများကို လျှော့ချရေးအတွက် ၂၀၁၈ ခုနှစ် စီအမ်အေ သဘောတူညီချက်ကို ပြန်လည်ထိန်းသိမ်းရန် မိမိတို့ ရည်ရွယ်ထားကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံတို့သည် ၁၉၅၀-၁၉၅၃ ကိုရီးယားကျွန်းဆွယ်ပဋိပက္ခကို အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ဖြင့်သာ အဆုံးသတ်ထားခြင်းဖြစ်ရာ လက်တွေ့အားဖြင့် ပဋိပက္ခဖြစ်နေဆဲအခြေအနေတွင်သာ ရှိသေးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ဂိုးဝန်အမျိုးသားအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်အတွက် ဂြိုဟ်တုသစ်များကို တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်



**ပေကျင်း ဩဂုတ် ၁၅**

ဂိုးဝန်အမည်ရှိ အမျိုးသား အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်အတွက် ဂြိုဟ်တုသစ်များ ကို တရုတ်အမျိုးသားအာကာသ အေဂျင်စီက ဩဂုတ် ၁၃ ရက်က လွှတ်တင်ခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဂိုးဝန်ဂြိုဟ်တုကွန်ရက်ဂြိုဟ် တုသစ်များကို တရုတ်နိုင်ငံတောင် ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန် အာကာသစခန်းမှ တစ်ဆင့် လောင်းမတ်ချ်-၅ ဘီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၅ ဘီ ဒုံးပျံသည် ဂိုးဝန်ဂြိုဟ်တုများကို သက်ဆိုင်ရာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေး နိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားသည်။

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် ဂိုးဝန်အမျိုးသား အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်ကို ဂြိုဟ်တုအစင်းပေါင်း ၁၃၀၀၀ ဖြင့်တည်ဆောက်ရန် ရည် ရွယ်ထားကြောင်း သိရသည်။

ဩဂုတ် ၁၃ ရက်မစ်ရှင်သည် တရုတ်အမျိုးသားအာကာသအေ ဂျင်စီက ဂိုးဝန်အင်တာနက်ဝန် ဆောင်မှု ဂြိုဟ်တုကွန်ရက်ကို လွှတ်တင်ခဲ့သော ရှစ်ခုမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဂိုးဝန်အမျိုးသားအင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို တရုတ်အစိုးရ၏ China Satnet ကုမ္ပဏီက တာဝန်ယူစီမံခန့်ခွဲမည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## အားတီးမစ်-၂ မစ်ရှင် ပြင်ဆင်သည့်အနေဖြင့် နာဆာကျွမ်းကျင်သူများက အိုရီယွန်အာကာသယာဉ်ကို လောင်စာရည်ဖြည့်တင်းမှုပြုလုပ်ခဲ့

**ဝါရှင်တန် ဩဂုတ် ၁၅**

အားတီးမစ်-၂ မစ်ရှင်အတွက် ပြင်ဆင်သည့်အနေဖြင့် အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)ကျွမ်းကျင်သူများက အိုရီ ယွန်အာကာသယာဉ်ကို လောင်စာ ရည်ဖြည့်တင်းမှုပြုလုပ်ခဲ့ကြောင်း ဩဂုတ် ၁၄ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

ထို့ပြင် လောင်စာရည်ဖြည့် တင်းပြီးနောက် အိုရီယွန်အာကာသ လူသယ်ယာဉ်အတွက် အာကာသ ယာဉ်မှူးအရေးပေါ်အသက်ကယ် စနစ်ကို ဆက်လက်တပ်ဆင်ရန် နာဆာအဖွဲ့က စီစဉ်ထားကြောင်း သိရသည်။

အားတီးမစ်-၂ မစ်ရှင်သည် အာကာသယာဉ်မှူးများ လိုက်ပါ မည့် ပထမဆုံးအားတီးမစ် မစ်ရှင် ဖြစ်ပြီး အာကာသယာဉ်မှူးလေးဦး ကို လကမ္ဘာအနီးသို့ ၁၀ ရက်ကြာ မစ်ရှင်ဖြင့် ပို့ဆောင်မည်ဖြစ် ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ် -၂ မစ်ရှင်ကို ၂၀၂၆ ခုနှစ် ဖေဖော် ဝါရီလနှင့် ဧပြီလကြားတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။



အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူးလေးဦးလိုက်ပါ မည့် အိုရီယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ် ကြောင်း သိရသည်။

အားတီးမစ်-၂ မစ်ရှင်သည် ၁၉၇၂ ခုနှစ် အပိုလိုအာကာသမစ် ရှင်များနောက်ပိုင်း လူသားများကို လကမ္ဘာအနီးသို့ ပို့ဆောင်ပေး မည့် ပထမဆုံးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ် ၂၄ စင်း လွှတ်တင်

**ဝါရှင်တန် ဩဂုတ် ၁၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်အတွက် ဂြိုဟ်တုသစ် ၂၄ စင်းကို ဩဂုတ် ၁၄ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါစတားလင့်ခ်အင်တာ နက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်း ကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံ ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ကိုးမိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့် စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူး အဆင့်ဒုံးယာဉ်သည် သယ်ဆောင် ထားသည့် စတားလင့်ခ်ဂြိုဟ်တု များကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့သည်။

ဩဂုတ် ၁၄ ရက်မစ်ရှင်အောင် မြင်မှုကြောင့် Space-X ကုမ္ပဏီ ၏ စတားလင့်ခ်ဂြိုဟ်တုကွန်ရက် ၌ အင်တာနက်ဝန်ဆောင်မှု ပေးနေသော ဂြိုဟ်တုစင်းရေမှာ ၈၁၀၀ ထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် Space-X ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ် တင်ခဲ့သည့် ၉၈ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## အရက်ပုံမှန်သောက်သုံးမှုကြောင့် ပန်ကရိယ ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဩဂုတ် ၁၅**

အရက် ပုံမှန်သောက်သုံးမှု ကြောင့် ကမ္ဘာ့ကြောက်မက်ဖွယ် အကောင်းဆုံး ကင်ဆာရောဂါတစ် မျိုးဖြစ်သည့် ပန်ကရိယကင်ဆာ ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာ နိုင်ကြောင်း သုတေသနပညာရှင် များက ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာ ရှင်များ၏ လေ့လာတွေ့ရှိချက်အရ အရက်ပုံမှန်သောက်သုံးမှုကြောင့် ပန်ကရိယအင်္ဂါအတွင်းရှိဆဲလ်များ ပျက်စီးသွားတတ်ပြီး ရောင်ရမ်းမှု ပြဿနာ ပေါ်လာတတ်ကြောင်း သိရသည်။

တစ်ဖန် အချိန်ကြာမြင့်လာ သည်နှင့်အမျှ ရောင်ရမ်းမှုပြဿနာ ကြောင့် ပန်ကရိယအင်္ဂါ၌ ကင်ဆာ ဆဲလ်များနှင့် ပုံစံချင်းတူသည့် ဆဲလ်အစုအဝေးများ ပေါ်လာတတ် ပြီး ပန်ကရိယကင်ဆာဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း အမေ ရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အမေရိကန်သုတေ သနပညာရှင်များ၏ လေ့လာ တွေ့ရှိချက်အရ CREB ခေါ် မျိုးဗီဇ တစ်မျိုးကို ထိန်းချုပ်ခြင်းဖြင့် ပန်ကရိယအင်္ဂါအတွင်း ကင်ဆာ ဆဲလ်များနှင့် ပုံစံချင်းတူသည့် ဆဲလ်အစုအဝေးများ ပေါ်ထွက် လာမှုကို တားဆီးနိုင်ကြောင်း သိရသည်။

ပန်ကရိယအင်္ဂါသည် အစာကို ချေဖျက်ရေးနှင့် သွေးအတွင်း သကြားဓာတ် ပါဝင်မှုအဆင့်ကို ထိန်းညှိရေးတို့အတွက် အရေးကြီး သော ကိုယ်တွင်းအင်္ဂါဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## အသားနှင့်နို့အခြေခံအစားအစာများစားသောက်မှုကို လျှော့ချ၍ ဟင်းသီးဟင်းရွက်များ ပိုမိုစားသုံးခြင်းဖြင့် ကင်ဆာရောဂါတချို့ဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဩဂုတ် ၁၅**

အသားနှင့်နို့အခြေခံ အစား အစာများစားသောက်မှုကိုလျှော့ချ ၍ ဟင်းသီးဟင်းရွက်များ ပိုမိုစား သုံးခြင်းဖြင့် ကင်ဆာရောဂါတချို့ ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာ ရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသီးအရွက် အဓိကစားသုံးသူများ သည် အသားအဓိကစားသုံးသူများ ထက် ကင်ဆာရောဂါတချို့ဖြစ်ပွား နိုင်ခြေ သိသိသာသာပိုနည်းပါး ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို ပိုမို စားသုံးသူများသည် အသားစားသုံး သူများထက် အူမကြီးကင်ဆာ ရောဂါဖြစ်နိုင်ခြေ ၂၁ ရာခိုင်နှုန်း၊ အစာအိမ်ကင်ဆာဖြစ်နိုင်ခြေ ၄၅ ရာခိုင်နှုန်း၊ လင်ဖိုးမား ကင်ဆာဖြစ် နိုင်ခြေ ၂၅ ရာခိုင်နှုန်း ပိုနည်းပါး ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

သွေးကင်ဆာရောဂါတစ်မျိုးဖြစ် သော လင်ဖိုးမား ကင်ဆာရောဂါ သည် လူငယ်များကြား အဖြစ် အများဆုံးကင်ဆာရောဂါတစ်မျိုး ဖြစ်ကြောင်း၊ အနီရောင်အသားများ စားသုံးမှုသည် ကင်ဆာရောဂါများ ဖြစ်နိုင်ခြေနှင့် ဆက်စပ်နေနိုင် ကြောင်း နိုင်ငံတကာသုတေသန ပညာရှင်များက ဖော်ထုတ်တင်ပြ ခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## နော်တင်ဟမ်အသင်းက ကွင်းလယ်ကစားသမား မက်ကေတီးကို ခေါ်ယူရန် သဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၁၅**

နော်တင်ဟမ် အသင်းသည် အသက် ၂၂ နှစ်ရှိ မန်စီးတီးကွင်းလယ်ကစားသမား မက်ကေတီးကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မက်ကေတီးသည် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့သဖြင့် ဆေးစစ်မှုခံယူသွားမည်ဖြစ်ကာ ဆေးအောင်ပါက တရားဝင်စာချုပ် ချုပ်ဆိုမည်ဖြစ်သော်လည်း စာချုပ်တွင် မန်စီးတီးအသင်းက ကစားသမား၏ ခြေစွမ်းပိုင်းပေါ်မူတည်၍ ပြန်လည်ခေါ်ယူနိုင်သည့် သဘောတူညီချက် ပါဝင်ခဲ့သည်။

လူငယ်ကစားသမားသည် ပြီးခဲ့သည့်ရာသီက မန်စီးတီးအသင်းကြီးတွင် ပြိုင်ပွဲစုံ ၂၇ ပွဲပါဝင်ကစားခွင့်ရခဲ့ရာတွင် သွင်းဂိုး ခုနစ်ဂိုး သွင်းယူခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ၎င်းအနေဖြင့် ပုံမှန်ပွဲကစားခွင့်ရရှိနိုင်မည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် စိတ်အားထက်သန်ခဲ့သောကြောင့် လက်ရှိအပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မက်ကေတီးသည် မန်စီးတီး လူငယ်ကစားသမား တစ်ဦးဖြစ်သော်လည်း ရှက်ဖီး(U) အသင်းသို့ ဘောလုံးရာသီနှစ်ရာသီခန့် အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရသကဲ့သို့ စီနီယာအသင်းကြီးနှင့် ပြိုင်ပွဲစုံ ၃၄ ပွဲ ပါဝင်ခွင့်ရခဲ့ရာတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းနှင့် ပွဲ ၃၀ ထိပါဝင်ကစားခွင့် ရရှိခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ယခုရက်သတ္တပတ်အတွင်း ဂရီလစ်ကို အဲဗာတန်အသင်းသို့အငှားစေလွှတ်ခဲ့ပြီးနောက် မက်ကေတီးကိုပါ ရောင်းချခဲ့သောကြောင့် အဓိကကစားသမားနှစ်ဦးထိ ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းနည်းပြဖလစ်က ဇူလိုင် ၂၃ ရက်က ခေါ်ယူခဲ့သည့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကို ကစားသမားမှတ်ပုံတင်နိုင်ခြင်းမရှိသေးသဖြင့် လာမည့် စနေနေ့တွင် မာယော့ကာအသင်းနှင့် ကစားရမည့် လာလီဂါအဖွင့်ပွဲစဉ်တွင် အသုံးပြုနိုင်မည်မဟုတ်သောကြောင့် စိတ်ပျက်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- စပါးအသင်းက တောင်ပံကစားသမား ဆာဗင်ဟိုကို ခေါ်ယူရန် ချိတ်ဆက်နေသည့်သတင်းများထွက်ပေါ်လာချိန်တွင် နည်းပြဂွါဒီယိုလာက ကစားသမားအနေဖြင့် မန်စီးတီးအသင်းအတွက် နှစ်ပေါင်းများစွာ ပါဝင်ကစားပေးမည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။
- အင်တာမီယာမီအသင်းနည်းပြ မာရှီယာနိုက ဒဏ်ရာကြောင့် အနားယူနေရသည့် တိုက်စစ်မှူးမက်ဆီသည် လာမည့် လော့အိန်ဂျလိစ်အသင်းနှင့် ကစားမည့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ **ML**

## အမေရိကန် အားကစားလောကတွင် ဂျာစီရောင်းချရမှုအများဆုံးအဖြစ် မက်ဆီနှင့် လီဘရွန်ဂျိမ်းတို့စံချိန်ကို ဆွန်ဟောင်မင် ကျော်ဖြတ်




**ဝါရှင်တန် ဩဂုတ် ၁၅**

အမေရိကန် အားကစားလောကတွင် ဂျာစီရောင်းချရမှုအများဆုံး ကစားသမားအဖြစ် အင်တာမီယာမီအသင်းမှ မက်ဆီနှင့် ဘတ်စကက်ဘောကစားသမား လီဘရွန်ဂျိမ်းတို့စံချိန်ကို လော့အိန်ဂျလိစ်အက်ဖ်စီအသင်းမှ ဆွန်ဟောင်မင်က ကျော်ဖြတ်နိုင်ခဲ့သည်။

ဆွန်ဟောင်မင်သည် စပါးအသင်းတွင် ဆယ်စုနှစ် တစ်ခုကြာကစားခဲ့ပြီးနောက် လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် စပါးအသင်းမှ လော့အိန်ဂျလိစ်အက်ဖ်စီ အသင်းထံ မေဂျာလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

အမေရိကန်နိုင်ငံတွင် အစောပိုင်းနှစ်များက ဘတ်စကက်ဘောအားကစားနည်းကိုသာ အများစုက စိတ်ဝင်စားခဲ့ကြသော်လည်း မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းသို့ မက်ဆီပြောင်းရွှေ့ခဲ့ပြီးနောက် ဘောလုံးအားကစားနည်းမှာ လူစိတ်ဝင်စားမှုပိုမိုရရှိလာခဲ့ပြီး မက်ဆီ အင်တာမီယာမီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့စဉ်ကလည်း ဂျာစီရောင်းချရမှုစံချိန်တင်မြင့်တက်ခဲ့သည်။

ယခုအခါတွင်လည်း လော့အိန်ဂျလိစ်အက်ဖ်စီ အသင်းထံ ဆွန်ဟောင်မင် ပြောင်းရွှေ့လာခဲ့ပြီးနောက် ဆွန်ဟောင်မင်အမည်ပါ လော့အိန်ဂျလိစ်အက်ဖ်စီအသင်းဂျာစီမှာ ပစ္စည်းပြတ်လပ်သည်ထိ ရောင်းချခဲ့ရပြီးနောက် စံချိန်တင်မြင့်တက်ခဲ့ကာ အမေရိကန်အားကစားလောကတွင် ဂျာစီရောင်းချရမှု အများဆုံးအဖြစ်ပါ စံချိန်တင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

## လာလီဂါပြိုင်ပွဲတွင် ကွင်းလယ်ဒိုင်အမည်အပြည့်အစုံပါသည့် အင်္ကျီပြန်လည်အသုံးပြုရန် ဒိုင်ကော်မတီဆုံးဖြတ်

**မက်ဒရစ် ဩဂုတ် ၁၅**

လာမည့် စနေနေ့တွင် စတင်ကျင်းပမည့် လာလီဂါပြိုင်ပွဲများတွင် ကွင်းလယ်ဒိုင်အမည် အပြည့်အစုံပါသည့် အင်္ကျီများကိုသာ ဒိုင်အဖွဲ့များအနေဖြင့် ဝတ်ဆင်သွားရန် စပိန်နည်းစနစ်ပိုင်းဆိုင်ရာ ကွင်းလယ်ဒိုင် ကော်မတီဥက္ကဋ္ဌ ဖရန်ဆိုတိုက ဆုံးဖြတ်ခဲ့သည်။

စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လွန်ခဲ့သည့် ၁၉၆၉ ခုနှစ် ဖရန်စစ္စကိုဖရန်ကို အုပ်ချုပ်စဉ်ကာလအတွင်းက ပရိသတ်များအနေဖြင့် နိုင်ငံခေါင်းဆောင်ကို ဆန့်ကျင်ရန် နိုင်ငံရေးနှင့် ပတ်သက်၍ မှားယွင်းသည့် အပြုအမူများပြုလုပ်မိပါက ဒိုင်များအပေါ် အဆိုးမြင်မှုများပြားလာမည်ကို စိုးရိမ်သောကြောင့် ကွင်းလယ်ဒိုင်ဝတ်ဆင်မည့် အင်္ကျီတွင် နာမည်၏ နောက်ဆုံးစာလုံးသို့မဟုတ် မိသားစုနာမည်ကိုသာ ရိုက်နှိပ်ဝတ်ဆင်ခဲ့ရာမှ ယခုအခါ ကွင်းလယ်ဒိုင်ဝတ်ဆင်မည့် အင်္ကျီများတွင် ၎င်းဒိုင်လူကြီး၏ ပထမအမည်နှင့် နောက်ဆုံးအမည် အပြည့်အစုံကိုသာ ရိုက်နှိပ်ဝတ်ဆင်သွားရန် ဒိုင်ကော်မတီဥက္ကဋ္ဌ ဖရန်ဆိုတိုက အတည်ပြုခဲ့ခြင်းဖြစ်သည်။

စပိန်နိုင်ငံဘောလုံးပြိုင်ပွဲများတွင် ကွင်းလယ်ဒိုင်များအနေဖြင့် ၁၉၇၀ ပြည့်နှစ် မတိုင်မီကာလထိ ဝတ်ဆင်မည့် အင်္ကျီ၏နောက်ကျောတွင် ကစားသမားများအတိုင်း နာမည်၏ ပထမစာလုံးနှင့် နောက်ဆုံးစာလုံးကိုသာ ဝတ်ဆင်အသုံးပြုခဲ့သော်လည်း ၁၉၆၉ခုနှစ်တွင် ဖရန်ကိုအုပ်ချုပ်စဉ်ကာလအတွင်း နိုင်ငံရေးအရ အကဲဆတ်နေသည့်အချိန်တွင် ကွင်းလယ်ဒိုင် အိန်ဂျယ်ဖရန်ကို မာတီနက်ဇ် အနေဖြင့် နာမည်၏ ပထမစာလုံး နှင့် နောက်ဆုံးစာလုံးကိုသာ ရိုက်နှိပ်ဝတ်ဆင်ခဲ့ရပြီးနောက်ပိုင်း ကွင်းလယ်ဒိုင်များအနေဖြင့် နာမည် နောက်ဆုံးစာလုံး သို့မဟုတ် မိသားစုအမည်ကိုသာ နှစ်ကြိမ် ရိုက်နှိပ် ဝတ်ဆင်ခဲ့ကြောင်း သိရသည်။

လက်ရှိ စပိန်ဒိုင်ကော်မတီအဖွဲ့တွင်ပါဝင်သည့် ကွင်းလယ်ဒိုင်ဦးရေ ၂၀ ၏ အမည်စာရင်းများကိုလည်း လာမည့် လာလီဂါ အဖွင့်ပွဲစဉ်ဖြစ်သည့် ဂျီရိုနာအသင်းနှင့် ဗယ်လ်ကာနိုအသင်းတို့ပွဲစဉ်မှ စတင်ကာ တစ်ရာသီလုံး၌ ကစားသမားများအတိုင်း ရိုက်နှိပ်ဝတ်ဆင်သွားမည်ဖြစ်ကြောင်း ကွင်းလယ်ဒိုင် ဂျာဗီယာအယ်ဗာရီလာက တရားဝင် ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

## BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲအမှတ်ပေးဇယားကို မက်အင်တိုင်ရီ ဦးဆောင်

**မယ်ရီလန်း ဩဂုတ် ၁၅**

အမေရိကန်နိုင်ငံ မယ်ရီလန်းပြည်နယ်တွင် ကျင်းပနေသည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် စကော့တလန် ဂေါက်သီးရိုက်ကစားသမား မက်အင်တိုင်ရီက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ဖလက်ဝုဒ်ကသတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

မက်အင်တိုင်ရီအနေဖြင့် မျှော်လင့်မထားသော စွမ်းဆောင်ရည်မျိုးကိုပြသနိုင်ခဲ့ပြီး ပထမနေ့တွင် ကျင်း ခြောက်ကျင်း၌ Birdies ရိုက်ချက်ရရှိခဲ့သည့်အတွက်ကြောင့်လည်းရလဒ်များ ကောင်းမွန်ခဲ့သည်။



မက်အင်တိုင်ရီက "ကျွန်တော့်ရဲ့ ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဒီနေ့ ၁၈ ကျင်းထဲမှာ နောက်ဆုံး ခြောက်ကျင်းရိုက်နိုင်ခဲ့တဲ့ရလဒ်က အကောင်းဆုံးပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နည်းပြ အပြောင်းအလဲလုပ်ခဲ့ပြီး နောက်ပိုင်းမှာ ရလဒ်ပိုင်းကသိသိသာသာကိုတိုးတက်လာခဲ့ပါတယ်။ နည်းပြသစ်ရဲ့ အကြံပေးမှုတွေ သင်ကြား ပြသပေးမှုတွေကြောင့် ကျွန်တော် လုပ်နေကျပုံစံအတိုင်း ပြန်လုပ်ပြလာနိုင်တယ်လို့လဲယူဆပါတယ်။ ဒီလိုပုံစံမျိုးပြန်ကစားနိုင်အောင်လဲ ကျွန်တော်အများကြီးကြိုးစားခဲ့ရတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ရိုးမားအသင်းက ဆန်ချိုကို စတာလင်ပေါင် သန်း ၂၀ ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း အတည်ပြုပြောကြား




ရောမ ဩဂုတ် ၁၅

လက်ရှိနွေရာသီ အပြောင်း အရွှေ့ကာလတွင် မန်ယူအသင်းက ရောင်းချရန် ပြင်ဆင်နေသည့် တောင်ပံကစားသမား ဆန်ချိုကို ရိုးမားအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ ဖြင့် ခေါ်ယူသွားမည်ဟု အတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

ဆန်ချိုသည် ဒေါ့မွန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရပြီးနောက် ဒေါ့မွန် အသင်းနှင့် ချဲလ်ဆီးအသင်းတို့သို့ အငှားစာချုပ်ဖြင့် သွားရောက် ကစားခဲ့ရသော်လည်း အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် အရောင်း စာရင်း တင်သွင်းခဲ့သောကြောင့် ၎င်းအနေဖြင့်အသင်းမှ ထွက်ခွာ ရန်ဆုံးဖြတ်ခဲ့ပြီးနောက် ရိုးမား အသင်းက ခေါ်ယူသွားမည် ဖြစ်သည်။

အသက် ၂၅ နှစ်ရှိ ဆန်ချိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းသို့ အပြီးသတ် ဝယ်ယူခွင့်ပါသည့် တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ သော်လည်း ၎င်းအနေဖြင့် ပုံစံ ကောင်းပျောက်ဆုံးခဲ့သောကြောင့် ချဲလ်ဆီးအသင်းက စာချုပ် ကုန်ဆုံးချိန်တွင် အပြီးသတ် ဝယ်ယူခြင်းမရှိတော့ဘဲ စာချုပ် လျော်ကြေးပေး၍ စာချုပ်ဖျက် သိမ်းခဲ့ကြောင်း သိရသည်။

ဆန်ချိုသည် ကစားသမား ဘဝကို ဒေါ့မွန်အသင်းနှင့် စတင် ခဲ့ပြီးနောက် ဒေါ့မွန်အသင်းတွင် ဘောလုံးရာသီ လေးရာသီ ကစား ခဲ့ရာတွင် ပြိုင်ပွဲစုံ ၁၃၇ ပွဲပါဝင်ခဲ့ ရကာ သွင်းဂိုး ၅၀ ထိ သွင်းယူ ခြေစွမ်းပြသနိုင်ခဲ့ပြီး ကစားသမား ဘဝ အောင်မြင်မှုရရှိခဲ့သော်လည်း မန်ယူအသင်းသို့ပြောင်းရွှေ့ခဲ့ချိန် တွင် ခြေစွမ်းပြသနိုင်ခြင်းမရှိသော ကြောင့် အငှားစာချုပ်များဖြင့်သာ ကျင်လည်ခဲ့ရပြီးနောက် ယခုအခါ ရိုးမားအသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ရိုးမားအသင်းသည် ယခု အပြောင်းအရွှေ့တွင် အဓိက ကစားသမားခေါ်ယူမှုအဖြစ် ဖလာ မင်ဂိုအသင်းမှ ခံစစ်ကစားသမား ဝက်စ်လေနှင့် လန်းအသင်းမှကွင်း လယ်ကစားသမား အယ်အိတ်နူအီ တို့ကိုသာ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဂျန်နစ်ခ်ဆင်နာ တက်ရောက်

အိုဟိုင်းယိုး ဩဂုတ် ၁၅

အမေရိကန်နိုင်ငံ အိုဟိုင်းယိုး ပြည်နယ်တွင် ကျင်းပနေသည့် Cincinnati Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်ပွဲစဉ် တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမား ဂျန် နစ်ခ်ဆင်နာသည် ကနေဒါတင်းနစ် ကစားသမား ဖီလစ်အူကာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင် နာက (၆-၀၊ ၆-၂) ရလဒ်ဖြင့် အနိုင် ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့ တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ကစား သမားဘဝသက်တမ်းတစ်လျှောက် Masters 1000 တင်းနစ်ပြိုင်ပွဲ အမျိုးအစားတွင် ဆီမီးဖိုင်နယ် အဆင့်သို့ ၁၂ ကြိမ်မြောက်တက် ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး hard-court ကွင်းအမျိုးအစားတွင် ၂၅ ပွဲ ဆက်တိုက် အနိုင်ရရှိခဲ့ခြင်းလည်း ဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာသည် ပြိုင်ဘက် ကောင်းတစ်ယောက် ဖြစ်သည့် ဖီလစ်အူကာကို ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပွဲကစားချိန်မှာလည်း ၇၁ မိနစ်သာ ကြာမြင့်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက “ဒီကနေ့ ပွဲစဉ်မှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင် ရည်က ကျွန်တော့်အတွက်တော့ အားရ ကျေနပ်စရာကောင်းတဲ့ စွမ်းဆောင်ရည်ပဲ ဖြစ်ပါတယ်။ ပွဲစတာနဲ့ အကောင်းဆုံးလုပ်ပြ နိုင်ခဲ့တယ်။ ပွဲအစမှာ အခုလိုကစား နိုင်ခဲ့တာဟာ ကျွန်တော့်အတွက် ယုံကြည်မှုတွေကို ပိုပြီးတော့ မြင့်တက်စေခဲ့ပါတယ်။ ပထမ ပွဲငယ်မှာကစားနိုင်ခဲ့တဲ့ စွမ်း ဆောင်ရည်က ပိုကောင်းခဲ့ပါတယ်။ ဒုတိယပွဲငယ်မှာတော့ ဖီလစ်အူကာ ကလဲ အကောင်းဆုံးပြန်ကစား လာနိုင်ခဲ့တဲ့အတွက် ပင်ပန်းခဲ့ ပါတယ်။ ဒါပေမဲ့ အခုလို ပြတ်သားတဲ့ ရလဒ်တွေနဲ့အနိုင် ရခဲ့တာ နောက်တစ်ဆင့်အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာကို အများ ကြီးအထောက်အကူ ဖြစ်စေပါ တယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# AFC Challenge League ပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်မှုတွင် ရှမ်းယူနိုက်တက်အသင်း မဲအိုးနံပါတ် (၂) တွင်ကျရောက်

ရန်ကုန် ဩဂုတ် ၁၅

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် AFC Chall-enge League ပြိုင်ပွဲအတွက် အုပ်စုမဲခွဲရန်မဲအိုးနံပါတ် သတ်မှတ် မှုတွင် ရှမ်းယူနိုက်တက်အသင်း အနေဖြင့် မဲအိုးနံပါတ် (၂) တွင် ကျရောက်နေကြောင်း သိရသည်။

AFC Challenge League ပြိုင်ပွဲ သည် အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် ပြိုင်ပွဲများ တွင်အာရှချန်ပီယံလိဂ်ပြိုင်ပွဲပြီးလျှင် အဆင့်မြင့်မားသည့်ပြိုင်ပွဲဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် အတွက် အုပ်စုအဆင့် တိုက်ရိုက် ဝင်ခွင့်ရရှိခဲ့ပြီး အဆင့် ၂ နေရာမှ ရန်ကုန်ယူနိုက်တက် အသင်းက Play – off အဆင့်မှ ဝင်ခွင့်ရရှိခဲ့ သော်လည်း လာအိုကလပ် Ezra FC အသင်းကို ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

AFC Challenge League ပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက် တွင် မဲအိုးနံပါတ် ၁ တွင် ဖိလစ်ပိုင် ကလပ် Manila Digger အသင်း၊ အင်ဒိုနီးရှားကလပ် Dewa United အသင်း၊ မဲအိုးနံပါတ် ၂တွင် ရှမ်း ယူနိုက်တက်အသင်း၊ ကမ္ဘော ဒီးယားကလပ် Preah Khan Reach Savy Rieng အသင်း၊ မဲအိုး နံပါတ် ၃ တွင် တရုတ်(တိုင်ပေ) ကလပ် Tainan City အသင်း၊ မွန်ဂိုလီးယားကလပ် SP Falcons အသင်းမဲအိုးနံပါတ် ၄ တွင် လာအို ကလပ် Ezra Fc အသင်းနှင့် ကမ္ဘော ဒီးယားကလပ် Phnom Penh Cro-wm အသင်းတို့ ပါဝင်နေသည်။

AFC Challenge League ပြိုင်ပွဲ အုပ်စုမဲခွဲမှုကို ဩဂုတ် ၂၈ ရက်တွင် မလေးရှားနိုင်ငံ၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ STA

# ချဲလ်ဆီးအသင်းက လီဗာပူးအသင်းမှ ကိုနာတီကို ခေါ်ယူရန် ဆက်လက်ကြိုးပမ်း

လန်ဒန် ဩဂုတ် ၁၅

ချဲလ်ဆီးအသင်းက လီဗာပူး အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အဆင်မပြေဖြစ်နေပြီး အနာဂတ် မရေမရာဖြစ်နေသည့် ခံစစ်ကစားသမား ကိုနာတီကို ခေါ်ယူရန် ဆက်လက်ကြိုးပမ်း နေကြောင်း သိရသည်။




ကိုနာတီနှင့် လီဗာပူးအသင်း တို့စာချုပ်သက်တမ်းမှာ တစ်နှစ် သာကျန်ရှိတော့ပြီး လီဗာပူး အသင်းက လက်မလွှတ်လိုသည့် အတွက် သက်တမ်းတိုးစာချုပ် သစ်ချုပ်ဆိုရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း ကိုနာတီ ကိုယ်တိုင်က အသင်းမှ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာလို နေသည့်အတွက် သက်တမ်းတိုး စာချုပ်ကမ်းလှမ်းမှုကို ပယ်ချခဲ့ ခြင်းဖြစ်သည်။

အစောပိုင်းက ကိုနာတီ အနေဖြင့် အသင်းနှင့် စာချုပ် သက်တမ်း ကုန်ဆုံးချိန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက် ခွာပြီး ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ပင်ရရှိထားသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ချဲလ်ဆီး အသင်းက အသင်းမှ ခံစစ်ကစား သမားကိုးလ်ဝဲအနေဖြင့် ဒူးဒဏ်ရာ ကြောင့် ကာလရှည်အနားယူရ မည်ဖြစ်သည့်အတွက် ကိုနာတီ ကိုခေါ်ယူရန် ပထမအကြိမ် ကြိုးပမ်းခဲ့သော်လည်း လီဗာပူး အသင်းက ပယ်ချခဲ့ခြင်း ဖြစ်သည်။

လက်ရှိတွင် ကိုနာတီကို ရီးရဲလ်မက်ဒရစ် အသင်းအပြင် ဘာစီလိုနာအသင်းကပါ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကြိုးပမ်းနေသောကြောင့် ချဲလ်ဆီး အသင်းက လက်ရှိအပြောင်းအရွှေ့ ကာလမပြီးဆုံးမီ ခေါ်ယူနိုင်ရန် ဒုတိယအကြိမ်အဖြစ် ပြောင်းရွှေ့ ကြေးတိုးမြှင့်ကမ်းလှမ်းရန် ကြိုးပမ်း နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# မန်ယူအသင်းက ဘရိုက်တန်အသင်းမှ ကွင်းလယ်ကစားသမား ဘာလီဘာကို ခေါ်ယူရန် သဘောတူညီမှုရရှိ

မန်ချက်စတာ ဩဂုတ် ၁၅

မန်ယူအသင်းက အသင်းကွင်း လယ်ပိုင်းအတွက် ဘရိုက်တန် အသင်းမှ ကွင်းလယ်ကစားသမား ဘာလီဘာကို ခေါ်ယူရန် ကလပ် အသင်းနှစ်ခုကြား သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် လက်ရှိ အပြောင်းအရွှေ့ကာလတွင် အသင်း ကစားသမားစာရင်းကို ကြီးကြီး မားမားအပြောင်းအလဲလုပ်ဆောင် နေပြီး လာမည့်ဘောလုံးရာသီတွင် အောင်မြင်မှုရယူနိုင်ရန် နည်းပြ အာမိုရင်က ကစားသမားသစ်များ ခေါ်ယူ အင်အားဖြည့်တင်းနေခြင်း ဖြစ်သည်။

နည်းပြအာမိုရင်က လက်ရှိ အပြောင်းအရွှေ့ကာလတွင် အသင်း တိုက်စစ်ပိုင်း စတင်ပြင်ဆင်နေပြီး ဝုဗ်အသင်းမှ ကန်ဟာ၊ ဘရန့်ဖို့ဒ် အသင်းမှ အမ်ဘူမိုနှင့် လိုက်ပ်ဇစ် အသင်းမှ ဆက်ကိုတို့ကို အင်အား ဖြည့်တင်းခဲ့ခြင်းဖြစ်သည်။

ထို့နောက် နည်းပြအာမိုရင်က အသင်းကွင်းလယ်ပိုင်းတွင် အဲရစ် ဆင်ကို စာချုပ်သက်တမ်းကုန်ဆုံး ပြီး လမ်းခွဲခဲ့သကဲ့သို့ ကက်စ်မီရို မှာလည်း အသက်အရွယ်အပိုင်း အခြားကြောင့် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရပြီး အူဂါတေးကိုသာ အားထားနေရသည့်အတွက် ကွင်း လယ်ပိုင်းကို ထပ်မံဖြည့်တင်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းက ဆက်ကိုအား ခေါ်ယူနိုင်ခဲ့ပြီး ဘာလီဘာကို ဦးစားပေးပစ်မှတ်အဖြစ် ကြိုးပမ်း ခဲ့ပြီးနောက် ဘရိုက်တန်အသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေး သတ်မှတ်ထားသည့်အတွက် ကြန့် ကြာခဲ့သော်လည်းယခုအခါ ကလပ် နှစ်သင်းကြား သဘောတူညီမှုရရှိခဲ့ ပြီး ပြောင်းရွှေ့ကြေးကို မဖော်ပြခဲ့ သော်လည်း မန်ယူအသင်းအနေဖြင့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ နှင့် အထက်ပေးချေဖွယ် ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

**ဆူးသစ်**

# ရွှံ့ထဲက ကျောက်တုံးများ

**❖လူငယ်ဆိုသည်က လမ်းခင်းခဲ့သော ရွှံ့ထဲက ကျောက်တုံးလေးများလိုပင်။ ၎င်းတို့ကို မသုံးတတ်၍၊ မေ့နေ၍၊ မသုံးချင်၍ လမ်းဘေးမှာ၊ အမှိုက်ပုံမှာ၊ လယ်ကွက်တွေထဲမှာထားလျှင် ထားသည့်အတိုင်းနေပေလိမ့်မည်။ ထိုသို့နေရင်းမှ အခန့်မသင့်လျှင် ဟိုလူနင်း၊ ဒီလူနင်း၊ ဟိုလူစွန့်ပစ်၊ ဒီလူစွန့်ပစ်နှင့် လူ့အသိုင်းအဝိုင်းမှ စွန့်ပယ်ခံရကာ မြေကြီးထဲ နစ်မြုပ်ပျောက်ကွယ်သွားနိုင်လေသည်။ တူရာတူရာလည်း သွားစုနိုင်ပေသေးသည်။ ထိုရွှံ့ညွန်ထဲက ကျောက်တုံးများကို နေရာမှန်ပေး၍ လိုအပ်သောနေရာသို့ပို့ခဲ့လျှင် ၎င်းတို့၏တန်ဖိုးများက ပြောမပြနိုင်လောက်အောင် များပြားပေတော့မည်။ ❖**

**ယမန်နေ့မှအဆက်**

မိုးတွင်းကြီးမို့ ကွင်းပြင်ထဲရှိ ကျွန်တော်တို့ လျှပ်စီးလက်သည်ကိုမြင်လျှင် ကြောက်လွန်း၍ ကုန်းဝပ်ရသည်လည်းရှိ၏။ မိုးမိ၍ချမ်းသော်လည်း လမ်းမြန်မြန်ကောင်းချင်စိတ်ကြောင့် ဘာမျှသိပ်ဂရုမစိုက်နိုင်တော့ပေ။ ရုံဖန်ရုံခါကားဂိတ်နားမှာ ကျောက်ခဲသွားကောက်မိ၍ လူတွေကကြည့်နေလျှင်၊ အထူးသဖြင့် သူတို့နှင့်ရွယ်တူကောင်မလေးတွေပါနေလျှင် သူတို့မနေတတ်ဘဲ ရှက်နေသည်ကို ကျွန်တော်သိသည်။ သူတို့အရွယ်လေးတွေ လမ်းဘေးမှာ ကျောက်ခဲကောက်နေသည်ကို လူတွေက အမျိုးမျိုးထင်နိုင်သည်။ ကျွန်တော်တို့ကောက်နေသော ကျောက်တုံးများကို လမ်းဖို့ရန်ဟု မြင်မှာမဟုတ်၊ အိမ်ထဲမှာဖို့ရန်ဟုသာ တွက်ကြလေမည်။

ထိုကဲ့သို့ ကြုံရသည့်အခါမျိုး ရက်နည်းနည်းကြာနိုင်သည်ဆိုသောအတွေးမျိုးတွေးမိလျှင် သူတို့စိတ်ပျက်သွားတတ်သည်။ ထိုအခါ ကျွန်တော်က သူတို့ထဲမှာ အသက်အကြီးဆုံးမို့ သူတို့စိတ်မပျက်အောင် အားပေးရသည်။ သူတို့တွေထဲမှာ ရုပ်ချောသူ၊ ကောင်မကလေးတွေသဘောကျသောရုပ်ရည်ရှိသူမျိုးတွေပါ၏။ ကျွန်တော်က ကိုယ့်ထက်ငယ်သည့် လူငယ်တွေကို သူတို့သဘောကျမည့်စကားမျိုး ရှာပြောပေးသည်။

ယခုဘဝမှာ ရုပ်ရည်ချောမောလှပသူ ဖြစ်လာရခြင်းမှာ ယခင်က ကောင်းသောအလုပ်တွေ လုပ်ခဲ့၍ ဖြစ်ကြောင်း၊ ယခုလိုလမ်းဖို့ခြင်း၊ လမ်းပြင်ခြင်းသည် သိကြားမင်းဖြစ်ကိန်းရှိသည့် ကုသိုလ်မျိုးဖြစ်ကြောင်း၊ ယခုဘဝရုပ်လှသလို နောက်ဘဝမှာ ပိုလှပြီး၊ ယခုဘဝ ကောင်မကလေးများသဘောကျသလို၊ နောင်ဘဝမှာ ပိုသဘောကျဦးမှာဖြစ်ကြောင်း ကျွန်တော်ကြားဖူးနားဝရှိသောစကားများပြောပြသည့်အခါ သူတို့တွေအားလုံး ကျေနပ်စွာပြုံးကြလေသည်။ တကယ်တော့ သူတို့တွေမှာ ရုပ်အလှမရှိရင်တောင်မှ စိတ်အလှရှိနေသည်ကို ကျွန်တော်မြင်တွေ့နေရသည်။

သည်လိုနှင့် ကျွန်တော်တို့လမ်းကလေးမှာ နဂိုရှိသော ကျောက်တုံးများ၊ ဖော်သင့်တာဖော်၊ ဖို့သင့်တာဖို့နှင့် မိုးထဲရေထဲမှာ ကျွန်တော်နှင့် လူငယ်လေးများ ကြိုးစားလိုက်ကြသည်မှာ လမ်းကလေးသည်လူသွားရန်၊ လမ်းထိပ်ကို ချောချောမောမောရောက်ရန်၊ လူသွားလမ်းတစ်လမ်းစာ အဆင်ပြေသွားပါသည်။ ပြီးဆုံးသွားသည့်နေ့ရလဒ်ကတော့ ကြီးကြီးမားမား မဟုတ်သော်လည်း ယခင်ထက်သာလွန်သော လမ်းကလေးမှာ လမ်းထဲကလူတွေ သွားလာပုံကိုကြည့်ပြီး ကျွန်တော်တို့ကြည်နူးရခြင်း၊ ကျွန်တော်တို့ကိုယ်တိုင် ကျောက်တုံးများပေါ်မှာ နင်းနေရသော၊ ကျွန်တော်တို့ကိုယ်တိုင် သိရှိရသော ခံစားရခြင်းနှင့် နောက်ဆုံးလမ်းထဲက အိမ်တစ်အိမ်က ကျွန်တော်တို့တစ်လမ်းလုံးဖို့ပြီးချိန်မှာ လူငယ်တွေကို အားပေးချင်၍ အိမ်မှာဘာမျှမလုပ်နိုင်သောကြောင့် လက်ဖက်ရည်တိုက်ပါရစေဆိုပြီး လက်ဖက်ရည်ဖိုး ထုတ်ပေးလာခြင်းဖြစ်သည်။

တကယ်တော့ ကျွန်တော်တို့စိတ်ထဲမှာ လုပ်အားတစ်ခုက ဖြစ်မြောက်လာသော ဝမ်းမြောက်ခြင်းမှလွဲ၍ ဘာမျှမမျှော်မှန်းခဲ့။ ထို့ကြောင့်လည်း ရလာသောလက်ဖက်ရည်ဖိုးကို ကျွန်တော်က လူငယ်ကလေးများလက်ထဲသို့သာ အကုန်ထိုးပေးလိုက်သည်။ သူတို့တွေကတော့ ပင်လည်းပင်ပန်းနေ၊ အလုပ်ပြီးပြီဖြစ်၍ "ဟေး"ဟုအော်ကာ ညဘက်လက်ဖက်ရည်ဆိုင်ထိုင်ရန်ညှိနှိုင်းပြီး အိမ်သို့ပြန်သွားကြလေတော့သည်။

အထက်ပါဖြစ်စဉ်အားလုံးကို ခြုံကြည့်လိုက်သောအခါ ကျွန်တော်မြင်တွေ့လိုက်ရသည်က လူငယ်စိတ်ဓာတ်ဖြစ်သည်။ ဖြစ်ရပ်တစ်ခုကို ကြည့်ရုံနှင့်ကောက်ချက်မချနိုင်ပါဟုဆိုသော်လည်း ထိုဖြစ်ရပ်မှာပါနေသည်က ကျွန်တော်ကလွဲလျှင် ဆယ်ကျော်သက် လူငယ်များချည်းပင်။

လူငယ်တို့၏သဘောက ရိုးရှင်းသည်။ သူတို့က တစ်ဖက်ကို အာရုံဝင်စားမှုရှိသည်။ တစ်ဖက်၏ ပြောင်းလဲမှုအပေါ်လိုက်၍ ပြောင်းလဲလွယ်သည်။ သူတို့က ရေနှင့်တူသည်။ ထည့်ချင်သည့်ပုံစံခွက်ထဲ ထည့်ကြည့်လျှင် ထိုခွက်အတိုင်း ပုံစံပြောင်းသွားသည်။ အပေါင်းအသင်းကို ခင်မင်တတ်သည်။ မှားသည်၊ မှန်သည်ကို ခွဲခြားရန်ထက် စိတ်ထဲမှာကျေနပ်လျှင် မည်သည့်အလုပ်ကိုမဆို လုပ်ရဲသည်။ ၎င်းတို့လုပ်အားကို အသိအမှတ်ပြုစေချင်သည်။ လုပ်အား၏ပြီးမြောက်မှုကို ပြင်းထန်စွာတပ်မက်သူများဖြစ်သည်။ ဒါက ကျွန်တော်ကောက်ချက်ချမိသည်များဖြစ်သည်။

ထိုအခါ သူတို့ကိုပုံဖော်နေသော ပတ်ဝန်းကျင်သည် မည်မျှအရေးပါကြောင်းကိုလည်း ကျွန်တော်တွေ့လာရသည်။ ဤအချက်ကိုလည်း သူတို့ကပင် ပြန်၍ သက်သေခံသွားသည်။

လွန်ခဲ့သော နှစ်နှစ်လောက်က ကျွန်တော်တို့ လမ်းဖို့စဉ်က ကူညီခဲ့သော ထိုလူငယ်လေးများထဲမှ အချို့လူငယ်ကလေးများ ယခု လမ်းဘေးရောက်နေသည်။ အချို့အပေါင်းအသင်းကြောင့် ရိုက်ပွဲဖြစ်ကာ တရားရုံးရောက်ခဲ့ရသည်။ အချို့က ဝမ်းစာအတွက်ဟုဆိုကာ ဥပဒေနှင့်မလွတ်ကင်းသော နှစ်လုံးတိုက်ချဲထီကို ကိုယ်စားလှယ်လုပ်ကာ ရောင်းနေသည်။ အချို့ကတော့ လက်ဖက်ရည်ဆိုင် အထိုင်မပျက်။ ဘာအလုပ်မျှမလုပ်။ ကျောင်းစာမှာလည်း မအောင်မြင်တော့။ လွန်ခဲ့သောနှစ်နှစ်က တော်တော်လေးဖြူခဲ့သောအဖြူရောင် ယခုသူတို့ကိုယ်ပေါ်မှာ အရောင်တချို့ စွန်းထင်းနေပေပြီ။

အကုန်လုံး မကောင်းဘဲဖြစ်ကုန်သည်တော့မဟုတ်။ လူငယ်တချို့လည်း ကျောင်းမတက်တော့သည့်တိုင် အလုပ်ကောင်းကောင်းလုပ်ကာ ကြိုးကြိုးစားစားနှင့် ဘဝကို ရုန်းကန်နေသူများလည်း ရှိပါသည်။

ဘယ်အခြေအနေမှာဖြစ်ဖြစ်၊ ၎င်းတို့အားလုံးတူညီသော ထူးခြားချက်တွေကတော့ ကြွင်းကျန်နေမြဲ။ သူငယ်ချင်းတစ်ဦးအိမ်မှာ ခြံစည်းရိုးခတ်ရန်လူလိုသောကြောင့် သူငယ်ချင်း၏အဖေက ၎င်းတို့နှင့်မတည့်သော်လည်း လေးလေးစားစားဆက်ဆံကာ ခြံစည်းရိုးဝိုင်းခတ်ပေးခဲ့ကြရာ လက်ဖက်ရည်တိုက်ခဲ့တာမျိုးလည်း သူတို့တွေကြားမှာဖြစ်တတ်သည်။ အလှူအတန်း၊ သာရေး၊ နာရေးများတွင်လည်း သူငယ်ချင်းများ တစ်စုတည်းတွေ့ရမြဲ။ ထိုသို့ ၎င်းတို့က ဝိုင်းလုပ်ပြီး ဝိုင်း၍အားရပါးရစားကြတာမျိုးချည်းပင်။ တစ်ဦးနှင့်တစ်ဦး ရှက်တတ်သည့်စိတ်ကလေးပင် မဝင်ကြ။

သည်တော့ ပုံစံအမျိုးမျိုးသာကွဲသွားသည်။ သဘောထားမပြောင်းသော ပတ်ဝန်းကျင်၏အရိုက်အခတ်က လူငယ်ကလေးများအပေါ် မည်မျှသက်ရောက်နိုင်သနည်းဆိုသောအချက်ကို သေသေချာချာစဉ်းစားမိတော့သည်။

၎င်းတို့၏ ရဲတင်းမှု၊ ပွင့်လင်းမှု၊ ခွန်အား၊ စိတ်ဓာတ်၊ အဓိကအကျဆုံး ရိုးသားမှုတွေကို ဘဝအတွေ့အကြုံရင့်ကျက်သောလူကြီးများက မည်သို့ဖော်ဆောင်၍ မည်သို့အသုံးချမည်နည်း။ စစ်မှန်သောစေတနာအရင်းခံပြီး ရလာနိုင်သည့် ရလဒ်ကောင်းများကို မြင်အောင်ပြသ၍ သူတို့မှ အသိနှင့်လုပ်ချင်လာအောင် ဝိုင်းဝန်းကြိုးစားခြင်းက မကောင်းပြီလော။ ကျွန်တော်တို့လမ်းခင်းခဲ့သော ဖြစ်စဉ်လေးကို အနီးဆုံးမြင်ကြည့်ပါ။ ၎င်းတို့စိတ်ဓာတ်နှင့်လုပ်ရပ်ကို မြင်နိုင်သည်မှာ အထင်အရှားပင်။

လူငယ်၏သဘောကို နားလည်လျှင် ကျွန်တော်တို့လျှောက်ရမည့် ရှေ့ခရီးသည် ပို၍ချောမွေ့လာပါလိမ့်မည်။ ထိုသို့ ချောမွေ့ရန် လူငယ်များအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်များစွာကို ဖန်တီးပေးနိုင်ရပါမည်။ အကျိုးရှိသောအနာဂတ်ကို လမ်းညွှန်ပေးနိုင်ရပါမည်။ အဓိကကတော့ ၎င်းတို့၏ အကျင့်စရိုက်၊ စာရိတ္တ၊ လူမှုရေးစိတ်ဓာတ်ဖွံ့ဖြိုးအောင်၊ ပျိုးထောင်ပေးကာ လူကြီးနှင့် လူငယ်ကြားမှ အမြင်ကွာဟမှုများကို နည်းနိုင်သမျှနည်းအောင် လုပ်ဆောင်ပေးရမည်။ သို့မှသာ လူကြီးနှင့် လူငယ် အပြန်အလှန်နားလည်ပေးနိုင်သော လေးစားမှုဆိုတာမျိုးလည်း ရလာမှာဖြစ်ပေသည်။

စင်စစ် လူငယ်ဆိုသည်က လမ်းခင်းခဲ့သော ရွှံ့ထဲက ကျောက်တုံးလေးများလိုပင်။ ၎င်းတို့ကို မသုံးတတ်၍၊ မေ့နေ၍၊ မသုံးချင်၍ လမ်းဘေးမှာ၊ အမှိုက်ပုံမှာ၊ လယ်ကွက်တွေထဲမှာထားလျှင် ထားသည့်အတိုင်းနေပေလိမ့်မည်။ ထိုသို့နေရင်းမှ အခန့်မသင့်လျှင် ဟိုလူနင်း၊ ဒီလူနင်း၊ ဟိုလူစွန့်ပစ်၊ ဒီလူစွန့်ပစ်နှင့် လူ့အသိုင်းအဝိုင်းမှ စွန့်ပယ်ခံရကာ မြေကြီးထဲ နစ်မြုပ်ပျောက်ကွယ်သွားနိုင်လေသည်။ တူရာတူရာလည်း သွားစုနိုင်ပေသေးသည်။

ထိုရွှံ့ညွန်ထဲက ကျောက်တုံးများကို နေရာမှန်ပေး၍ လိုအပ်သောနေရာသို့ပို့ခဲ့လျှင် ၎င်းတို့၏တန်ဖိုးများက ပြောမပြနိုင်လောက်အောင် များပြားပေတော့မည်။ ကြမ်းတမ်းခက်ခဲသောလမ်းကို ၎င်းတို့အစွမ်းဖြင့် လမ်းသစ်ဖွင့်ကာ လိုရာကိုလွယ်ကူစွာရောက်အောင် ပို့ဆောင်ပေးပါလိမ့်မည်။ ထိုအခါမျိုး၌ ရွှံ့ထဲမှရှိနေသည့်တိုင် ၎င်းတို့တန်ဖိုးနှင့် သူတို့အကျိုးပြုမှုက မသေးတော့တာ ကျွန်တော်မြင်တွေ့ခံစားနိုင်ပါ၏။

ယခု ရာသီတွေ တစ်ပတ်လည်ပြန်ပါပြီ။ မိုးရိပ်မိုးငွေ့တွေ ကောင်းကင်မှာ ဆင်နေကြပြီဖြစ်၏။ ကျွန်တော်တို့လမ်းကလေးထဲမှာ ခင်းထားသော ကျောက်တုံးများကတော့ မြေသားအမာပေါ်မှာ တင်းတင်းခံလျက်။ မိုးကျလာသော် ကျောက်တုံးများ ရွှံ့ဗွက်ထဲမှာ ဆက်ပြီးတာဝန်ကျေနေပေဦးမည်။

လမ်းထဲကို ပြောင်းလာသော အိမ်သစ်မှာ ကားပါ၍ကားနှင့် ဖြတ်ကြိတ်တာလည်း သူတို့ခံပေဦးမည်။ ထိုအိမ်ရှင်က သူတို့တွေကို တွေ့သွားပြီး မိုးတွင်းမှာ သူတို့အားနှင့်မမျှ၍ မခံနိုင်မှာစိုးသောကြောင့် သူတို့ဘေးမှာ အုတ်ခဲကျိုးတွေ အစီအရီချလိုက်သည့်အခါ သူတို့က မြေသားအမာကြားမှာ အနေအထားမပျက်တည်နေဆဲ။

သူတို့ကိုအားယူ၍ဘေးကဝိုင်းဖွဲ့ရသည့်သဘော၊ သူတို့ကို တော်ရုံနှင့်လည်း ချေဖျက်၍မရနိုင်တော့။

တကယ်တော့ သည်ကျောက်တုံးများကို လူငယ်ကလေးများသယ်ခဲ့ခြင်းဖြစ်သော်လည်း ထိုလူငယ်ကလေးများကိုယ်တိုင်က ရွှံ့ထဲက ကျောက်တုံးများလိုဖြစ်ကြသည်ကို မသိကြ။ ပတ်ဝန်းကျင်ကောင်းသို့မဟုတ် ပြုစုပျိုးထောင်ပေးသူနှင့်တွေ့လျှင် တန်ဖိုးရှိသောသူများဖြစ်ကာ မတွေ့ခဲ့လျှင် လူ့အသိုင်းအဝိုင်းပြင်ပတွင် တန်ဖိုးမဲ့နေကြရမည်မှာ လူငယ်များပင်ဖြစ်သည်။

သို့သော် ပတ်ဝန်းကျင်ကောင်းမရှိ၍ ဖော်ဆောင်သူမရှိ၍ လူငယ်တွေ စိတ်ဓာတ်ကျစရာတော့မရှိ။ ကျောက်တုံးများကိုမြင်လျှင်ပင် ကိုယ့်ကိုယ်ကိုယ် သတိထား၍ ဆင်ခြင်သင့်သည်။ ရွှံ့ထဲမှာနစ်သော ကျောက်တုံးများသော်မှ နိုင်သလောက်စွမ်းခွင့်ရသေးလျှင် သင်တို့ ဘာကြောင့်မစွမ်းနိုင်ရမည်နည်း။

ကျွန်တော်ကတော့ ရွှံ့ထဲက ကျောက်တုံးများကို မြင်တိုင်း၊ စွမ်းသောလူငယ်များကို သတိရမိသလို လူငယ်များအတွက် ပိုမိုကောင်းမွန်သောအခြေအနေသို့ရောက်အောင် ဖန်တီးဖော်ဆောင်ပေးနိုင်မည့် ပတ်ဝန်းကျင်ကောင်းဆိုသည်ကိုလည်း မျှော်လင့်နေမိတော့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံထုတ် Wing Loong II မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်က အာဖရိကနှင့်တောင်အာရှ စစ်ဘက်နယ်ပယ်အသီးသီးတွင် နေရာယူလာ



တရုတ်နိုင်ငံ၏ Wing Loong-II (WL-2) မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်သည် အာဖရိကအရှေ့အလယ်ပိုင်းဒေသနှင့်တောင်အာရှဒေသ စစ်ဘက်နယ်ပယ်အသီးသီးတွင် နေရာယူလာသည်ကို တွေ့ရှိရကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ Aviation Industry Corporation of China လက်အောက်ခံ Chengdu Aircraft Corporation က ထုတ်လုပ်ထားသည့် ၎င်းမောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်ကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) အပြင် အခြားနိုင်ငံများမှ ဝယ်ယူအသုံးပြုလျက်ရှိသည်။

ပြည်တွင်းသုံး GJ-2 အမည်ဖြင့် ၂၀၁၈ ခုနှစ်ကတည်းက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) တပ်မတော်တွင် စတင်အသုံးပြုခဲ့ပြီး ထိုင်ဝမ်ရေလက်ကြားတစ်ဝိုက်နှင့် တောင်တရုတ်ပင်လယ်ပေါ်တွင် ကင်းလှည့်ခြင်း၊ လက်တွေ့ပစ်ခတ်မှု လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

၂၀၁၆ ခုနှစ် Zhuhai လေကြောင်းပြပွဲတွင် ပထမဆုံးမိတ်ဆက်ခဲ့ပြီးနောက် တစ်နှစ်တွင် ပထမဆုံးပျံသန်းနိုင်ခဲ့သည့် WL-2မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်သည် ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးတာဝန်များအတွက် ရည်ရွယ်ထုတ်လုပ်ထားသည့် အလယ်အလတ်အမြင့်ပျံလေထဲတွင် အချိန်ကြာမြင့်စွာ အသုံးပြုနိုင်သည့် (MALE) အမျိုးအစား မောင်းသူမဲ့လေယာဉ်ဖြစ်သည်။ အလျား ၁၁ မီတာ၊ တောင်ပံအကျယ် ၂၀ ဒသမ၅ မီတာရှိပြီး ၎င်း၏ လေခွင်းအားသည် အမေရိကန်ထုတ် MQ-9 Reaper နှင့် ဆင်တူသည်။

အမြင့်ဆုံးပျံတက်နိုင်သည့် အလေးချိန်မှာ ကီလိုဂရမ် ၄၂၀၀ ဖြစ်ပြီး တောင်ပံအောက်တွင် တင်ဆောင်နိုင်သည့် payload အလေးချိန်မှာလည်း ကီလိုဂရမ် ၄၈၀ သာရှိသည်။ အများဆုံး အလျင်နှုန်းမှာ ၃၇၀ ကီလိုမီတာ၊ အမြင့်ပေ ၉၀၀၀ နှင့် အကွာအဝေးမှာ ၁၅၀၀ ကီလိုမီတာထိ ပျံသန်းနိုင်စွမ်းရှိသည်။ တရုတ်နိုင်ငံထုတ် WL-2 မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်တွင် မြင်းကောင်ရေ ၅၀၀ မှ ၆၀၀ စွမ်းအားရှိ WJ-9 turboprop အင်ဂျင်အသုံးပြုထားကြောင်း သိရသည်။

WL-2 မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်တွင် နည်းပညာဆိုင်ရာ ထူးခြားချက်များအနေဖြင့် တရုတ်နိုင်ငံ၏ Bei-Dou ဂြိုဟ်တုလမ်းညွှန်စနစ်ကို အသုံးပြုထားပြီး ပြိုင်ဘက်များနှင့်ရင်ဆိုင်ရသည့် အခြေအနေတွင် GPS အချက်ပြမှုများ မရရှိသည့်တိုင် လုံခြုံစိတ်ချရမှုရှိစွာ လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA) ၏ တပ်မတော်သုံးအဖြစ်သာမကဘဲ WL-2 မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ကို နိုင်ဂျီးရီးယား၊ ဆော်ဒီအာရေဗျ၊ ပါကစ္စတန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ မော်ရိုကိုနှင့် လစ်ဗျားအပါအဝင် နိုင်ငံများစွာသို့ တင်ပို့ရောင်းချခဲ့သည်။ ၎င်းနိုင်ငံများက သောင်းကျန်းသူ ပုန်ကန်မှုနှိမ်နင်းရေးစစ်ဆင်ရေးများမှ သမားရိုးကျတိုက်ခိုက်ရေးတာဝန်များထိစစ်ဆင်ရေးပတ်ဝန်းကျင်အမျိုးမျိုးတွင် အသုံးပြုခဲ့ကြသည်။ ဤသို့ ပြည်ပတင်ပို့ရောင်းချမှုများသည် ကွဲပြားခြားနားသော စစ်ဆင်ရေးအခြေအနေများနှင့် လက်နက်ကိုင်တပ်ဖွဲ့များအတွက် ၎င်း၏ လိုက်လျောညီထွေမှုရှိခြင်းနှင့် ဆွဲဆောင်မှုရှိသည်ကို သက်သေပြနေခြင်းပင်ဖြစ်ကြောင်း သိရသည်။

**Analysis: The Wing Loong II Drone and China's rise in the global armed UAV market.** ကို ဘာသာပြန်ဆိုထားပါသည်။

## တူကီယဲBaykar ကုမ္ပဏီကTB3 တိုက်ခိုက်ရေးဒရုန်းတွင် AI နည်းပညာသုံးဒရုန်းတပ်ဆင်၍ ပစ်မှတ်ကိုတိကျစွာဖျက်ဆီးနိုင်ခဲ့

တူကီယဲနိုင်ငံ Baykar ကုမ္ပဏီသည် ရေတပ်သုံး TB3 တိုက်ခိုက်ရေးဒရုန်းတွင် AI နည်းပညာသုံး Kemankes-1 အသေခံတိုက်ခိုက်ရေးဒရုန်းတပ်ဆင်၍ ပစ်မှတ်ကို တိကျစွာ ထိမှန်ဖျက်ဆီးနိုင်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

TB3 တိုက်ခိုက်ရေးဒရုန်းနှင့် Kemankes-1 ဒရုန်းပေါင်းစပ်လိုက်ခြင်းသည်တူကီယဲနိုင်ငံ၏ ရေပြင်နှင့် ကမ်းရိုးတန်းတိုက်ခိုက်ရေးစွမ်းရည်ကို သိသိသာသာ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ဤနည်းဗျူဟာသည် တန်ဖိုးမြင့်ပစ်မှတ်များကို အဝေးမှ တိုက်ခိုက်နိုင်ပြီး ရန်သူ့လေကြောင်း ကာကွယ်ရေးစနစ်များနှင့်ထိတွေ့နိုင်မှုအန္တရာယ်ကို လျှော့ချပေးနိုင်သည်။ ၎င်းသည် တူကီယဲနိုင်ငံ၏ရေတပ်အင်အားအတွက် မဟာဗျူဟာမြောက် အကျိုးဆက်များရှိနေပြီး NATO မဟာမိတ်အဖွဲ့၏ ဒေသတွင်းစွမ်းရည်များကို အားဖြည့်ပေးနိုင်မည်ဖြစ်သည်။

Baykar ထုတ် TB3 တိုက်ခိုက်ရေးဒရုန်းသည် ရေတပ်အတွက် အထူးပြုလုပ်ထားသည့်မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်အမျိုးအစားဖြစ်သည်။ တောင်ပံများကို ခေါက်သိမ်းနိုင်သောကြောင့် TCG Anadolu LHD ကဲ့သို့သော ရေတပ်သင်္ဘောများပေါ်တွင် အလွယ်တကူ ပျံတက်၊ ဆင်းသက်နိုင်သည်။ လေထဲတွင် ၂၁ နာရီမှ ၃၂ နာရီထိ ပျံသန်းနိုင်သည့် စွမ်းရည်နှင့်အတူ ရေပြင်တွင် ရန်သူ့ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးတာဝန်များကို အချိန်ကြာမြင့်စွာ လုပ်ဆောင်နိုင်သည်။

TB3 တိုက်ခိုက်ရေးဒရုန်းသည် အမျိုးမျိုးသော ဒရုန်းများကို သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။ Kemankes-1 ဒရုန်းကို TB3 ဒရုန်းမှ ပစ်လွှတ်လျှင် ပစ်ခတ်နိုင်သည့် အကွာအဝေးမှာ ၁၀၀ ကီလိုမီတာကျော်ရှိပြီး အခြားနည်းလမ်းများဖြင့် ပစ်လွှတ်ပါက ၂၀၀ ကီလိုမီတာထိ ရောက်ရှိနိုင်သည်။ ၎င်းသည် AI စနစ်ဖြင့် လမ်းညွှန်မှု၊ ဆက်သွယ်မှု ပြတ်တောက်ခြင်းမှ ကာကွယ်ပေးသည့်စနစ်၊ ပစ်မှတ်ရှာဖွေရန်နှင့် ထောက်လှမ်းရန်အတွက် ဗီဒီယိုလင့်ခ်စနစ်နှင့် ပေါက်ကွဲအားပြင်းသည့်ထိပ်ဖူးတို့ ပါဝင်ဖွဲ့စည်းထားသည်။ ဤဒရုန်းသည် မြေပြင်နှင့် ရေပြင်ပစ်မှတ်များအပြင် ရန်သူ့ရေဒါများနှင့် မောင်းသူမဲ့ယာဉ်များကိုပါ တိုက်ခိုက်နိုင်စွမ်းရှိသည်။



ဤပေါင်းစပ်မှုသည် တူကီယဲရေတပ်စွမ်းအားအတွက် အဆပေါင်းများစွာ တိုးမြှင့်ပေးနိုင်သည်။ TB3 တိုက်ခိုက်ရေးဒရုန်းနှင့် Kemankes-1 အတွဲအစပ်သည် TCG Anadolu LHD ကဲ့သို့ သင်္ဘောများကို ရန်သူ့ကမ်းရိုးတန်း ကာကွယ်ရေးစနစ်အနီးသို့ မချဉ်းကပ်ဘဲ ပစ်မှတ်များကို နက်ရှိုင်းစွာ ထိုးဖောက်တိုက်ခိုက်နိုင်စေမည်ဖြစ်သည်။ မဟာဗျူဟာအရ ဤသည်မှာ မြေထဲပင်လယ်၊ အီဂျင်ပင်လယ်နှင့် ပင်လယ်နက်တို့တွင် NATO ၏ ရေကြောင်းစွမ်းအား ရပ်တည်ချက်အခြေအနေကို ပိုမိုခိုင်မာစေသည်။ AI လမ်းညွှန်မှုနှင့် ဆက်သွယ်မှုမပြတ်တောက်စေရန် ကာကွယ်ပေးသည့်စနစ်တို့ကြောင့် ခေတ်သစ်စစ်ပွဲများတွင် ပိုမိုအရေးပါလာမည့် အီလက်ထရွန်နစ်စစ်ဆင်ရေးပတ်ဝန်းကျင်၌ ထိရောက်စွာ လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ ဤအောင်မြင်မှုသည် တူကီယဲနိုင်ငံကို ရေတပ် မောင်းသူမဲ့တိုက်ခိုက်ရေးစနစ်ပေါင်းစပ်အသုံးပြုနိုင်မှုတွင် ရှေ့တန်းမှ ဦးဆောင်နေသည့်နိုင်ငံအဖြစ် နေရာပေးလိုက်ခြင်းလည်းဖြစ်သည်။ TB3 တိုက်ခိုက်ရေးဒရုန်းနှင့် Kemankes-1 ပေါင်းစပ်မှုသည် တူကီယဲရေတပ်၏ စွမ်းရည်နှင့် တိုက်ပွဲဝင်နိုင်မှုအကွာအဝေးကို တိုးမြှင့်ပေးရုံသာမက၊ အနာဂတ် NATO ရေကြောင်း စစ်ဆင်ရေးများအတွက် စံနမူနာကောင်းတစ်ခုကိုလည်း မီးမောင်းထိုးပြနေခြင်း ဖြစ်ကြောင်း သိရသည်။

**Baykar's TB3 Drone Launches Kemankes-1 AI Loitering Munition Extending Turkiye's Long-Range Maritime Strike Reach** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# Sun-dried salt trading booming in Bogale Township



Farmers engaged in salt production process.

**Bogale August 15**

Sun-dried salt produced by Bogale Township of Ayeyawady Region is in strong market with high demand, said Daw Thu Thu Aung, the owner of sun-dried salt trader in Bogale Township.

In Bogale Township, trading of this year's sun-dried salt has been strong since the second week of July, with the price reaching up to K500 per viss, according to reports.

"We're seeing active trade in sun-dried salt. Since this is the season for producing fish-paste and dried fish, salt sales have improved. These are locally produced sun-dried salts. Currently, daily sales volumes range from 2,500 to 5,500 viss. With this increase in salt trading, those involved in salt production and related sectors are getting more job opportunities and experiencing better livelihoods," said Daw Thu Thu Aung.

In Bogale Township, local sun-dried salt is systematically produced by salt business owners and mainly supplied to the Yangon market. The price of sun-dried salt is reportedly reaching up to K50,000 per 10 viss. This locally produced salt is primarily used in the production of fish paste, dried fish, fish sauce, and similar products.

Kyaw Kyaw Lin

# Climbing perch fish marketable in Kyonpyaw Township

**Kyonpyaw August 15**

Daw Khin Khin, the owner of dried fish trading commodity in Kyonpyaw Township of Ayeyawady Region, disclosed that as demand is high in trading of climbing perch fish in Kyonpyaw Township, its trading is booming.

In Kyonpyaw Township, since the second week of July this year until now, the domestic market demand for climbing perch fish has been strong, resulting in good trade activity. It is reported that daily sales volume ranges from 500 to 2,500 per viss.

"We are producing dried climbing perch fish from Kyonpyaw Township and selling them in the Yangon market. Since the second week of this month, demand in the Yangon market has gradually increased, and trade has remained strong up to today. Because of strong domestic demand, sales have been brisk. Currently, sales reach up to 2,500 viss of assorted dried fish per day. These locally produced dried fish are further distributed from Yangon to Nay Pyi Taw and other regions," said Daw Khin Khin.

In Kyonpyaw Township, both wild-caught and farmed climbing perch are widely available, and the harvested fish are primarily sold to the Yangon market.

The price of climbing perch is reportedly reaching up to K175,000 per 10 viss, and due to the stability and strength of the market, fish farming businesses are increasing their production of this fish species.

Kyaw Kyaw Lin



Climbing perch fish seen at a market.

# More than 80,000 acres of rainfed paddy planted in Kawlin District

**Kawlin August 15**

Statistics of Kawlin District Agriculture Department stated that local farmers have planted 84,267 acres of rainfed paddy as monsoon crops in Kawlin District of Sagaing Region.

For the 2025-2026 monsoon crop season, Kawlin District has targeted the cultivation of 199,850 acres of rainfed paddy. Planting began in June this year, and as of today, 84,267 acres have been successfully cultivated.

"This monsoon season, Kawlin District plans to grow over 190,000 acres of rainfed paddy. As of today, over 84,000 acres have already been planted. Efforts are underway to ensure that the entire target acreage is met. We're also providing the necessary techniques and seed varieties to farmers, and field-level assistance is being given to help them plant on time," said U Win Thein, Head of the District Department of Agriculture in Kawlin.

As for township-wise cultivation progress in Kawlin District, Kawlin Township planted 52,382 acres of rainfed paddy, Wuntho Township 15,841 acres, and Pinlebu Township 16,044 acres, totalling 84,267 acres.

Local authorities earmarked cultivation of rainfed crops in Kawlin Township on 99,637 acres, Wuntho Township on 38,989 acres and Pinlebu Township on 61,224 acres, totalling 199,850 acres.

To ensure smooth and systematic cultivation without difficulties during this year's monsoon season, the respective Township Departments of Agriculture are collaborating with local farmers.

Farmers growing rainfed paddy in Kawlin District are receiving technical guidance on agricultural practices, pest prevention awareness, ways to minimize crop loss, and post-harvest practices to ensure timely storage of harvested paddy under shelter.

To ensure successful cultivation and good yields from the rainfed paddy fields in Kawlin District this year, Township Agricultural Officers and staff are providing on-site guidance on: selecting quality and pure seeds, pest control, proper weeding and thinning, rogue plant removal, and systematic application of fertilizers. 206

# Trump says Alaska meeting with Putin has 25 pct chance of not being successful

**Anchorage August 15**

U.S. President Donald Trump on Thursday estimated that his upcoming meeting with Russian President Vladimir Putin in the U.S. state of Alaska has a 25 percent chance of not being successful.

In an interview with Fox News Radio, Trump said his meeting with Putin is like "a chess game," adding that he believes Putin is arriving with the intention of making progress toward reaching a deal on the Russia-Ukraine conflict.

He said if positive progress is made during the meeting, it would lay the groundwork for a second one, which would also include Ukrainian President Volodymyr Zelensky.

Trump on Wednesday warned that Russia would face "very severe consequences" if Putin refuses to agree to a ceasefire in the ongoing conflict with Ukraine.

The Putin-Trump meeting is set for Friday in Anchorage, Alaska. Xinhua

# Heat, drought, negligence: drivers of Europe's 2025 wildfire crisis

**Rome August 15**

A prolonged summer of extreme heat and drought has pushed vast parts of Europe into a severe wildfire crisis, triggering mass evacuations, claiming lives and inflicting heavy damage on forests, farmland and infrastructure.

European Commission monitoring data show the scale of the emergency: about 439,568 hectares have burned so far this year, more than double the 19-year average for this point in the season.

Across the Mediterranean and into parts of central and Eastern Europe, the human toll has been mounting. In Spain, several fatalities and thousands of evacuees were reported as blazes swept through Galicia, Castilla y Leon and other regions. In Castilla y Leon alone, about 9,000 residents were moved to safety as multiple municipalities came under threat. In recent days, Spanish authorities also confirmed the deaths of volunteer firefighters in the line of duty.

Greece has faced dozens of simultaneous outbreaks, with western Achaia among the worst-hit areas. Evacuation orders were issued for towns near Patras as strong winds, gales and extreme heat fanned flames across islands and mainland regions. Hospitals, care homes, homes, businesses and warehouses were damaged, and some facilities required emergency clearance.

Xinhua



A firefighter battles the flames in Keratea, Greece, on Aug. 8, 2025.

# Pathein District grows more than 10,000 acres of rainfed crops this year


Farmers planting a rain-fed crop in a field.

**Pathein August 15**

Local farmers have finished cultivation of more than 10,805 acres of various crops as monsoon crops in Pathein District of Ayeyawady Region, said Daw Aye Aye Mu, the Head of Pathein District Agriculture Department.

In this year's monsoon crop cultivation season, a total of 193,756 acres of various monsoon crops are planned to be grown in Pathein District. Planting began in the first week of May this year, and as of today, a total of 10,805 acres have already been cultivated. Among these cultivated monsoon crops, paddy was placed on 10,097 acres, kitchen crops on 311 acres, chilli on 44 acres, pigeon pea on 47 acres, groundnut on 101 acres, and sweet corn on 205 acres.

"The cultivation of monsoon crops in Pathein District this year is progressing in line with the set targets. Paddy is the dominant crop during this season. We are making preparations in advance to ensure timely planting, achieve the planned cultivation targets, and facilitate smooth farming operations without difficulties. In order to boost crop yields and prevent damage from pest outbreaks, officials from the Department of Agriculture and related departments have been working together with farmers," said Daw Aye Aye Mu.

In preparation for smooth and uninterrupted cultivation of this year's monsoon crops, the Department of Agriculture, the Irrigation and Water Utilization Management Department, and local administrative bodies have collaborated with local farmers to carry out pre-season activities. These include repairing essential irrigation facilities, strengthening embankments to prevent dam failures, clearing sediment from irrigation canals, and identifying and addressing water seepage and leakage points. Kyaw Kyaw Lin

# More than 18,000 acres of rainfed paddy planted in Phaungpyin Township this year

**Phaungpyin August 15**

Statistics of Mawlaik District Agriculture Department stated that local farmers planted more than 18,000 acres of rainfed paddy in Phaungpyin Township of Sagaing Region this year.

In 2025-26 monsoon crop cultivation season, local authorities earmarked cultivation of 54,550 acres of rainfed paddy in Phaungpyin Township, but local farmers planted 18,105 acres of crops starting from June this year.

Daw Kywe Kywe Hlaing, the Head of Mawlaik District Agriculture Department, disclosed: "Local farmers grew more than 18,000 acres of rainfed paddy against the target of more than 54,000 acres of crops this monsoon. Our department helps local farmers meet the target cultivation and provides necessary technologies and quality strains of crops to them. Officials of the department make field trips to the farmlands for encouraging local farmers to grow rainfed paddy in time."

This year, officials of the relevant Township Agriculture Department cooperate with local farmers in systematically growing paddy without difficulties.

Agricultural staff of Phaungpyin Township Agriculture Department disseminate agricultural knowledge to local farmers on prevention of pest and growing paddy with agricultural techniques to minimize loss and waste of crops and keep the harvested crops into the shelters in time.

Staff members of the Township Agriculture Department participate in selection of quality seeds, surveillance of pests, weeding process, removal of different strains of crops, systematic use of fertilizers in joining hands with local farmers to boost per-acre yield of crops.

206

# Farmers grow more than 6,000 acres of groundnut in Myaung Township

**Myaung August 15**

Statistics of Sagaing District Agriculture Department stated that local farmers have so far planted more than 6,000 acres of groundnut as monsoon crops in Myaung Township of Sagaing Region.

For the 2025-2026 monsoon cropping season, Myaung Township has planned to cultivate 15,021 acres of groundnut. Planting began in May this year, and as of today, 6,157 acres have already been sown.

"This year, we've targeted over 10,000 acres of groundnut cultivation in Myaung Township. So far, over 6,000 acres have been planted. We are working to meet the full target acreage. As an oil crop, groundnut is showing promising progress. Cultivation has been increasing year by year," said Daw Thida Lwin, Head of the Department of Agriculture for Sagaing District.

In Myaung Township, approximately one and a half baskets of seed are used per acre for groundnut cultivation. The total cost per acre—including seed expenses, labor, fertilizer, and pesticide—exceeds K200,000, and the expected yield is over 50 baskets per acre.

This year, to ensure successful groundnut fields in Myaung Township, agricultural staff are conducting field inspections to prevent pest and disease outbreaks and maintain weed-free fields. They are also collecting monitoring records to support crop health and productivity. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Minkin Township cultivates 2,272 acres of pigeon pea during this year's monsoon season

**Minkin August 15**

According to data from the Minkin Township Agriculture Department, farmers in Minkin Township, Kalay District, Sagaing Region have successfully cultivated pigeon pea across 2,272 acres during this year's monsoon planting season.

The township had initially planned to grow the crop on 2,268 acres for the 2025-2026 fiscal year. Planting operations that began in June have already achieved 2,272 acres, slightly exceeding the target.

Daw Hayman Kyaw Win, the township agriculture officer, explained: "This monsoon season, Minkin Township planned to cultivate pigeon pea on 2,268 acres. We've now reached 2,272 acres, surpassing our target. Farmers are getting good yields through both dedicated pigeon pea fields and intercropping methods."

The Agriculture Department has been supporting local farmers through field training programs covering proper seed selection, cultivation techniques, pest management and yield improvement strategies.

To help reduce costs, the department is promoting a blended fertilizer technique combining urea and potash for foliar application. This approach has proven effective in lowering production expenses while reducing pest problems and promoting healthier plant growth. 206


A pigeon pea plantation.

# အမျိုးသားယဉ်ကျေးမှု ယွန်းအနုပညာနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်

လကျ်ာ



ယမန်နေ့မှအဆက်


ယွန်းပညာကောလိပ်တွင် ၁၉၂၄-၁၉၂၅ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ထိ အခြေခံယွန်းပညာသင်တန်းသား ၁၀၆၅ ဦး၊ အထက်တန်းယွန်းပညာသင်တန်းသား ဦးရေ ၁၄၀၊ ယွန်းအတတ်ပညာ ဒီပလိုမာသင်တန်းသား ၁၂၄ ဦး၊ ယွန်းအတတ်ပညာဒီပလိုမာ တစ်နှစ်အထူး သင်တန်းသား ၆၁ ဦးနှင့် ယွန်းအတတ်ပညာဒီပလိုမာ နှစ်နှစ်သင်တန်းသား (တက္ကသိုလ်ပေါင်းကူး) ၁၁၅၉ ဦး စုစုပေါင်း ၂၅၄၉ ဦးကို ယွန်းပညာရပ်များ သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုကို ထိန်းသိမ်းနိုင်ရန်အတွက် လုံလောက်သည့် ပညာရှင်အရေအတွက်မှာ ရှားပါးနေဆဲပင်ဖြစ်ပါသည်။


**မြန်မာ့ယွန်းပညာ၏ တိုးတက်ပြောင်းလဲလာမှု**

ယွန်းပညာကောလိပ် (ပုဂံ)သည် ယွန်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၅၃ ခုနှစ်ကတည်းက နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပါသည်။ ၁၉၅၃ ခုနှစ်တွင် ဂျပန်နိုင်ငံနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းရှိ ယွန်းထည်ထုတ်လုပ်သည့်ဒေသများမှ ယွန်းပညာရှင်များအား ဂျပန်ယွန်းပညာရပ်များကို လာရောက်ပို့ချခဲ့ပါသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ဂျပန်နိုင်ငံ Asian Lacquer Craft Exchange Research Project နှင့်ပူးပေါင်း၍ နိုင်ငံတကာ ယွန်းပြပွဲများကျင်းပခြင်းနှင့် နည်းပညာဖလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ယွန်းပညာကောလိပ်နှင့် ဂျပန်နိုင်ငံ Tokyo National Research Institute for Cultural Properties(TNRICP)တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး၍ ယွန်းပြတိုက်အတွင်းမှ ရှေးဟောင်းယွန်းထည်ပစ္စည်းများ သုတေသနပြုလုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)နှင့် ပူးပေါင်း၍ အီတလီနိုင်ငံမှ ဒီဇိုင်းပညာရှင် Ms. Doniela Bulgarelli က ယွန်းဒီဇိုင်းနှင့်ထုတ်ကုန်ဖွံ့ဖြိုးမှုသင်တန်းကို ယွန်းပညာကောလိပ်မှ ဝန်ထမ်းများနှင့် ပုဂံဒေသမှ ယွန်းလုပ်ငန်းရှင်များအတွက် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ယွန်းပညာကောလိပ်(ပုဂံ)နှင့် အီတလီနိုင်ငံ Accademia of Fine Arts (Turin) အနုပညာတက္ကသိုလ်တို့သည် လက်မှုအနုပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂ ရက်မှ ၄ ရက်ထိ ဂျပန်နိုင်ငံ တိုကျိုအနုပညာတက္ကသိုလ်နှင့်ပူးပေါင်း၍ နှစ်နိုင်ငံ ယွန်းအနုပညာ ဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ယနေ့ထိ ယွန်းပညာကောလိပ်မှ ဆရာ၊ ဆရာမများအား နိုင်ငံတကာသို့ ယွန်းပညာရပ်ဆိုင်ရာ ပညာသင်များ စေလွှတ်ခြင်း၊ လေ့လာရေးခရီး စေလွှတ်ခြင်းနှင့် နှစ်နိုင်ငံ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။














ထိုလုပ်ဆောင်ချက်များ၏ အကျိုးဆက်အနေဖြင့် မြန်မာ့ယွန်းအတတ်ပညာသည် ရှေးရိုးစွဲပုံစံအတိုင်း မဟုတ်တော့ဘဲ ခေတ်မီနည်းပညာများ၊ နည်းစနစ်များကို အသုံးပြုကာ တစ်စစနှင့် တိုးတက်ပြောင်းလဲကာ ကမ္ဘာ့ဈေးကွက်တွင် မျက်နှာပန်းလှသည့် ကုန်ပစ္စည်းတစ်ခုအနေဖြင့် ထုတ်လုပ်တင်ပို့လာနိုင်ခြင်းဖြစ်ပါသည်။

**အမျိုးသားယဉ်ကျေးမှု လက်မှုအနုပညာနှင့် တန်ဖိုးမြင့်မားမှုကို ထိန်းသိမ်းကြပါစို့**

မြန်မာ့ယွန်းပညာသည် သမိုင်းကြောင်းရှည်လျားလှသော မြန်မာနိုင်ငံနှင့်အတူ ဖြစ်တည်ပေါ်ထွန်းလာသည့် မြန်မာတို့၏ အမျိုးသားလက္ခဏာ တစ်ခုပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် မြန်မာနိုင်ငံသားများ တန်ဖိုးထားရမည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအနေဖြင့် နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် နိုင်ငံတကာခေါင်းဆောင်များနှင့် ဩဇာတိက္ကမရှိသောလူများအား မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုကို ဂုဏ်ယူဝင့်ကြွားစွာပြသခဲ့ခြင်းပင်ဖြစ်ပါသည်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ပုဂံ၊ ညောင်ဦးဒေသဖွံ့ဖြိုးရေးခရီးစဉ်တွင် ယွန်းပညာကောလိပ်သို့ ကိုယ်တိုင်ရောက်ရှိ၍ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံအားပေးခဲ့ပြီး ကျောင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပါသည်။

စာမျက်နှာ ၁၅ သို့



❖ ယွန်းပညာကောလိပ်တွင် ၁၉၂၄-၁၉၂၅ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ထိ အခြေခံယွန်းပညာသင်တန်းသား ၁၀၆၅ ဦး၊ အထက်တန်းယွန်းပညာသင်တန်းသား ဦးရေ ၁၄၀၊ ယွန်းအတတ်ပညာဒီပလိုမာသင်တန်းသား ၁၂၄ ဦး၊ ယွန်းအတတ်ပညာဒီပလိုမာ တစ်နှစ်အထူး သင်တန်းသား ၆၁ ဦးနှင့် ယွန်းအတတ်ပညာဒီပလိုမာ နှစ်နှစ်သင်တန်းသား(တက္ကသိုလ်ပေါင်းကူး) ၁၁၅၉ ဦး စုစုပေါင်း ၂၅၄၉ ဦးကို ယွန်းပညာရပ်များ သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုကို ထိန်းသိမ်းနိုင်ရန်အတွက် လုံလောက်သည့် ပညာရှင်အရေအတွက်မှာ ရှားပါးနေဆဲပင်ဖြစ်ပါသည်။ ❖




စာမျက်နှာ ၁၄ မှအဆက်

မြန်မာ့ယွန်းအနုပညာရပ် အမွေခံ ကျောင်းသားများကို နိုင်ငံတော်အစိုးရ အဆက်ဆက်က ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ကာ မြန်မာ့ယွန်းပညာ၏ မျိုးဆက်သစ်များကို လက်ဆင့်ကမ်းပျိုးထောင်လျက်ရှိပါသည်။ ယခင်က တစ်လလျှင် အများဆုံးငွေကျပ် ၃၀၀၀၀ အထိသာ ထောက်ပံ့ပေးခဲ့သော်လည်း နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ယွန်းကောလိပ်သို့ လာရောက်ကြည့်ရှုလေ့လာစဉ် မြန်မာ့ယွန်းပညာ၏ မျိုးဆက်သစ်များဖြစ်သော ကျောင်းသား၊ ကျောင်းသူများအတွက် တစ်နေ့လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် တစ်ဦးလျှင် လစဉ် ငွေကျပ် ၉၀၀၀၀ ကို စားသောက်စရိတ်အဖြစ် ထပ်မံထောက်ပံ့ရန် စီစဉ်ပေးခဲ့သည့်အပြင် ယခင်ကပေးခဲ့သော ပညာသင်ထောက်ပံ့ကြေးများကို တိုးမြှင့်ရန် စီစဉ်ညွှန်ကြားခဲ့ရာ ၂၀၂၅ ခုနှစ် ဇွန်လမှစတင်ကာ တစ်လလျှင် ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေးအဖြစ် ငွေကျပ် ၁၅၀၀၀၀ ထိ တိုးမြှင့်ထောက်ပံ့ပေးခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။ ပညာထူးချွန်သော ကျောင်းသားများနှင့် နည်းပြဆရာ၊ ဆရာမများအတွက် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့ရှိ အနုပညာတက္ကသိုလ်တို့တွင် ယွန်းပညာ ဆက်လက်သင်ကြားနိုင်ရန် ညှိနှိုင်းမှုများ လုပ်ဆောင်ကာ ပညာတော်သင်များစေလွှတ်ရန်နှင့် ကျောင်းတွင်လည်း ယွန်းထည်ထုတ်လုပ်မှု အတတ်ပညာများကို ဦးစားပေးသင်ကြားနိုင်ရန် အတွက်လည်း လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်လုံခြုံရေးနှင့် **အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ယွန်းကောလိပ်၏ သမိုင်းကြောင်းကို စနစ်တကျလေ့လာပြုစုရန် လမ်းညွှန်မှာကြားခဲ့ရာ ၁၉၂၄ ခုနှစ်မှစတင်ကာ ဖွင့်လှစ်ခဲ့သော ယွန်းကောလိပ်၏ နှစ် ၁၀၀ ပြည့်အခမ်းအနားကို ၂၀၂၄ ခုနှစ်တွင် ခမ်းနားစွာကျင်းပကာ နိုင်ငံတကာမှ ယွန်းပညာရှင်များကိုဖိတ်ကြား၍ စာတမ်းဖတ်ပွဲများပင် ကျင်းပခဲ့ပါသည်။** ယခုအချိန် အခါသမယသည် မြန်မာတို့၏ဂုဏ်ယူဖွယ် ရှေးဟောင်းအမွေအနှစ် တစ်ခုဖြစ်သော ပန်းယွန်းအတတ်ပညာရပ်ကို နိုင်ငံတော် အစိုးရပိုင်းက အင်တိုက်အားတိုက် အားပေးမြှင့်တင် ဖြည့်ဆည်းကူညီကာ ထောက်ပံ့၍လည်းကောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းတွင် ထုတ်ဖော်ပြသ၍လည်း ကောင်း နည်းလမ်းအသွယ်သွယ်နှင့် ထောက်ပံ့မြှင့်တင်ပေးနေပြီဖြစ်ပါသည်။


အမျိုးသားယဉ်ကျေးမှု တစ်ရပ်ကို ထိန်းသိမ်းရာတွင် အစိုးရ၊ ပညာရှင်များ နှင့် လုပ်ငန်းရှင်များ၏ အင်အားချည်း သက်သက်ဖြင့် ထိန်းသိမ်းနိုင်ရန် ခက်ခဲသည်ဖြစ်ရာ အားလုံးပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။ မြန်မာ့ယွန်းသည် နိုင်ငံတကာတွင် မျက်နှာပန်းလှနေသော ကုန်ပစ္စည်းတစ်ခုဖြစ်သော်လည်း မူရင်း ပိုင်ရှင်ဖြစ်သော မြန်မာနိုင်ငံသားတို့၏ အမြင်ထဲတွင် တန်ဖိုးရှိလှသည်ဟု မမြင်သေးသည့် ယဉ်ကျေးမှုအမွေအနှစ် ဖြစ်နေပါသေးသည်။ ပုဂံသည် မြန်မာတို့၏ နှလုံးသားဟုဆိုသော် ပုဂံဒေသက ထုတ်လုပ်သည့် မြန်မာ့ယွန်းထည်များ သည် နှလုံးသွေးကြောမျှင်များဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ပုဂံကိုချစ်သော မြန်မာတို့သည် ပုဂံကထွက်ရှိသော မြန်မာ့ယွန်းထည်များကို ပိုမိုတန်ဖိုးထားမြတ်နိုးကာ ပန်းယွန်းကဲ့သို့ တန်ဖိုးမြင့်မားသော လက်မှုအနုပညာကို မပျောက်ပျက်စေရန် ဝိုင်းဝန်းကူညီထိန်းသိမ်းရန် လိုအပ်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသားများအနေဖြင့် ထိုတာဝန်ကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဝိုင်းဝန်းကူညီထိန်းသိမ်းရန် လိုအပ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။





❖ မြန်မာ့ယွန်းအနုပညာရပ်အမွေခံ ကျောင်းသားများကို နိုင်ငံတော်အစိုးရအဆက်ဆက်က ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ကာ မြန်မာ့ယွန်းပညာ၏ မျိုးဆက်သစ်များကို လက်ဆင့်ကမ်းပျိုးထောင်လျက်ရှိပါသည်။ ယခင်က တစ်လလျှင် အများဆုံးငွေကျပ် ၃၀၀၀၀ အထိသာ ထောက်ပံ့ပေးခဲ့သော်လည်း နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ယွန်းကောလိပ်သို့ လာရောက်ကြည့်ရှုလေ့လာစဉ် မြန်မာ့ယွန်းပညာ၏ မျိုးဆက်သစ်များဖြစ်သော ကျောင်းသား၊ ကျောင်းသူများအတွက် တစ်နေ့လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် တစ်ဦးလျှင် လစဉ် ငွေကျပ် ၉၀၀၀၀ ကို စားသောက်စရိတ်အဖြစ် ထပ်မံထောက်ပံ့ရန် စီစဉ်ပေးခဲ့သည့်အပြင် ယခင်ကပေးခဲ့သော ပညာသင်ထောက်ပံ့ကြေးများကို တိုးမြှင့်ရန် စီစဉ်ညွှန်ကြားခဲ့ရာ ၂၀၂၅ ခုနှစ် ဇွန်လမှစတင်ကာ တစ်လလျှင် ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေးအဖြစ် ငွေကျပ် ၁၅၀၀၀၀ ထိ တိုးမြှင့်ထောက်ပံ့ပေးခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။ ပညာထူးချွန်သော ကျောင်းသားများနှင့် နည်းပြဆရာ၊ ဆရာမများအတွက် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့ရှိ အနုပညာတက္ကသိုလ်တို့တွင် ယွန်းပညာဆက်လက်သင်ကြားနိုင်ရန် ညှိနှိုင်းမှုများလုပ်ဆောင်ကာ ပညာတော်သင်များစေလွှတ်ရန်နှင့် ကျောင်းတွင်လည်း ယွန်းထည်ထုတ်လုပ်မှုအတတ်ပညာများကို ဦးစားပေးသင်ကြားနိုင်ရန်အတွက်လည်း လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ယွန်းကောလိပ်၏သမိုင်းကြောင်းကို စနစ်တကျလေ့လာပြုစုရန် လမ်းညွှန်မှာကြားခဲ့ရာ ၁၉၂၄ ခုနှစ်မှစတင်ကာ ဖွင့်လှစ်ခဲ့သော ယွန်းကောလိပ်၏ နှစ် ၁၀၀ ပြည့်အခမ်းအနားကို ၂၀၂၄ ခုနှစ်တွင် ခမ်းနားစွာကျင်းပကာ နိုင်ငံတကာမှ ယွန်းပညာရှင်များကို ဖိတ်ကြား၍ စာတမ်းဖတ်ပွဲများပင် ကျင်းပခဲ့ပါသည်။❖

# တရုတ်နိုင်ငံ အန်းနင်မြို့၌ကျင်းပသည့် ၁၀ ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်



နေပြည်တော် ဩဂုတ် ၁၅

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အန်းနင်မြို့၌ကျင်းပသည့် ၁၀ ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။

၁၀ ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာပရက်ဆုတ်ခ်ခွန်း၊ လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာထောင်ဆာဗန်ဖုန်ဗီဟေးနှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗွီသန်းစွန်းတို့ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးကို "ရွှေရောင်ဆယ်စုနှစ် စည်းလုံးညီညွတ်မှုဖြင့် ပိုမိုကောင်းမွန်သော အသိုက်အဝန်းတည်ဆောက်ရန် ဆက်လက်ကတိပြုခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေအပေါ် သုံးသပ်ဆွေးနွေးကြကာ အနာဂတ် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအောက်တွင် မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ရှင်းလင်းပြောကြားပြီး အဖွဲ့၏အနာဂတ် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေး၊ စွမ်းအင်လုံခြုံရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး၊ ရေအရင်းအမြစ်၊ ရာသီဥတုပြောင်းလဲမှုနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ပြည်သူအချင်းချင်း အပြန်အလှန်ဖလှယ်ရေး စသည့်နယ်ပယ်များတွင် အလေးအနက်ထားပူးပေါင်း ဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် တစ်ဆက်တည်းကျင်းပသည့် "တရုတ်-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံဆွေးနွေးပွဲ" သို့ တရုတ်နိုင်ငံခြားရေးဝန်ကြီး၊ လာအိုနိုင်ငံခြားရေးဝန်ကြီး၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့နှင့်အတူ ပါဝင်တက်ရောက်သည်။

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာ-တရုတ်-လာအို-ထိုင်း လေးနိုင်ငံအကြား နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်နှင့် တရားမဝင်နယ်စပ်ကုန်သွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ အွန်လိုင်းလိမ်လည်မှုနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု ပူးပေါင်းတိုက်ဖျက်ရေးတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ကိစ္စအပါအဝင် လတ်တလောဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားရာ တရုတ်နိုင်ငံခြားရေးဝန်ကြီး၊ လာအိုနိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့က မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အထွေထွေရွေးကောက်ပွဲကျင်းပမည့်ကိစ္စနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများအပေါ် ထောက်ခံအားပေးခဲ့ကြသည်။

တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိက ၁၀ ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များကို ဩဂုတ် ၁၄ ရက် ညနေပိုင်းတွင် အန်းနင်ရေပူစမ်းဟိုတယ်၌ ကြိုဆိုဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။


မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဖြစ်ပြီး ဒေသတွင်းနေ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ပိုမိုခိုင်မာစေရေး ဆောင်ရွက်သည့်လုပ်ငန်းစဉ်ဖြစ်သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည်။ မြန်မာနိုင်ငံ၏ အမျိုးသားဘက်စုံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအား အထောက်အကူပြုနိုင်စေရန်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ စီမံကိန်း ၁၃၂ ခုအတွက် စုစုပေါင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆ သန်းခန့်ကို မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများကို စာပေပညာရပ်များ သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း အခြေခံပညာကျောင်း ခုနစ်ကျောင်းအား ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့၍ စုစုပေါင်း ၆၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ကာ ကျောင်းသား၊ ကျောင်းသူ ၂၄၉ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၈၃၉၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်လက်ခံစဉ်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၉၃ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးရန်လိုအပ်သည့် လူနာ ဦးရေ ၈၀ တို့ကို ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ ၂၈ ဦးကို သွေးအမျိုးအစားစစ်ဆေးပေးခြင်းနှင့် အသည်းရောင်အသားဝါရောဂါပိုး စစ်ဆေးပေးခြင်းအနေဖြင့် ဒေသခံပြည်သူတစ်ဦးရှိကြောင်း သိရသည်။

၎င်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၃၃ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာ့လယ်ယာသုံးပစ္စည်းကိရိယာစက်ရုံ (အင်းကုန်း)အား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် ဒေါက်တာချာလီသန်းတို့ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၅**

စွမ်းအင်ဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလွင်နှင့် ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ မြန်မာ့လယ်ယာသုံး ကိရိယာစက်ရုံ (အင်းကုန်း)အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စက်ရုံမှူးတို့က စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်ပေးနိုင်မှု၊ သုတေသနလုပ်ငန်းဆောင်ရွက်၍ လယ်ယာသုံးပစ္စည်းများ စမ်းသပ်ထုတ်လုပ်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။



ရှင်းလင်းတင်ပြမှုအပေါ် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်လျက်ရှိသည့် စက်ကိရိယာများကို ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စနစ်တကျ ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့မှသာ MSME လုပ်ငန်းတွင်ပါဝင်သော စက်မှုကုန်ထုတ်လုပ်ငန်းများ ချိတ်ဆက်ပါဝင်လာပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်သည့် စံပြုစက်ကိရိယာများ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစက်မှုလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကို စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ထိုးဖောက်နိုင်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးဆောင်ရွက်၍ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေး လိုအပ်သော နည်းပညာများရရှိရန် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က လယ်ယာသုံးစက်ပစ္စည်းများအား အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များရှိပါက ပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် စက်ရုံအတွင်း စက်ပစ္စည်းများတပ်ဆင်ထားရှိမှု၊ ထုတ်လုပ်ထားရှိသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး လက်တွေ့အခြေအနေနှင့်ကိုက်ညီမည့် လက်ဆွဲကောက်စိုက်စက်နှစ်မျိုး စတင်ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်သည့် ကောက်စိုက်စက်များနှင့် ပျိုးဗန်းများ ကိုက်ညီမှုရှိစေရန် စံပြုပျိုးဗန်းများအသုံးပြုနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်) စက်ရုံ ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ စက်ရုံပိုင်ပံ့သေပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရှိပြီးနည်းပညာများ တိမ်ကောပျောက်ပျက်မှု မရှိစေရေးနှင့် စက်ရုံ သန့်ရှင်းသာယာလှပရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းမြို့ရှိ အမှတ်(၈) အထည်စက်ရုံခွဲ(ရမည်းသင်း)သို့ရောက်ရှိပြီး စွပ်ကျယ်များ ချုပ်လုပ်နေမှု၊ စောင်များ၊ လုံချည်များ ရက်လုပ်နေမှု၊ ခြင်ထောင်များ ချုပ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ချုပ်ထည်များအား ချုပ်ရိုးချုပ်သား သေသပ်ကောင်းမွန်ခိုင်ခံ့အောင်ချုပ်လုပ်ရန်၊ အထည်များချုပ်လုပ်လျက်ရှိသည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုမြှင့်တင်နိုင်ရေး စီမံဆောင်ရွက်ရန်၊ လျာထားချက်ပြည့်မီစွာထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မုံရွာမြို့ မြို့သစ်ရပ်ကွက်၌ ဗန္ဓုလဈေး ဈေးရုံအဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ ဗန္ဓုလဈေး ဈေးရုံအဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအဆောက်အအုံသစ် မုခ်ဦးရှေ့တွင် ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဗန္ဓုလဈေး နှစ်ထပ်အဆောက်အအုံသစ် တည်ဆောက်ပြီးစီးခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗန္ဓုလဈေး နှစ်ထပ်အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုပါဈေးရုံအဆောက်အအုံသစ်ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အဆောက်အအုံသစ်ကိုလိုက်လံကြည့်ရှုပြီး ဈေးရောင်းချသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ဗန္ဓုလဈေး နှစ်ထပ်အဆောက်အအုံသစ်သည် အလျား ၂၇၉ ပေ၊ အနံ ၂၄ ပေ၊ ဈေးဆိုင်ခန်းပေါင်း ၄၄ ခန်း၊ တစ်ခန်းလျှင် အလျား ၉ ပေ၊ အနံ ၁၀ ပေရှိပြီး မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

မုံရွာမြို့ မြို့သစ်ရပ်ကွက်၌ ဗန္ဓုလဈေး ဈေးရုံအဆောက်အအုံသစ် ဖွင့်ပွဲတက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# မိုင်းဆတ်မြို့နယ် အူးဖူဒွေ့ အာခါကျေးရွာ၌ ၁၅ ကြိမ်မြောက် အာခါရိုးရာ စုပေါင်းရဲခူအဖွေဒန်းစီးပွဲတော် ကျင်းပပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် အူးဖူဒွေ့ အာခါကျေးရွာ၌ ၁၅ ကြိမ်မြောက် အာခါရိုးရာ စုပေါင်းရဲခူအဖွေဒန်းစီးပွဲတော်ကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာခါရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တက်ရောက်လာသူများက ရဲခူအဖွေဒန်းစီးပွဲတော် အထိမ်းအမှတ်ကျောက်စာတိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဦးစွာ အာခါရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယကက ရဲခူအဖွေဒန်းစီးပွဲတော်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အာခါတိုင်းရင်းသားကျေးရွာအကြီးအကဲတစ်ဦးက ဒန်းတော်ကို ရိုးရာဓလေ့ထုံးတမ်းနှင့်အညီ မင်္ဂလာပြုစီးနင်းသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဒန်းတော်ကို မင်္ဂလာပြုစီးနင်းကြပြီး ရဲခူအဖွေဒန်းစီးပွဲတော်အထိမ်းအမှတ်ချယ်ရီပင်ကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရဲခူအဖွေဒန်းစီးပွဲတော် အထိမ်းအမှတ်ကျောက်စာတိုင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြကာ ဒန်းတော်ရှေ့တွင် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အာခါရိုးရာယဉ်ကျေးမှုခန်းမဆောင်၌ အဆိုပါဒန်းစီးပွဲတော်ကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီးပြောကြားကြပြီး ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ထို့နောက် ကျေးရွာမှ တာဝန်ရှိသူတစ်ဦးက ရပ်ရွာဒေသနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အာခါရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယကက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအလှများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အာခါရိုးရာဒန်းစီးပွဲတော်ကို ၎င်းတို့၏ ရိုးရာဓလေ့အရ စည်းလုံးညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်းတို့ ထာဝရတည်တံ့စေရေး အနှစ်သာရဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များမှအဆက်

ပူးတွဲ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် ပြည်သူ့လွှတ်တော် ( မဲအများဆုံးရသူအနိုင်ယူစနစ် ) မဲဆန္ဒနယ်များ

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒနယ်တွင် ပါဝင်သည့် နယ်မြေများ | ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် |
|---|---|---|---|
| | **ကချင်ပြည်နယ်** | | |
| ၁ | ချီဖွေမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ဆော့လော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | တနိုင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တနိုင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ခေါင်လန်ဖူးမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ခေါင်လန်ဖူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ဆွမ်ပရာဘွမ်မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | နောင်မွန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နောင်မွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | ပူတာအိုမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပူတာအိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | မချမ်းဘောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မချမ်းဘောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဗန်းမော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဗန်းမော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | မံစီမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မံစီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | မိုးမောက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးမောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရွှေကူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | ဖားကန့်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖားကန့်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | မိုးကောင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးကောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | မိုးညှင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးညှင်းမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | မြစ်ကြီးနားမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြစ်ကြီးနားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | ဝိုင်းမော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝိုင်းမော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | အင်ဂျန်းယန်မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ကယားပြည်နယ်** | | |
| ၁၉ | ဒီးမော့ဆိုမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒီးမော့ဆိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | ဖရူဆိုမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖရူဆိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | ဖားဆောင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | ဘောလခဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘောလခဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | မယ်စဲ့မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | ရှားတောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | လွိုင်ကော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လွိုင်ကော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ကရင်ပြည်နယ်** | | |
| ၂၆ | ကော့ကရိတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့ကရိတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇ | ကြာအင်းဆိပ်ကြီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကြာအင်းဆိပ်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈ | ဖာပွန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖာပွန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉ | ဘားအံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘားအံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀ | လှိုင်းဘွဲ့မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်းဘွဲ့မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁ | မြဝတီမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြဝတီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂ | သံတောင်ကြီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သံတောင်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ချင်းပြည်နယ်** | | |
| ၃၃ | တီးတိန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တီးတိန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၄ | တွန်းဇံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တွန်းဇံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၅ | ပလက်ဝမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၆ | ဖလမ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖလမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၇ | မတူပီမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၈ | ကန်ပက်လက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၉ | မင်းတပ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၀ | ထန်တလန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထန်တလန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၁ | ဟားခါးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဟားခါးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | | |
| ၄၂ | လေရှီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လေရှီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၃ | လဟယ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လဟယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၄ | နန်းယွန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နန်းယွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၅ | ကလေးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကလေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၆ | ကလေးဝမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကလေးဝမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၇ | မင်းကင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းကင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၈ | ကသာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကသာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၉ | ထီးချိုင့်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၀ | ဗန်းမောက်မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဗန်းမောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၁ | အင်းတော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၂ | ကောလင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကောလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၃ | ဝန်းသိုမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝန်းသိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၄ | ပင်လည်ဘူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၅ | ကန့်ဘလူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန့်ဘလူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၆ | ကျွန်းလှမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျွန်းလှမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၇ | ခန္တီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ခန္တီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၈ | စစ်ကိုင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စစ်ကိုင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၉ | မြင်းမူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြင်းမူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆၀ | မြောင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆၁ | တမူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တမူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆၂ | ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောင်းဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆၃ | ဘုတလင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘုတလင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆၄ | မုံရွာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မုံရွာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆၅ | အရာတော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အရာတော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆၆ | ဖောင်းပြင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖောင်းပြင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆၇ | မော်လိုက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မော်လိုက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆၈ | ကနီမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကနီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆၉ | ဆားလင်းကြီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆားလင်းကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇၀ | ပုလဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇၁ | ယင်းမာပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇၂ | ဒီပဲယင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇၃ | တန့်ဆည်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇၄ | ရေဦးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇၅ | ခင်ဦးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇၆ | ရွှေဘိုမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရွှေဘိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇၇ | ဝက်လက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇၈ | ဟုမ္မလင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဟုမ္မလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **တနင်္သာရီတိုင်းဒေသကြီး** | | |
| ၇၉ | ကော့သောင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့သောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈၀ | ထားဝယ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထားဝယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈၁ | ရေဖြူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈၂ | လောင်းလုံးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လောင်းလုံးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈၃ | သရက်ချောင်းမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | သရက်ချောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈၄ | ဘုတ်ပြင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘုတ်ပြင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈၅ | ကျွန်းစုမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျွန်းစုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈၆ | တနင်္သာရီမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တနင်္သာရီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈၇ | ပုလောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုလောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈၈ | မြိတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြိတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ပဲခူးတိုင်းဒေသကြီး** | | |
| ၈၉ | ကျောက်ကြီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉၀ | ကျောက်တံခါးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်တံခါးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉၁ | ညောင်လေးပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ညောင်လေးပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉၂ | ဒိုက်ဦးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒိုက်ဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉၃ | ရွှေကျင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရွှေကျင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉၄ | တောင်ငူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တောင်ငူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉၅ | ထန်းတပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထန်းတပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉၆ | ဖြူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖြူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉၇ | ရေတာရှည်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေတာရှည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉၈ | အုတ်တွင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အုတ်တွင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉၉ | ဇီးကုန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဇီးကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀၀ | နတ်တလင်းမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | နတ်တလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀၁ | ပေါင်းတည်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါင်းတည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀၂ | သဲကုန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သဲကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀၃ | ကဝမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကဝမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀၄ | ပဲခူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပဲခူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀၅ | ဝေါမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝေါမြို့နယ်တစ်ခုလုံး။ | ၁ ဦး |

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

| | | | |
|---|---|---|---|
| ၁၀၆ | သနပ်ပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သနပ်ပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀၇ | ပေါက်ခေါင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်ခေါင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀၈ | ပန်းတောင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်းတောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀၉ | ပြည်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပြည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁၀ | ရွှေတောင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရွှေတောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁၁ | ကြို့ပင်ကောက်မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ကြို့ပင်ကောက်မြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၁၂ | မိုးညိုမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးညိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁၃ | မင်းလှမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းလှမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁၄ | လက်ပံတန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လက်ပံတန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁၅ | သာယာဝတီမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သာယာဝတီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁၆ | အုတ်ဖိုမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အုတ်ဖိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **မကွေးတိုင်းဒေသကြီး** | | |
| ၁၁၇ | ချောက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁၈ | ရေနံချောင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေနံချောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁၉ | ဂန့်ဂေါမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဂန့်ဂေါမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂၀ | ဆောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂၁ | ထီးလင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂၂ | ဆိပ်ဖြူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆိပ်ဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂၃ | ပခုက္ကူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပခုက္ကူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂၄ | ပေါက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂၅ | မြိုင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂၆ | ရေစကြိုမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂၇ | တောင်တွင်းကြီးမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | တောင်တွင်းကြီးမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၂၈ | နတ်မောက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နတ်မောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂၉ | မကွေးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မကွေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃၀ | မြို့သစ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြို့သစ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃၁ | ငဖဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ငဖဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃၂ | စလင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃၃ | စေတုတ္တရာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စေတုတ္တရာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃၄ | ပွင့်ဖြူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပွင့်ဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃၅ | မင်းဘူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းဘူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃၆ | ကံမမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကံမမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃၇ | မင်းတုန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းတုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃၈ | မင်းလှမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းလှမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃၉ | သရက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သရက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄၀ | ဆင်ပေါင်ဝဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆင်ပေါင်ဝဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄၁ | အောင်လံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အောင်လံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **မန္တလေးတိုင်းဒေသကြီး** | | |
| ၁၄၂ | ကျောက်ဆည်မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ကျောက်ဆည်မြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၄၃ | စဉ့်ကိုင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စဉ့်ကိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄၄ | မြစ်သားမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြစ်သားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄၅ | ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ကျောက်ပန်းတောင်းမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၄၆ | ညောင်ဦးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ညောင်ဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄၇ | ငါန်းဇွန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ငါန်းဇွန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄၈ | တံတားဦးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တံတားဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄၉ | ပြင်ဦးလွင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပြင်ဦးလွင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅၀ | ချမ်းမြသာစည်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချမ်းမြသာစည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅၁ | ချမ်းအေးသာစံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချမ်းအေးသာစံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅၂ | ပြည်ကြီးတံခွန်မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ပြည်ကြီးတံခွန်မြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၅၃ | မဟာအောင်မြေမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | မဟာအောင်မြေမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၅၄ | မလှိုင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မလှိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅၅ | မိတ္ထီလာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိတ္ထီလာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅၆ | ဝမ်းတွင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝမ်းတွင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅၇ | သာစည်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သာစည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅၈ | တောင်သာမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | တောင်သာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅၉ | နွားထိုးကြီးမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆၀ | မြင်းခြံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြင်းခြံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆၁ | ပျော်ဘွယ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပျော်ဘွယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆၂ | ရမည်းသင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရမည်းသင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆၃ | စဉ့်ကူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆၄ | မိုးကုတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆၅ | သပိတ်ကျင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သပိတ်ကျင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆၆ | အမရပူရမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အမရပူရမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆၇ | ပုသိမ်ကြီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုသိမ်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆၈ | မတ္တရာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မတ္တရာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆၉ | အောင်မြေသာစံမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | အောင်မြေသာစံမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| | **မွန်ပြည်နယ်** | | |
| ၁၇၀ | ကျိုက်ထိုမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျိုက်ထိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇၁ | ဘီးလင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘီးလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇၂ | ကျိုက်မရောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျိုက်မရောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇၃ | ချောင်းဆုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောင်းဆုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇၄ | မုဒုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မုဒုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇၅ | မော်လမြိုင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မော်လမြိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇၆ | သံဖြူဇရပ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သံဖြူဇရပ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇၇ | ရေးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇၈ | ပေါင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇၉ | သထုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သထုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ရခိုင်ပြည်နယ်** | | |
| ၁၈၀ | ကျောက်ဖြူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်ဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈၁ | ရမ်းဗြဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈၂ | စစ်တွေမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စစ်တွေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈၃ | ပေါက်တောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈၄ | ပုဏ္ဏားကျွန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈၅ | ရသေ့တောင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈၆ | တောင်ကုတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တောင်ကုတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈၇ | မာန်အောင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မာန်အောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈၈ | ဘူးသီးတောင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈၉ | မောင်တောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉၀ | ကျောက်တော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉၁ | မင်းပြားမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉၂ | မြေပုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉၃ | မြောက်ဦးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉၄ | ဂွမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဂွမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉၅ | သံတွဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သံတွဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉၆ | အမ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ရန်ကုန်တိုင်းဒေသကြီး** | | |
| ၁၉၇ | ကမာရွတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကမာရွတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉၈ | ဗဟန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဗဟန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉၉ | ကျောက်တံတားမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ကျောက်တံတားမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၂၀၀ | ဒဂုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒဂုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀၁ | ပန်းဘဲတန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်းဘဲတန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀၂ | လသာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လသာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀၃ | လမ်းမတော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လမ်းမတော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀၄ | တိုက်ကြီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တိုက်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀၅ | ကော့မှူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့မှူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀၆ | ကွမ်းခြံကုန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကွမ်းခြံကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀၇ | ဆိပ်ကြီး/ခနောင်တိုမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဆိပ်ကြီး/ခနောင်တိုမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၂၀၈ | တွံတေးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တွံတေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀၉ | ဒလမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒလမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁၀ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁၁ | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁၂ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁၃ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁၄ | ဒေါပုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒေါပုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁၅ | ပုဇွန်တောင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုဇွန်တောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

| | | | |
|---|---|---|---|
| ၂၁၆ | ဗိုလ်တထောင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဗိုလ်တထောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁၇ | မင်္ဂလာတောင်ညွန့်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်္ဂလာတောင်ညွန့်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁၈ | သာကေတမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သာကေတမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁၉ | မရမ်းကုန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မရမ်းကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂၀ | မြောက်ဥက္ကလာပမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောက်ဥက္ကလာပမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂၁ | လှိုင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂၂ | မင်္ဂလာဒုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်္ဂလာဒုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂၃ | ရွှေပြည်သာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရွှေပြည်သာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂၄ | ထန်းတပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထန်းတပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂၅ | မှော်ဘီမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မှော်ဘီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂၆ | လှည်းကူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှည်းကူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂၇ | တာမွေမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တာမွေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂၈ | တောင်ဥက္ကလာပမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တောင်ဥက္ကလာပမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂၉ | ရန်ကင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရန်ကင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃၀ | သင်္ဃန်းကျွန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သင်္ဃန်းကျွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃၁ | ကိုကိုးကျွန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကိုကိုးကျွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃၂ | ကျောက်တန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်တန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃၃ | ခရမ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ခရမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃၄ | သန်လျင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သန်လျင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃၅ | သုံးခွမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သုံးခွမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃၆ | ကြည့်မြင်တိုင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကြည့်မြင်တိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃၇ | စမ်းချောင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စမ်းချောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃၈ | အလုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အလုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃၉ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄၀ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄၁ | အင်းစိန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်းစိန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ရှမ်းပြည်နယ်** | | |
| ၂၄၂ | မက်မန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မက်မန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄၃ | ပန်ဆန်း(ပန်ခမ်း)မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄၄ | နားဖန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄၅ | ဟိုပန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄၆ | မိုင်းမောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄၇ | ပန်ဝိုင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄၈ | ရွာင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရွာင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄၉ | ပင်းတယမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပင်းတယမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅၀ | ဟိုပုံးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဟိုပုံးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅၁ | ဆီဆိုင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆီဆိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅၂ | ပင်လောင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပင်လောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅၃ | နမ့်ဆန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅၄ | မန်တုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅၅ | ကုန်းကြမ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅၆ | လောက်ကိုင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅၇ | ကလောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကလောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅၈ | ညောင်ရွှေမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ညောင်ရွှေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅၉ | ဖယ်ခုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖယ်ခုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆၀ | ကျောက်မဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်မဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆၁ | သီပေါမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သီပေါမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆၂ | နောင်ချိုမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နောင်ချိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆၃ | နမ္မတူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆၄ | ကျိုင်းတုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျိုင်းတုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆၅ | မိုင်းခတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းခတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆၆ | မိုင်းပျဉ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းပျဉ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆၇ | ကွတ်ခိုင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆၈ | တာချီလိတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တာချီလိတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆၉ | မိုင်းဖြတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းဖြတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇၀ | တောင်ကြီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တောင်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇၁ | ရပ်စောက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရပ်စောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇၂ | တန့်ယန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တန့်ယန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇၃ | မိုင်းရယ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းရယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇၄ | ကွန်ဟိန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကွန်ဟိန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇၅ | နမ့်စန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်စန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇၆ | မိုးနဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးနဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇၇ | နမ့်ခမ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇၈ | မူဆယ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မူဆယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇၉ | မဘိမ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈၀ | မိုးမိတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈၁ | မိုင်းဆတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းဆတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈၂ | မိုင်းတုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းတုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈၃ | မိုင်းယောင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းယောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈၄ | မိုင်းယန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းယန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈၅ | ကျေးသီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျေးသီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈၆ | မိုင်းရှူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းရှူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈၇ | မိုင်းလားမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈၈ | ကွမ်းလုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈၉ | လားရှိုးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လားရှိုးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉၀ | သိန္နီမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သိန္နီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉၁ | မိုင်းပန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းပန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉၂ | မောက်မယ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မောက်မယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉၃ | လင်းခေးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လင်းခေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉၄ | မိုင်းကိုင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းကိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉၅ | လဲချားမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လဲချားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉၆ | လွိုင်လင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လွိုင်လင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ဧရာဝတီတိုင်းဒေသကြီး** | | |
| ၂၉၇ | ကျောင်းကုန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောင်းကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉၈ | ကျုံပျော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျုံပျော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉၉ | ရေကြည်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေကြည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀၀ | ကန်ကြီးထောင့်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ကြီးထောင့်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀၁ | ငပုတောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ငပုတောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀၂ | ပုသိမ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုသိမ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀၃ | သာပေါင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သာပေါင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀၄ | ကျိုက်လတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျိုက်လတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀၅ | ဒေးဒရဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒေးဒရဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀၆ | ဖျာပုံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖျာပုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀၇ | ဘိုကလေးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘိုကလေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀၈ | ညောင်တုန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ညောင်တုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀၉ | ဓနုဖြူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဓနုဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁၀ | ပန်းတနော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်းတနော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁၁ | မအူပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မအူပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁၂ | မြောင်းမြမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောင်းမြမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁၃ | ဝါးခယ်မမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝါးခယ်မမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁၄ | အိမ်မဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အိမ်မဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁၅ | ကြံခင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကြံခင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁၆ | မြန်အောင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြန်အောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁၇ | အင်္ဂပူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်္ဂပူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁၈ | မော်လမြိုင်ကျွန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မော်လမြိုင်ကျွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁၉ | လပွတ္တာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လပွတ္တာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂၀ | ဇလွန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဇလွန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂၁ | လေးမျက်နှာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လေးမျက်နှာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂၂ | ဟင်္သာတမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဟင်္သာတမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ပြည်ထောင်စုနယ်မြေ** | | |
| ၃၂၃ | ဇေယျာသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဇေယျာသီရိမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂၄ | ပုဗ္ဗသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုဗ္ဗသီရိမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂၅ | ဇမ္ဗူသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဇမ္ဗူသီရိမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂၆ | ပျဉ်းမနားမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပျဉ်းမနားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂၇ | ဒက္ခိဏသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒက္ခိဏသီရိမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂၈ | လယ်ဝေးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လယ်ဝေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂၉ | တပ်ကုန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တပ်ကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၃၀ | ဥတ္တရသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဥတ္တရသီရိမြို့နယ်တစ်ခုလုံး။ | ၁ ဦး |

❑ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များမှ ပူးတွဲ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်များ

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒနယ်တွင် ပါဝင်သည့် နယ်မြေများ | ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် |
|---|---|---|---|
| | **ကချင်ပြည်နယ် အမျိုးသားလွှတ်တော်(မဲအများဆုံး ရသူအနိုင်ယူစနစ်)** | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | ပူတာအိုခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | ဗန်းမော်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၃ | မဲဆန္ဒနယ်အမှတ်(၃) | မိုးညှင်းခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၄ | မဲဆန္ဒနယ်အမှတ်(၄) | တနိုင်းခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၅ | မဲဆန္ဒနယ်အမှတ်(၅) | ချီဖွေခရိုင်တစ်ခုလုံးနှင့် ဝိုင်းမော်မြို့နယ်။ | ၁ ဦး |
| ၆ | မဲဆန္ဒနယ်အမှတ်(၆) | မြစ်ကြီးနားမြို့နယ်နှင့် အင်ဂျန်းယန်မြို့နယ်။ | ၁ ဦး |
| | **ကယားပြည်နယ် အမျိုးသားလွှတ်တော်(မဲအများ ဆုံးရသူအနိုင်ယူစနစ်)** | | |
| ၇ | မဲဆန္ဒနယ်အမှတ်(၁) | လွိုင်ကော်မြို့နယ်။ | ၁ ဦး |
| ၈ | မဲဆန္ဒနယ်အမှတ်(၂) | ဘောလခဲမြို့နယ်။ | ၁ ဦး |
| ၉ | မဲဆန္ဒနယ်အမှတ်(၃) | ဒီးမော့ဆိုမြို့နယ်။ | ၁ ဦး |
| ၁၀ | မဲဆန္ဒနယ်အမှတ်(၄) | ဖရူဆိုမြို့နယ်။ | ၁ ဦး |
| ၁၁ | မဲဆန္ဒနယ်အမှတ်(၅) | ဖားဆောင်းမြို့နယ်။ | ၁ ဦး |
| ၁၂ | မဲဆန္ဒနယ်အမှတ်(၆) | မယ်စဲ့မြို့နယ်နှင့်ရှားတောမြို့နယ်။ | ၁ ဦး |
| | **ကရင်ပြည်နယ် အမျိုးသားလွှတ်တော်(မဲအများ ဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁၃ | မဲဆန္ဒနယ်အမှတ်(၁) | ကော့ကရိတ်မြို့နယ်။ | ၁ ဦး |
| ၁၄ | မဲဆန္ဒနယ်အမှတ်(၂) | ကြာအင်းဆိပ်ကြီးမြို့နယ်။ | ၁ ဦး |
| ၁၅ | မဲဆန္ဒနယ်အမှတ်(၃) | လှိုင်းဘွဲ့မြို့နယ်။ | ၁ ဦး |
| ၁၆ | မဲဆန္ဒနယ်အမှတ်(၄) | ဘားအံမြို့နယ်။ | ၁ ဦး |
| ၁၇ | မဲဆန္ဒနယ်အမှတ်(၅) | မြဝတီမြို့နယ်။ | ၁ ဦး |
| ၁၈ | မဲဆန္ဒနယ်အမှတ်(၆) | သံတောင်ကြီးမြို့နယ်နှင့် ဖာပွန်မြို့နယ်။ | ၁ ဦး |
| | **ချင်းပြည်နယ် အမျိုးသားလွှတ်တော်(မဲအများ ဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁၉ | မဲဆန္ဒနယ်အမှတ်(၁) | တီးတိန်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | မဲဆန္ဒနယ်အမှတ်(၂) | ပလက်ဝခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | မဲဆန္ဒနယ်အမှတ်(၃) | ဖလမ်းခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | မဲဆန္ဒနယ်အမှတ်(၄) | မတူပီခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | မဲဆန္ဒနယ်အမှတ်(၅) | မင်းတပ်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | မဲဆန္ဒနယ်အမှတ်(၆) | ဟားခါးခရိုင်တစ်ခုလုံး။ | ၁ ဦး |
| | **စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်(မဲအများ ဆုံးရသူအနိုင်ယူစနစ်)** | | |
| ၂၅ | မဲဆန္ဒနယ်အမှတ်(၁) | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ | ၁ ဦး |
| ၂၆ | မဲဆန္ဒနယ်အမှတ်(၂) | ခန္တီးခရိုင်တစ်ခုလုံး၊ ဟုမ္မလင်းခရိုင်တစ်ခုလုံး၊ မော်လိုက်ခရိုင်တစ်ခုလုံးနှင့် တမူးခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၂၇ | မဲဆန္ဒနယ်အမှတ်(၃) | ကလေးခရိုင်တစ်ခုလုံးနှင့် ယင်းမာပင်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၂၈ | မဲဆန္ဒနယ်အမှတ်(၄) | မုံရွာခရိုင်တစ်ခုလုံးနှင့် စစ်ကိုင်းခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၂၉ | မဲဆန္ဒနယ်အမှတ်(၅) | ရွှေဘိုခရိုင်တစ်ခုလုံးနှင့် ရေဦးခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၃၀ | မဲဆန္ဒနယ်အမှတ်(၆) | ကသာခရိုင်တစ်ခုလုံး၊ ကောလင်းခရိုင်တစ်ခုလုံးနှင့် ကန့်ဘလူခရိုင်တစ်ခုလုံး။ | ၁ ဦး |
| | **တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (မဲအများ ဆုံးရသူအနိုင်ယူစနစ်)** | | |
| ၃၁ | မဲဆန္ဒနယ်အမှတ်(၁) | ကော့သောင်းခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၃၂ | မဲဆန္ဒနယ်အမှတ်(၂) | ထားဝယ်မြို့နယ်နှင့်သရက်ချောင်းမြို့နယ်။ | ၁ ဦး |
| ၃၃ | မဲဆန္ဒနယ်အမှတ်(၃) | ရေဖြူမြို့နယ်နှင့် လောင်းလုံးမြို့နယ်။ | ၁ ဦး |
| ၃၄ | မဲဆန္ဒနယ်အမှတ်(၄) | ဘုတ်ပြင်းခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၃၅ | မဲဆန္ဒနယ်အမှတ်(၅) | ပုလောမြို့နယ်နှင့် မြိတ်မြို့နယ်။ | ၁ ဦး |
| ၃၆ | မဲဆန္ဒနယ်အမှတ်(၆) | ကျွန်းစုမြို့နယ်နှင့် တနင်္သာရီမြို့နယ်။ | ၁ ဦး |
| | **ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်(မဲအများ ဆုံးရသူအနိုင်ယူစနစ်)** | | |
| ၃၇ | မဲဆန္ဒနယ်အမှတ်(၁) | ညောင်လေးပင်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၃၈ | မဲဆန္ဒနယ်အမှတ်(၂) | တောင်ငူခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၃၉ | မဲဆန္ဒနယ်အမှတ်(၃) | နတ်တလင်းခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၄၀ | မဲဆန္ဒနယ်အမှတ်(၄) | ပဲခူးခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၄၁ | မဲဆန္ဒနယ်အမှတ်(၅) | ပြည်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၄၂ | မဲဆန္ဒနယ်အမှတ်(၆) | သာယာဝတီခရိုင်တစ်ခုလုံး။ | ၁ ဦး |
| | **မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်(မဲအများ ဆုံးရသူအနိုင်ယူစနစ်)** | | |
| ၄၃ | မဲဆန္ဒနယ်အမှတ်(၁) | ချောက်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၄၄ | မဲဆန္ဒနယ်အမှတ်(၂) | နတ်မောက်မြို့နယ်၊ မကွေးမြို့နယ်နှင့် မြို့သစ်မြို့နယ်။ | ၁ ဦး |
| ၄၅ | မဲဆန္ဒနယ်အမှတ်(၃) | အောင်လံခရိုင်တစ်ခုလုံးနှင့်တောင်တွင်းကြီးမြို့နယ်။ | ၁ ဦး |
| ၄၆ | မဲဆန္ဒနယ်အမှတ်(၄) | ဂန့်ဂေါခရိုင်တစ်ခုလုံး၊ ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် မင်းဘူးမြို့နယ်။ | ၁ ဦး |
| ၄၇ | မဲဆန္ဒနယ်အမှတ်(၅) | ပခုက္ကူခရိုင်တစ်ခုလုံးနှင့် စလင်းမြို့နယ်။ | ၁ ဦး |
| ၄၈ | မဲဆန္ဒနယ်အမှတ်(၆) | သရက်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| | **မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်(မဲအများ ဆုံးရသူအနိုင်ယူစနစ်)** | | |
| ၄၉ | မဲဆန္ဒနယ်အမှတ်(၁) | ကျောက်ဆည်ခရိုင်တစ်ခုလုံးနှင့် တံတားဦးခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၅၀ | မဲဆန္ဒနယ်အမှတ်(၂) | ညောင်ဦးခရိုင်တစ်ခုလုံးနှင့် မြင်းခြံခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၅၁ | မဲဆန္ဒနယ်အမှတ်(၃) | ပြင်ဦးလွင်ခရိုင်တစ်ခုလုံး၊ သပိတ်ကျင်းခရိုင်တစ်ခုလုံးနှင့် အောင်မြေသာစံခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၅၂ | မဲဆန္ဒနယ်အမှတ်(၄) | မဟာအောင်မြေခရိုင်တစ်ခုလုံးနှင့် အမရပူရခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၅၃ | မဲဆန္ဒနယ်အမှတ်(၅) | မိတ္ထီလာခရိုင်တစ်ခုလုံးနှင့် ရမည်းသင်းခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၅၄ | မဲဆန္ဒနယ်အမှတ်(၆) | ပြည်ထောင်စုနယ်မြေတစ်ခုလုံး။ | ၁ ဦး |
| | **မွန်ပြည်နယ် အမျိုးသားလွှတ်တော် (မဲအများ ဆုံးရသူအနိုင်ယူစနစ်)** | | |
| ၅၅ | မဲဆန္ဒနယ်အမှတ်(၁) | ကျိုက်ထိုခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၅၆ | မဲဆန္ဒနယ်အမှတ်(၂) | မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်။ | ၁ ဦး |
| ၅၇ | မဲဆန္ဒနယ်အမှတ်(၃) | မုဒုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်။ | ၁ ဦး |
| ၅၈ | မဲဆန္ဒနယ်အမှတ်(၄) | ချောင်းဆုံမြို့နယ်။ | ၁ ဦး |
| ၅၉ | မဲဆန္ဒနယ်အမှတ်(၅) | ရေးခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၆၀ | မဲဆန္ဒနယ်အမှတ်(၆) | သထုံခရိုင်တစ်ခုလုံး။ | ၁ ဦး |
| | **ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် (မဲအများ ဆုံးရသူအနိုင်ယူစနစ်)** | | |
| ၆၁ | မဲဆန္ဒနယ်အမှတ်(၁) | တောင်ကုတ်ခရိုင်တစ်ခုလုံးနှင့် သံတွဲခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၆၂ | မဲဆန္ဒနယ်အမှတ်(၂) | ကျောက်ဖြူခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၆၃ | မဲဆန္ဒနယ်အမှတ်(၃) | စစ်တွေခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၆၄ | မဲဆန္ဒနယ်အမှတ်(၄) | မောင်တောခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၆၅ | မဲဆန္ဒနယ်အမှတ်(၅) | မြောက်ဦးခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၆၆ | မဲဆန္ဒနယ်အမှတ်(၆) | အမ်းခရိုင်တစ်ခုလုံး။ | ၁ ဦး |

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

| | | | |
|---|---|---|---|
| | **ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၆၇ | မဲဆန္ဒနယ်အမှတ်(၁) | ကျောက်တံတားခရိုင်တစ်ခုလုံး၊ ဗိုလ်တထောင်ခရိုင်တစ်ခုလုံးနှင့် သဃ်္ဃန်းကျွန်းခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၆၈ | မဲဆန္ဒနယ်အမှတ်(၂) | ကမာရွတ်ခရိုင်တစ်ခုလုံး၊ မရမ်းကုန်းခရိုင်တစ်ခုလုံးနှင့် အလုံခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၆၉ | မဲဆန္ဒနယ်အမှတ်(၃) | တိုက်ကြီးခရိုင်တစ်ခုလုံး၊ မှော်ဘီခရိုင်တစ်ခုလုံးနှင့် လှည်းကူးခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၇၀ | မဲဆန္ဒနယ်အမှတ်(၄) | မင်္ဂလာဒုံခရိုင်တစ်ခုလုံးနှင့် အင်းစိန်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၇၁ | မဲဆန္ဒနယ်အမှတ်(၅) | တွံတေးခရိုင်တစ်ခုလုံးနှင့် သန်လျင်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၇၂ | မဲဆန္ဒနယ်အမှတ်(၆) | ဒဂုံမြို့သစ်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| | **ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၇၃ | မဲဆန္ဒနယ်အမှတ်(၁) | “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း။ | ၁ ဦး |
| ၇၄ | မဲဆန္ဒနယ်အမှတ်(၂) | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ | ၁ ဦး |
| ၇၅ | မဲဆန္ဒနယ်အမှတ်(၃) | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ | ၁ ဦး |
| ၇၆ | မဲဆန္ဒနယ်အမှတ်(၄) | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ | ၁ ဦး |
| ၇၇ | မဲဆန္ဒနယ်အမှတ်(၅) | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ | ၁ ဦး |
| ၇၈ | မဲဆန္ဒနယ်အမှတ်(၆) | ကလောခရိုင်တစ်ခုလုံး၊ ကျောက်မဲခရိုင်တစ်ခုလုံး၊ ကျိုင်းတုံခရိုင်တစ်ခုလုံး၊ ကွတ်ခိုင်ခရိုင်တစ်ခုလုံး၊ တာချီလိတ်ခရိုင်တစ်ခုလုံး၊ တောင်ကြီးခရိုင်တစ်ခုလုံး၊ တန့်ယန်းခရိုင်တစ်ခုလုံး၊ နမ့်စန်ခရိုင်တစ်ခုလုံး၊ မူဆယ်ခရိုင်တစ်ခုလုံး၊ မိုးမိတ်ခရိုင်တစ်ခုလုံး၊ မိုင်းဆတ်ခရိုင်တစ်ခုလုံး၊ မိုင်းတုံခရိုင်တစ်ခုလုံး၊ မိုင်းယောင်းခရိုင်တစ်ခုလုံး၊ မိုင်းယန်းခရိုင်တစ်ခုလုံး၊ မိုင်းရှူးခရိုင်တစ်ခုလုံး၊ မိုင်းလားခရိုင်တစ်ခုလုံး၊ လားရှိုးခရိုင်တစ်ခုလုံး၊ လင်းခေးခရိုင်တစ်ခုလုံးနှင့် လွိုင်လင်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| | **ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၇၉ | မဲဆန္ဒနယ်အမှတ်(၁) | ကျုံပျော်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၈၀ | မဲဆန္ဒနယ်အမှတ်(၂) | ပုသိမ်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၈၁ | မဲဆန္ဒနယ်အမှတ်(၃) | ဖျာပုံခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၈၂ | မဲဆန္ဒနယ်အမှတ်(၄) | မအူပင်ခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၈၃ | မဲဆန္ဒနယ်အမှတ်(၅) | မြောင်းမြခရိုင်တစ်ခုလုံးနှင့် လပွတ္တာခရိုင်တစ်ခုလုံး။ | ၁ ဦး |
| ၈၄ | မဲဆန္ဒနယ်အမှတ်(၆) | မြန်အောင်ခရိုင်တစ်ခုလုံးနှင့် ဟင်္သာတခရိုင်တစ်ခုလုံး။ | ၁ ဦး |

ပူးတွဲ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်များ

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများ | ရွေးကောက်တင်မြှောက်ရမည့်လွှတ်တော်ကိုယ်စားလှယ် အရေအတွက် |
|---|---|---|---|
| | **ကချင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | ပူတာအိုခရိုင်တစ်ခုလုံး၊ ချီဖွေခရိုင်တစ်ခုလုံး၊ တနိုင်းခရိုင်တစ်ခုလုံးနှင့် ဝိုင်းမော်မြို့နယ်။ | ၂ ဦး |
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | ဗန်းမော်ခရိုင်တစ်ခုလုံး၊ မိုးညှင်းခရိုင်တစ်ခုလုံး၊ မြစ်ကြီးနားမြို့နယ်နှင့် အင်ဂျန်းယန်မြို့နယ်။ | ၄ ဦး |
| | **ကယားပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၃ | မဲဆန္ဒနယ်အမှတ်(၁) | ကယားပြည်နယ်တစ်ခုလုံး။ | ၆ ဦး |
| | **ကရင်ပြည်နယ် အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၄ | မဲဆန္ဒနယ်အမှတ်(၁) | ကရင်ပြည်နယ်တစ်ခုလုံး။ | ၆ ဦး |
| | **ချင်းပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၅ | မဲဆန္ဒနယ်အမှတ်(၁) | ချင်းပြည်နယ်တစ်ခုလုံး။ | ၆ ဦး |
| | **စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၆ | မဲဆန္ဒနယ်အမှတ်(၁) | ခန္တီးခရိုင်တစ်ခုလုံး၊ ဟုမ္မလင်းခရိုင်တစ်ခုလုံး၊ မော်လိုက်ခရိုင် တစ်ခုလုံး၊ တမူးခရိုင် တစ်ခုလုံး၊ ကလေးခရိုင်တစ်ခုလုံးနှင့် ယင်းမာပင်ခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၇ | မဲဆန္ဒနယ်အမှတ်(၂) | မုံရွာခရိုင်တစ်ခုလုံး၊ ရွှေဘိုခရိုင်တစ်ခုလုံး၊ ရေဦးခရိုင်တစ်ခုလုံး၊ စစ်ကိုင်းခရိုင်တစ်ခုလုံး၊ ကသာခရိုင်တစ်ခုလုံး၊ ကောလင်းခရိုင်တစ်ခုလုံးနှင့် ကန့်ဘလူခရိုင်တစ်ခုလုံး။ | ၄ ဦး |
| | **တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၈ | မဲဆန္ဒနယ်အမှတ်(၁) | တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံး။ | ၆ ဦး |
| | **ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၉ | မဲဆန္ဒနယ်အမှတ်(၁) | နတ်တလင်းခရိုင်တစ်ခုလုံး၊ ပြည်ခရိုင်တစ်ခုလုံးနှင့် သာယာဝတီခရိုင်တစ်ခုလုံး။ | ၃ ဦး |
| ၁၀ | မဲဆန္ဒနယ်အမှတ်(၂) | ညောင်လေးပင်ခရိုင်တစ်ခုလုံး၊ တောင်ငူခရိုင်တစ်ခုလုံး၊ ပဲခူးခရိုင်တစ်ခုလုံး။ | ၃ ဦး |
| | **မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၁ | မဲဆန္ဒနယ်အမှတ်(၁) | ဂန့်ဂေါခရိုင်တစ်ခုလုံး၊ ပခုက္ကူခရိုင်တစ်ခုလုံးနှင့် မင်းဘူးခရိုင်တစ်ခုလုံး။ | ၃ ဦး |
| ၁၂ | မဲဆန္ဒနယ်အမှတ်(၂) | ချောက်ခရိုင်တစ်ခုလုံး၊ မကွေးခရိုင်တစ်ခုလုံး၊ သရက်ခရိုင် တစ်ခုလုံးနှင့် အောင်လံခရိုင် တစ်ခုလုံး။ | ၃ ဦး |
| | **မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၃ | မဲဆန္ဒနယ်အမှတ်(၁) | တံတားဦးခရိုင် တစ်ခုလုံး၊ ပြင်ဦးလွင်ခရိုင်တစ်ခုလုံး၊ မဟာအောင်မြေခရိုင်တစ်ခုလုံး၊ သပိတ်ကျင်းခရိုင်တစ်ခုလုံး၊ အမရပူရခရိုင် တစ်ခုလုံးနှင့် အောင်မြေသာစံခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၁၄ | မဲဆန္ဒနယ်အမှတ်(၂) | ကျောက်ဆည်ခရိုင်တစ်ခုလုံး၊ ညောင်ဦးခရိုင်တစ်ခုလုံး၊ မိတ္ထီလာခရိုင်တစ်ခုလုံး၊ မြင်းခြံခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၁၅ | မဲဆန္ဒနယ်အမှတ်(၃) | ရမည်းသင်းခရိုင်တစ်ခုလုံးနှင့်ပြည်ထောင်စုနယ်မြေတစ်ခုလုံး။ | ၂ ဦး |
| | **မွန်ပြည်နယ် အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၆ | မဲဆန္ဒနယ်အမှတ်(၁) | မွန်ပြည်နယ်တစ်ခုလုံး။ | ၆ ဦး |
| | **ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၇ | မဲဆန္ဒနယ်အမှတ်(၁) | စစ်တွေခရိုင်တစ်ခုလုံး၊ မောင်တောခရိုင်တစ်ခုလုံးနှင့် မြောက်ဦးခရိုင်တစ်ခုလုံး။ | ၃ ဦး |
| ၁၈ | မဲဆန္ဒနယ်အမှတ်(၂) | ကျောက်ဖြူခရိုင်တစ်ခုလုံး၊ တောင်ကုတ်ခရိုင်တစ်ခုလုံး၊ သံတွဲခရိုင်တစ်ခုလုံးနှင့် အမ်းခရိုင်တစ်ခုလုံး။ | ၃ ဦး |

စာမျက်နှာ ၂၃ သို့

## ဘူးသီးတောင်မြို့နယ်အတွင်း ငှက်သေကျေးရွာအုပ်စု ထန်းရှောက်ခံကျေးရွာမှ ဒေသခံ ဘင်္ဂါလီရွာသား ၆၀၀ ကျော်ကို AA အကြမ်းဖက်သောင်းကျန်းသူများက လူမျိုးသုဉ်းသတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ နိုင်ငံခြားမီဒီယာများအပါအဝင် မီဒီယာတွေမေးမြန်းနေတဲ့ ဘူးသီးတောင်မြို့နယ်အတွင်း ငှက်သေကျေးရွာအုပ်စု ထန်းရှောက်ခံကျေးရွာမှာ ဒေသခံ ဘင်္ဂါလီရွာသား ဦးရေ ၆၀၀ ကျော်ကို AA အကြမ်းဖက်သောင်းကျန်းသူတွေက လူမျိုးသုဉ်း သတ်ဖြတ်ခဲ့မှုဖြစ်စဉ်နဲ့ပတ်သက်ပြီး ပြောကြားသွားမှာဖြစ်ပါတယ်။ ထန်းရှောက်ခံရွာဆိုတာ မေယုမြစ်ရဲ့ အရှေ့ဘက်ခြမ်း ဘူးသီးတောင်-ရသေ့တောင် ကားလမ်းဘေးမှာရှိတဲ့ ဘင်္ဂါလီကျေးရွာဖြစ်ပြီး ဒေသအခေါ် ဟိုယာဆီးရီးလို့လည်း ခေါ်ကြပါတယ်။

AA အကြမ်းဖက် သောင်းကျန်းသူတွေဟာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်ကစပြီး ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ လုံခြုံရေးစခန်းများနဲ့မြို့ရွာများကို စတင်တိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းကမြို့ရွာတွေမှာတိုက်ပွဲတွေဖော်ဆောင်လာတဲ့အတွက် ဒေသတည်ငြိမ်အေးချမ်းမှုကို လိုလားတဲ့ ဒေသခံတွေဟာ AA အကြမ်းဖက်သောင်းကျန်းသူတွေကို အလိုမရှိကြောင်း ငြိမ်းချမ်းစွာဆန္ဒပြဖော်ထုတ်မှုတွေ ဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၂၄ ခုနှစ် မတ် ၁၉ ရက် ညနေ ၃နာရီမှာ ဘူးသီးတောင်မြို့ ရပ်ကွက်ကျေးရွာတွေမှာရှိတဲ့ ဒေသတည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ဘင်္ဂါလီလူမျိုးအင်အား ၂၀၀၀ ကျော်၊ ၂၀၂၄ ခုနှစ် မတ် ၂၁ ရက်မှာ စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၊ ကသဲရပ်ကွက်၊ သန်တော်နီရပ်ကွက်များက ဒေသတည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ဘင်္ဂါလီများ၊ ၂၀၂၄ ခုနှစ် မတ် ၂၃ရက်မှာ စစ်တွေမြို့နယ် ဘုမေကျေးရွာနဲ့ ဘာဆာရာကျေးရွာတို့က ဘင်္ဂါလီလူမျိုးများ၊ ၂၀၂၄ ခုနှစ် ဧပြီ ၂၀ ရက်မှာ စစ်တွေမြို့နယ် ဘုမေကျေးရွာနဲ့ ပတ်ဝန်းကျင်ကျေးရွာများမှဘင်္ဂါလီလူမျိုးများဟာ ရခိုင်ပြည်နယ်က မြို့ရွာများမှာ တိုက်ပွဲဖော်ဆောင်နေတဲ့ AA သောင်းကျန်းသူအလိုမရှိကြောင်း ဆန္ဒဖော်ထုတ်မှုတွေ ဆောင်ရွက်ခဲ့ကြတာကို တွေ့ရှိရပါတယ်။

AA အကြမ်းဖက်သောင်းကျန်းသူတွေဟာ ၂၀၂၄ ခုနှစ် မတ် ၂၂ ရက်မှာ ဘူးသီးတောင်မြို့နယ်က ဒေသခံလုံခြုံရေးတပ်စခန်းတစ်ခုကို စတင်တိုက်ခိုက်ခဲ့ပြီး ကျန်တဲ့လုံခြုံရေးတပ်စခန်းတွေကိုလည်း ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး မေယုမြစ်ရဲ့ အရှေ့ဘက်ခြမ်းမှာရှိတဲ့ လုံခြုံရေးတပ်စခန်းတွေက တပ်ဖွဲ့ဝင်တွေအနေနဲ့ တပ်အပြင်ကို မထွက်နိုင်တော့ပါဘူး။ ဒီဖြစ်စဉ်ဖြစ်ပွားတဲ့ ၂၀၂၄ ခုနှစ် မေ ၂ ရက်ဟာ နယ်မြေခံစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ကို AA အကြမ်းဖက်သောင်းကျန်းသူတွေက သိမ်းပိုက်ခဲ့တဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့် ထန်းရှောက်ခံရွာ ဖြစ်စဉ်ဖြစ်ပွားတဲ့အချိန်မှာ မေယုမြစ်ရဲ့ အရှေ့ဘက်ခြမ်းမှာ မြန်မာ့တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးအဖွဲ့ဝင်တွေမရှိတော့ပါဘူး။AA အကြမ်းဖက် သောင်းကျန်းသူတွေအနေနဲ့ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ဖြေရှင်းရာမှာ ပထမပိုင်းက တပ်မတော်ကလုပ်ကြောင်း လွှဲချခဲ့ပါတယ်။နောက်ပိုင်းပြောတဲ့ အချိန်ကျတော့ဒီအလောင်းတွေဟာ တပ်မတော်က အလောင်းတွေဖြစ်တယ်လို့ ပြောပြန်ပါတယ်။ သူတို့ဘက်ကပြောဆိုမှုတွေဟာ ရှေ့နောက်မညီမှုကိုကြည့်ရင် ဒီဖြစ်စဉ်ကို AA အကြမ်းဖက်သောင်းကျန်းသူတွေက ဒေသခံ ဘင်္ဂါလီတွေအပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကျူးလွန်ခဲ့တယ်ဆိုတာ ပိုပြီးသိသာထင်ရှားစေပါတယ်။ ပိုပြီးသိသာစေတဲ့ အထောက်အထားများကတော့ အစုလိုက်အပြုံလိုက်သေဆုံးသူတွေထဲမှာ အမျိုးသမီးနဲ့ ကလေးငယ်အများအပြား ပါဝင်နေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် မေ ၄ ရက် ညနေပိုင်းမှာတော့ ဘူးသီးတောင်မြို့ရဲ့ မြို့ပေါ်ရပ်ကွက်များက ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းရေးကိုလိုလားတဲ့ ဘင်္ဂါလီလူမျိုးတွေဟာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လုံးဝလက်မခံဘဲ ဆန့်ကျင်ကန့်ကွက်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။

မြန်မာ့တပ်မတော်ရဲ့ နောက်ဆုံးကျန်ခဲ့တဲ့ လုံခြုံရေးအဖွဲ့ဟာ ၂၀၂၄ ခုနှစ် မေ ၁၄ ရက် မနက်အစောပိုင်းမှာ ဘူးသီးတောင်မြို့ကနေ ဆုတ်ခွာခဲ့ပါတယ်။ ဒီလိုဆုတ်ခွာသွားပြီးနောက်ပိုင်း မေ ၁၆ ရက် ည ၉ နာရီအချိန်လောက်မှာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေ ဘူးသီးတောင်မြို့ထဲဝင်ရောက်လာပြီး ဘင်္ဂါလီတွေကို “အိမ်တွေကနေ မထွက်ရင် မီးထဲသေမယ်”ဆိုပြီး ခြိမ်းခြောက်ပြောဆိုခဲ့မှုများရှိသလို ဘူးသီးတောင်မြို့က ရပ်ကွက် ခုနစ်ခုနဲ့ ကျင်လတ်ကျေးရွာတို့က နေအိမ်တွေကိုမီးစတင်ရှို့ခဲ့ကြောင်း ဒေသခံဘင်္ဂါလီများအပါအဝင် ဒေသခံတိုင်းရင်းသားလူမျိုးများရဲ့ ပြောကြားချက်များအရ သိရှိရပါတယ်။

၂၀၂၄ ခုနှစ် မေ ၁၇ ရက်မှာတော့ AA အကြမ်းဖက်သောင်းကျန်းသူတွေဟာ ဒရုန်းတွေသုံးပြီး ဘူးသီးတောင်မြို့ပေါ်က ဘင်္ဂါလီဒုက္ခသည်များရှိနေတဲ့ စာသင်ကျောင်းကို ဖုံးချတိုက်ခိုက်ခဲ့တဲ့အတွက်ကြောင့် ကံပြင်၊ ဇော်ဘော်၊ ကကျက်ဘက်၊ မြောင်းနား၊ အလယ်ချောင်း၊ ကွန်တိုင်ဘကုံးနား၊ ဘကုံးနားတောင်ရွာ၊ လက်ဝဲဒက်နဲ့ ရွက်ညိုတောင်ရွာတွေကနေ လာရောက်ခိုလှုံနေကြတဲ့ ဒေသခံဘင်္ဂါလီ ဦးရေ ၂၀၀ နီးပါး ထိခိုက်ဒဏ်ရာတွေ ရရှိခဲ့ကြောင်းလည်း သိရှိရပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း သူတို့ကို ဘူးသီးတောင်မြို့မှာရှိတဲ့ တပ်မတော်ဆေးရုံတွေမှာ ဆေးရုံတက်ရောက်ကုသလျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့တာတွေ ရှိပါတယ်။ မေ ၁၈ ရက်မှာတော့ ဘူးသီးတောင်မြို့ကို သိမ်းပိုက်နိုင်ခဲ့ကြောင်း AA အကြမ်းဖက်သောင်းကျန်းသူတွေက ထုတ်ပြန်ခဲ့တာကို တွေ့ရှိရပါတယ်။




ရခိုင်ပြည်နယ် မြောက်ပိုင်းက မြို့ရွာတွေမှာနေထိုင်တဲ့ ဘင်္ဂါလီတွေဟာ ဒေသတည်ငြိမ်အေးချမ်းမှုကိုလိုလားတဲ့အတွက် AA အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ လုပ်ရပ်တွေကို လုံးဝလက်မခံကြောင်း ကန့်ကွက်ဆန္ဒပြခဲ့ကြတာဖြစ်လို့ ဘင်္ဂါလီတွေအပေါ် AA အကြမ်းဖက်သောင်းကျန်းသူတွေက အငြိုးအတေးထားပြီး လူမျိုးရေးမုန်းတီးမှုကိုရှေ့တန်းတင်ကာ ထန်းရှောက်ခံရွာက အပြစ်မဲ့ဒေသခံတွေကို ဥပဒေမဲ့အစုလိုက်အပြုံလိုက် သတ်ဖြတ်မီးရှို့မှုကို လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

AA အကြမ်းဖက်သောင်းကျန်းသူတွေဟာ ရခိုင်ပြည်နယ်က တိုက်ပွဲတွေထဲမှာ ဘင်္ဂါလီတွေအပေါ် အငြိုးထားပြီး အကြောင်းမဲ့သတ်ဖြတ်မှုတွေကို ဆက်တိုက်လုပ်ဆောင်ခဲ့တာကို တွေ့ရှိနိုင်ပါတယ်။ ဒီလိုလုပ်ဆောင်ခဲ့မှုတွေထဲက ဘင်္ဂါလီ ရာနှင့်ချီသေဆုံးအောင်တိုက်ခိုက်မှု နောက်တစ်ခုအနေနဲ့ ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်မှာ မောင်တောမြို့အနောက်ဘက် နတ်မြစ်ကမ်းမှာ စစ်ဘေးရှောင်ဖို့ လှေစောင့်နေတဲ့ ဘင်္ဂါလီတွေကို AA အကြမ်းဖက်သောင်းကျန်းသူထိန်းချုပ်ထားတဲ့ ရွှေဇားကျေးရွာဘက်ကနေ ဒရုန်းနဲ့ Drop Bomb တွေ အဆက်မပြတ်ချပြီးတိုက်ခိုက်ခဲ့တဲ့အတွက် ဘင်္ဂါလီဦးရေ ၂၀၀ ကျော် သေဆုံးခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။

နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ စစ်တွေနဲ့ ရန်ကုန်တို့ကို စစ်ဘေးတိမ်းရှောင်လာတဲ့ ဘင်္ဂါလီတွေကို တတ်နိုင်သမျှ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘူးသီးတောင်၊ မောင်တောအပါအဝင် ရခိုင်ပြည်နယ်မှာ ဖြစ်ပျက်ခဲ့တဲ့ AA ရဲ့ လူမဆန်မှုတွေနဲ့ပတ်သက်ပြီး စစ်ဘေးရှောင်တွေမှာ မျက်မြင်ကိုယ်တွေ့ တွေ့ကြုံခဲ့ရတာလည်း အထောက်အထားတွေ အများကြီးရှိပါတယ်။

ရခိုင်ပြည်နယ်မှာ နေထိုင်ကြတဲ့ လူမျိုးစုတွေအကြားမှာ နဂိုကတည်းက လူမျိုးရေးပဋိပက္ခတွေဖြစ်ပေါ်လေ့ရှိတာတွေ့ရှိနိုင်ပါတယ်။ အထူးသဖြင့် ရခိုင်တိုင်းရင်းသားနဲ့ ဘင်္ဂါလီတွေကြားက ပဋိပက္ခဟာ ပိုပြီးကြီးမားတာကို တွေ့ရှိနိုင်ပါတယ်။ အခုလို အခြေအနေမျိုးမှာ AA အကြမ်းဖက် သောင်းကျန်းသူတွေအနေနဲ့ ဘင်္ဂါလီတွေအပေါ် လူမျိုးရေးအရ အငြိုးထားပြီး အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ ကျူးလွန်နေခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

စာမျက်နှာ ၂၂ မှအဆက်

| | | | |
|---|---|---|---|
| | **ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၉ | မဲဆန္ဒနယ်အမှတ်(၁) | တိုက်ကြီးခရိုင်တစ်ခုလုံး၊ မင်္ဂလာဒုံခရိုင်တစ်ခုလုံး၊ မှော်ဘီခရိုင် တစ်ခုလုံး၊ လှည်းကူးခရိုင်တစ်ခုလုံးနှင့် အင်းစိန်ခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၂၀ | မဲဆန္ဒနယ်အမှတ်(၂) | တွံတေးခရိုင်တစ်ခုလုံး၊ သန်လျင်ခရိုင်တစ်ခုလုံးနှင့် ဒဂုံမြို့သစ်ခရိုင်တစ်ခုလုံး။ | ၂ ဦး |
| ၂၁ | မဲဆန္ဒနယ်အမှတ်(၃) | ကမာရွတ်ခရိုင် တစ်ခုလုံး၊ ကျောက်တံတားခရိုင် တစ်ခုလုံး၊ ဗိုလ်တထောင်ခရိုင်တစ်ခုလုံး၊ မရမ်းကုန်းခရိုင်တစ်ခုလုံး၊ သဃ်န်းကျွန်းခရိုင် တစ်ခုလုံးနှင့် အလုံခရိုင်တစ်ခုလုံး။ | ၂ ဦး |
| | **ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၂၂ | မဲဆန္ဒနယ်အမှတ်(၁) | ကလောခရိုင်တစ်ခုလုံး၊ တောင်ကြီးခရိုင်တစ်ခုလုံး၊ နမ့်စန်ခရိုင် တစ်ခုလုံး၊ မိုင်းရှူးခရိုင် တစ်ခုလုံး၊ လင်းခေးခရိုင်တစ်ခုလုံးနှင့် လွိုင်လင်ခရိုင် တစ်ခုလုံး။ | ၂ ဦး |
| ၂၃ | မဲဆန္ဒနယ်အမှတ်(၂) | ကျောက်မဲခရိုင် တစ်ခုလုံး၊ ကွတ်ခိုင်ခရိုင်တစ်ခုလုံး၊ တန့်ယန်းခရိုင် တစ်ခုလုံး၊ မူဆယ်ခရိုင်တစ်ခုလုံး၊ မိုးမိတ်ခရိုင် တစ်ခုလုံးနှင့် လားရှိုးခရိုင် တစ်ခုလုံး။ | ၂ ဦး |
| ၂၄ | မဲဆန္ဒနယ်အမှတ်(၃) | ကျိုင်းတုံခရိုင် တစ်ခုလုံး၊ တာချီလိတ်ခရိုင် တစ်ခုလုံး၊ မိုင်းဆတ်ခရိုင် တစ်ခုလုံး၊ မိုင်းတုံခရိုင် တစ်ခုလုံး၊ မိုင်းယောင်းခရိုင် တစ်ခုလုံး၊ မိုင်းယန်းခရိုင် တစ်ခုလုံးနှင့် မိုင်းလားခရိုင် တစ်ခုလုံး။ | ၂ ဦး |
| | **ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၂၅ | မဲဆန္ဒနယ်အမှတ်(၁) | ကျုံပျော်ခရိုင်တစ်ခုလုံး၊ ပုသိမ်ခရိုင် တစ်ခုလုံး၊ မြောင်းမြခရိုင် တစ်ခုလုံးနှင့် လပွတ္တာခရိုင် တစ်ခုလုံး။ | ၃ ဦး |
| ၂၆ | မဲဆန္ဒနယ်အမှတ်(၂) | ဖျာပုံခရိုင်တစ်ခုလုံး၊ မအူပင်ခရိုင် တစ်ခုလုံး၊ မြန်အောင်ခရိုင် တစ်ခုလုံးနှင့် ဟင်္သာတခရိုင် တစ်ခုလုံး။ | ၃ ဦး |

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များသတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၂ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များသတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဃ) နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄ တို့အရ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) ဖြင့် ကျင်းပမည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များအား ပူးတွဲပါဇယားအတိုင်း မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၃၂၂ နယ်နှင့် အချိုးကျကိုယ်စားပြုစနစ် (PR) ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၄၂ နယ် စုစုပေါင်း ၃၆၄ နယ်အဖြစ် သတ်မှတ်ကြေညာလိုက်သည်။

ပူးတွဲ ။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၃၂၂ နယ်
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(မှတ်ချက်။ ပူးတွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ၃၂၂ နယ် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်စာရင်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ၄၂ နယ် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ်စာရင်းတို့ကို ဩဂုတ် ၁၇ ရက်ထုတ် ရတနာပုံသတင်းစာတွင် ဆက်လက်ဖော်ပြသွားပါမည်။ )

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၃ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် )

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဃ) နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄ တို့အရ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခွင့်ရှိသည့် တိုင်းရင်းသားလူမျိုးတစ်မျိုးစီအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလုံးကို မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် တစ်နယ်စီအဖြစ် ပူးတွဲပါဇယားအတိုင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

ပူးတွဲ ။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ်

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(မှတ်ချက်။ ပူးတွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ်စာရင်းကို ဩဂုတ် ၁၇ ရက်ထုတ် ရတနာပုံသတင်းစာတွင် ဆက်လက်ဖော်ပြသွားပါမည်။)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ကျော်ထွေး အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အာမခံလုပ်သားများသိစေရန် အသိပေးကြေညာခြင်း

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးနည်းဥပဒေများ နည်းဥပဒေ ၁၃၅ အရ သတ်မှတ်သည့် အာမခံထားသူ၏ အများဆုံးလုပ်ခဝင်ငွေနှင့် သားသမီးပညာသင်စရိတ်ခံစားခွင့်နှုန်းထားကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၀၃ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လူမှုဖူလုံရေးရန်ပုံငွေသို့ အနည်းဆုံး ၃၆ လ ထည့်ဝင်ကြေးငွေပေးသွင်းထားသည့် အာမခံထားသူ၏ သားသမီးများသည် နိုင်ငံပိုင်ကျောင်းများတွင်ဖြစ်စေ၊ နိုင်ငံတော်က အသိအမှတ်ပြုထားသော ကျောင်းများတွင်ဖြစ်စေ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ ပညာသင်စရိတ်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၁၆-၅-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၅)ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများ၏ အချိန်ပြည့် ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်တောင်းခံသည့် လျှောက်လွှာများကို ၁၆-၉-၂၀၂၅ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးများသို့ ပေးပို့လျှောက်ထားကြရန် အသိပေးကြေညာအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## ယခုအပတ်အတွင်း စက်သုံးဆီဈေးနှုန်းများ ကျဆင်းသွားပြီး ပွင့်လင်းကာလရာသီတွင် ပိုမိုလိုအပ်မည့်စက်သုံးဆီများ အဆက်မပြတ် တင်သွင်းရောက်ရှိရေး ကြိုတင်စီမံဆောင်ရွက်ထား

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများ ယခုအပတ်တွင် ဓာတ်ဆီတစ်လီတာလျှင် ငွေကျပ် ၄၀ နှင့် ဒီဇယ်ဆီ တစ်လီတာလျှင် ကျပ် ၁၀၀ မှ ကျပ် ၁၂၀ ထိ ကျဆင်းသွားကြောင်း၊ မည်သည့်အရောင်းဆိုင်တွင်မဆို ပမာဏကန့်သတ်ချက်မရှိဘဲ ကားများ လွယ်ကူစွာဝယ်ယူနိုင်ကြောင်းနှင့် လာမည့် ပွင့်လင်းကာလရာသီတွင် ပိုမိုလိုအပ်လာမည့် စက်သုံးဆီများကိုလည်း အဆက်မပြတ် တင်သွင်းရောက်ရှိရေး ကြိုတင်စီမံဆောင်ရွက်ထားကြောင်း စက်သုံးဆီလုပ်ငန်းရှင်တစ်ဦးထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၅ ခုနှစ် ဩဂုတ် ၁၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**❍ ရှေ့ဖုံးမှအဆက်**

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်၂၉ နယ်တို့ဖြစ်ကြောင်း သိရသည်။

ယင်းမဲဆန္ဒနယ်မြေ သတ်မှတ်ထုတ်ပြန်ချက်များနှင့် လွှတ်တော်အလိုက် မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများစာရင်းအသေးစိတ်ကို နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**☆ ကျောဖုံးမှအဆက်**

ညနေ ၃ နာရီတွင် ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာအုပ်စု ဆည်ကြီးကျေးရွာအနီးတွင် ကလေးမြို့မှ လက်ပံချောင်းကျေးရွာဘက်သို့ ဝင်းကိုကို(ခ)အဲကိုက ဆိုင်ကယ်ဆိုက်တွဲဖြင့် သယ်ဆောင်လာသည့် ချပ်ဖာများဖြင့်ထည့်လျက် ဘိန်းဖြူ ၁၅ ဒသမ ၀၇ ကီလို (၎င်းဒေသတန်ဖိုး ငွေကျပ် ၇၅၃၅ သိန်း)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၉၂ သိန်း (၎င်းဒေသ တန်ဖိုးငွေကျပ် ၁ ဒသမ ၉၈၄ ဘီလီယံ)တို့ကို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမှ ကလေးသို့ မူးယစ်ဆေးဝါးများသယ်ဆောင်လာပြီး လွှဲပြောင်းပေးအပ်ခဲ့သည့် တိုးတက်အောင်(ခ)မဲလုံးနှင့် အောင်ခန့်ဇော်(ခ)အောင်ကြီးတို့ကို ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်နယ်မြေ(၅) သတိပဋ္ဌာန်လမ်းသွယ်ရှိ နေအိမ်တွင် မန္တလေးမှ ကလေးသို့ မူးယစ်ဆေးဝါးများတင်ဆောင်ခဲ့သည့် HINO ၁၂ ဘီးယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**❑ နေရာကွက်၍ မိုးကြီးနိုင်မှ**

လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေ မှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်အပ်ပါသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နောင်ချိုမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်

မြန်မာ့စီးပွားရေးဘဏ်(နောင်ချို) ပြန်လည်ဖွင့်လှစ်ပွဲ ကျင်းပစဉ်။



**နေပြည်တော် ဩဂုတ် ၁၅**

နယ်မြေဒေသအခြေအနေအရ ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်မှစ၍ ယာယီရပ်ဆိုင်းထားခဲ့ရသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ်(နောင်ချို) ပြန်လည်ဖွင့်လှစ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ တပ်မတော်မှ တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်း၊ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ဘဏ်လုပ်ငန်း ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ရုံးဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ ဖွင့်လှစ်ပေးကြပြီး ဘဏ်အတွင်း၌ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

နောင်ချိုမြို့နယ်၏ ဘဏ်လုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်မှစ၍ ယာယီရပ်ဆိုင်းထားခဲ့ရပြီး နောင်ချိုမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်ပြီးနောက် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၂ ရက်မှစတင်၍ လုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသူများက ကြိုးစားဆောင်ရွက်ခဲ့ကြရာ ယနေ့တွင် ပြန်လည်လည်ပတ် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၆၄ ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၅**

၂၀၂၅ ခုနှစ် ၆၄ ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ နယ်မြေခံ လေတပ်စခန်းဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ မိတ္ထီလာ တပ်နယ်မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော် ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသော အားကစားသမားများကို တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရရှိသော လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူးကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၁၃ သင်းဖြင့် ဩဂုတ် ၁၁ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး တံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ရွှေငါး၏သဘာဝနှင့် ကျန်းမာရေးအတွက်အသုံးဝင်ပုံ

နှင်းအိ(ရာမည မြေ)

ရွှေငါးသည် ရေငန်ငါးတစ်မျိုးဖြစ်ပြီး မျိုးပေါင်း- အရိုးမာအုပ်စု၊ မျိုးစဉ်-အပိုလေရှုအင်္ဂါရှိသော ငါးအုပ်စုတွင်ပါဝင်ပြီး သိပ္ပံအမည်မှာ Nemipterus Japonicus ဖြစ်သည်။ အများအခေါ်(အင်္ဂလိပ်အခေါ်)မှာ Japanese Threadfin Bream ဟုလည်းခေါ်သည်။ ရေငန်တွင်နေထိုင်ပြီး Demersal ဟုခေါ်သော ရေအောက်လွှာ ရေအနက် ငါးမီတာမှ မီတာ ၈၀ တွင်နေပြီး အပူပိုင်းဒေသတွင်တွေ့ရှိရသည်။ ရွှေငါးကို အင်ဒိုပစိဖိတ်ဒေသတွင်လည်းတွေ့ရှိရသည်။

**အရွယ်အစားနှင့် သက်တမ်း**

ရွှေငါးသည် အရွယ်ရောက်ချိန်တွင် အလျားမှာ အရှည်ဆုံး စင်တီမီတာ ၃၂ ထိရှိပြီး အများဆုံးတွေ့နိုင်သောအလျားသည် ၂၅ စင်တီမီတာဖြစ်သည်။ ရွှေငါး၏အများဆုံးအလေးချိန်သည် ၅၉၆ ဂရမ်ထိရှိသည်။ လေ့လာရရှိသောအချက်အလက်များအရ အဆိုပါငါး၏သက်တမ်းသည် ရှစ်နှစ်ထိရှိကြောင်း သိရသည်။

**ပြင်ပလက္ခဏာများ**

ပြင်ပလက္ခဏာများကိုလေ့လာရာတွင် Dorsal-spine ဟုခေါ်သော ကျောရိုးဆူးမာ ၁၀ ခု၊ ကျောရိုးဆူးပျော့ လေးခု၊ စအိုဆူးရိုးပျော့ ခုနစ်ခုရှိသည်။ မျက်လုံးသည် နှာရောင်ထိပ်ဘေးဘက်အစွန်း၊ ရင်ရေယက်အပေါ်နားတွင်ရှိသည်။ ရင်ရေယက်သည် အလွန်ရှည်ပြီး တစ်လက်မမှ ၁ ဒသမ ၃ လက်မခန့်ရှိကာ စအိုထိရောက်ရှိသည်။ အမြီးသည် အတော်အသင့်အားဖြင့် ခက်ရင်းခွပုံစံရှိသည်။ အမြီး၏အပေါ်အဝိုက်သည် ရှည်ပြီး အောက်အဝိုက်သည်တိုတောင်းသည်။ အမြီးရေယက်မှတိုသော သို့မဟုတ် အသင့်အတင့်အနေအထားရှိသောအမျှင်ထွက်နေသည်။

**အရောင်**

အရောင်အားဖြင့်လေ့လာပါက ကိုယ်ထည်သည် အပေါ်ဘက်တွင် ပန်းရောင်သန်းပြီး အောက်ဘက်တွင် ငွေရောင်ရှိကာ ဦးခေါင်းထိပ်မျက်လုံးနောက်ဘက်တွင် ရွှေရောင် သို့မဟုတ် အဝါရောင်ဖျော့ဖျော့အစင်း ၁၁ ခုမှ ၁၃ ခုရှိ အစင်းချောင်းများရှိပြီး ဦးခေါင်းမှအမြီးထိရှည်လျားသည်။ ထင်ရှားသော အနီရောင်အကွက်များသည် Lateral Line ၏ဘေးတွင်တည်ရှိသည်။ ကျောရေယက်သည် အဖြူရောင်ဆန်ဆန်ရှိပြီး ထိုရေယက်ဘေးတွင် အဝါရောင်ရှိကာ အနားစွန်းတွင် အနီရောင်၊ ထိုရေယက်အခြေတွင် အစိမ်းဖျော့ရောင်ရှိသည်။ အမြီးရေယက်သည် ပန်းရောင်ရှိသည်။ နေရာပေါ်မူတည်၍ အရောင်ပြောင်းလဲတတ်သည်။

**အစာစားသည့် အလေ့အထ**

ရွှေငါးကို ကမ်းရိုးတန်းဒေသရှိရေပြင်များတွင် ပေါများစွာတွေ့ရသည်။ ရွှေငါးများသည် သေးငယ်သော(ငါး၊ ပုစွန်၊ ကဏန်း၊ ခရု)အုပ်စုဝင်များနှင့် အရေပြားကြမ်းသော သံပခြုပ်၊ သဲဒေါ်လာ စသည့်အကောင်ငယ်လေးများကို ရှာဖွေစားသောက်ကြသည်။

**ရွှေငါး စားဖွယ်စုံ**

ဈေးကွက်အနေဖြင့်ရောင်းချရာတွင် လတ်လတ်ဆတ်ဆတ်ရောင်းချခြင်း၊ ရေခဲရိုက်ရောင်းချခြင်းများရှိပြီး စားသုံးရာတွင် ပေါင်းစားခြင်း၊ဆားနယ်ခြင်း၊ ငါးခြောက်ပြုလုပ်ခြင်းအပြင် ငါးချဉ်၊ ငါးဆုပ်၊ ငါးအသားပြားပြုလုပ်၍လည်း စားသုံးကြသည်။

**အထီး၊ အမခွဲခြားခြင်း**

ရွှေငါးအမသည် အရွယ်အစားအားဖြင့်သေးပြီး အထီး၏အရွယ်အစားသည် အမထက်ကြီးထွားသည်။ အထီး၏ကြီးထွားနှုန်းသည် အမထက်ပိုမိုမြန်ဆန်သည်။ စီးပွားဖြစ်ရောင်းချနိုင်သောဈေးကွက်ဝင်ငါးအဖြစ် သတ်မှတ်ရောင်းဝယ်ကြသည်။

**မျိုးပွားခြင်း**

မျိုးပွားရာတွင် ပြင်ပသန္ဓေအောင်ခြင်းဖြင့် မျိုးပွားပြီး တစ်နှစ်လျှင် မျိုးပွားမှု နှစ်ကြိမ်ဖြစ်သည်။ ရွှေငါး၏မျိုးပွားရာသီသည် ဧပြီလမှ နိုဝင်ဘာလထိဖြစ်သည်။ မျိုးပွားနိုင်မှုအရွယ်မှာ ဥမှပေါက်ပြီး သုံးနှစ်အရွယ်ပင်ဖြစ်သည်။ မျိုးပွားမှုအမြင့်ဆုံးလမှာ ဇူလိုင်လဖြစ်သည်။



**ရွှေငါးနှင့်ကျန်းမာရေး**

ရွှေငါးသည် ကယ်လ်လိုရီပါဝင်မှုနည်းပြီး ပရိုတင်းပါဝင်မှုများသောကြောင့် ဦးနှောက်အတွက် အကျိုးပြုသည်။ ရွှေငါးတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ် အရေးပါသော Omega-3 Fatty Acid လည်း ပါဝင်သည်။ လူ၏ခန္ဓာကိုယ်မှ Omega-3 Fatty Acid ကိုမထုတ်လုပ်နိုင်ပေ။ လေ့လာမှုများအရ Omega-3 Fatty Acid သည် နှလုံးကိုကျန်းမာစေနိုင်သလို ခန္ဓာကိုယ်ကျန်းမာရေးအတွက်လည်း အရေးပါသည်။ ငါးကိုမကြိုက်လျှင်ပင် ခန္ဓာကိုယ်ကျန်းမာစေရန်အတွက် တစ်ပတ်ကို တစ်ကြိမ်၊ နှစ်ကြိမ်ခန့်မျှ ရွှေငါးအပါအဝင်ငါးများကို စားပေးသင့်သည်။ ရွှေငါးကို စားခြင်းဖြင့် အောက်ပါကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေသည်။

**နှလုံးရောဂါမဖြစ်အောင်ကာကွယ်ပေးခြင်း**

တစ်ပတ်လျှင် တစ်ကြိမ် ပုံမှန်ငါးစားသုံးသူများသည် ပုံမှန်ထက်နှလုံးရောဂါဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းနည်းနေသည်ဟု လေ့လာမှုများအရ တွေ့ရှိရသည်။ ငါးလုံးဝမစားသူများသည် ရံဖန်ရံခါ ငါးစားသူများထက် နှလုံးရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းခန့် ပိုများနေတတ်သည်ဟုလည်း သိရသည်။ ရွှေငါးအပါအဝင် ငါးများတွင်ပါသော Omega-3 Fatty Acid သည် နှလုံးရောဂါခံစားရနိုင်ခြေကို ကျဆင်းစေသည်။

**Alzheimers ဖြစ်နိုင်ခြေကိုနည်းပါးစေခြင်း**

တစ်ပတ်လျှင် တစ်ကြိမ်မျှ ရွှေငါးအပါအဝင် ငါးများကိုစားသုံးပေးမည်ဆိုလျှင် ဦးနှောက်နှင့် မှတ်ဉာဏ်စွမ်းရည်ကို ကောင်းမွန်စေနိုင်သည်။ ရွှေငါးကို ကြော်စားခြင်းထက် ဟင်းချက်စားခြင်း၊ ပေါင်းစားခြင်းသည် ကျန်းမာရေးနှင့် ပိုသင့်တော်သည်။ ရွှေငါးသည် ဦးနှောက်ဆဲလ်များကို ကျန်းမာစေနိုင်သည်။ မှတ်ဉာဏ်ကောင်းပြီး သင်ယူမှုအားကောင်းချင်သူများအတွက် ရွှေငါးသည် အသင့်တော်ဆုံး အစားအစာဖြစ်သည်။

**အရေပြားနှင့်ဆံသားကိုကျန်းမာစေနိုင်ခြင်း**

အရေပြားနှင့် ဆံသားကျန်းမာစေရန်အတွက် ခန္ဓာကိုယ်တွင် ကျန်းမာသောအဆီ ပြည့်ဝနေရန်လိုမည်။ အဆီပြည့်ဝနေမှ အသားအရေမှာ မွဲခြောက်မှုကင်းစင်မည်ဖြစ်သည်။ ရွှေငါးတွင်ပါသော Omega-3 သည် ကျန်းမာရေးနှင့်ညီညွတ်သောအဆီဖြစ်ခြင်းကြောင့် စားသုံးရန်သင့်တော်သည်။ ထို့မျှသာမက Omega-3 သည် အသားအရေကို အားဖြည့်ပေးသကဲ့သို့ ဆံသားကိုလည်း ကျန်းမာသန်စွမ်းစေသည်။

**စိတ်ဖိစီးမှုကိုလျော့ပါးသက်သာစေခြင်း**

ရွှေငါးအပါအဝင် ငါးတော်တော်များများတွင်ပါသော Omega-3 သည် စိတ်ဖိစီးမှုကို လျော့ပါးသက်သာစေနိုင်သည်ဟု လေ့လာမှုများအရ သိရသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် တစ်နေ့လျှင် Omega-3 မီလီဂရမ် ၃၀၀ ကို စားသုံးပေးမည်ဆိုလျှင် ကိုယ်ဝန်ဆောင်ကာလအတွင်း ခံစားရနိုင်သော စိတ်ကျရောဂါကို သက်သာစေနိုင်သည်ဟု ဆိုသည်။

**နာတာရှည်ဝေဒနာများမဖြစ်အောင် ကာကွယ်ပေးခြင်း**

ရွှေငါးအပါအဝင် ငါးတော်တော်များများသည် အမျိုးအစား- ၁ ဆီးချိုရောဂါကဲ့သို့ နာတာရှည်ဝေဒနာများမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ Omega-3 သည် ကလေးငယ်လေးများတွင်လည်း အမျိုးအစား-၁ ဆီးချိုရောဂါမဖြစ်အောင်ကာကွယ်ပေးနိုင်သကဲ့သို့ လေးဖက်နာဝေဒနာနှင့်အာရုံကြောထိခိုက်ပျက်စီးသောဝေဒနာများ ခံစားရနိုင်ခြေကိုလည်း လျော့ကျစေနိုင်သည်။

**ကလေးငယ်များတွင် ပန်းနာရင်ကျပ်မဖြစ်အောင် ကာကွယ်ပေးခြင်း**

ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ နာတာရှည်လေပြွန်ရောင်ရမ်းနေသော အနေအထားတစ်ရပ်ဖြစ်သည်။ ယခုနောက်ပိုင်း ပန်းနာရင်ကျပ်ရောဂါခံစားရသူအရေအတွက်မှာ တော်တော်လေးတိုးလာနေသည်။ ငါးပုံမှန်စားသုံးပေးသော ကလေးငယ်များမှာ ပန်းနာရင်ကျပ်ရောဂါ ဖြစ်နိုင်ခြေသည် ပုံမှန်ထက် ၂၄ ရာခိုင်နှုန်းပိုနည်းသည်ကို လေ့လာမှုများအရ တွေ့ရှိခဲ့ရသည်။ ကလေးငယ်လေးများမှာ ရွှေငါးအပါအဝင် ငါးများများစားလေလေ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေနည်းလေလေဖြစ်သည်။

**အမြင်အာရုံကောင်းမွန်စေခြင်း**

လူကြီးများတွင် ဖြစ်တတ်သည့် မြင်လွှာအလယ်ရောင်ခြယ်ပျက်သုဉ်းခြင်းမှာ အမြင်အာရုံထိခိုက်ဆုံးရှုံးရသည့် အဓိကအကြောင်းရင်းဖြစ်သည်။ အသက်အရွယ်ရလာသည်နှင့်အမျှ အမြင်အာရုံမှာ တဖြည်းဖြည်းအားနည်းလာသည်။ ရွှေငါးတွင်ပါသော Omega-3 Fatty Acid သည် မြင်လွှာအလယ်ရောင်ခြယ်ပျက်သုဉ်းခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ရွှေငါးအပါအဝင် ငါးများကိုပုံမှန်စားသုံးပေးမည်ဆိုလျှင် အမျိုးသမီးများတွင် အမြင်အာရုံထိခိုက်ခြင်းကို ၄၂ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်သကဲ့သို့ အမြင်အာရုံဆိုင်ရာ ကြွက်သားများထိခိုက်နိုင်ခြေကိုလည်း ၅၃ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်သည်။ လူကြီးများတွင် အမြင်အာရုံထိခိုက်ခြင်း မဖြစ်စေရန် တစ်ပတ်လျှင် တစ်ကြိမ်ခန့် ရွှေငါးအပါအဝင် ငါးများကိုစားသုံးပေးသင့်သည်။

**လေဖြတ်နိုင်ခြေကိုလျော့နည်းစေခြင်း**

ရွှေငါးအပါအဝင် ငါးစားခြင်းသည် လေဖြတ်နိုင်ခြေကို ကျဆင်းစေပြီး ဦးနှောက်ကိုကျန်းမာစေနိုင်သည်။ ရွှေငါးတွင်ပါဝင်သော Omega-3 Fatty Acid သည် လေဖြတ်နိုင်ခြေကို ကျဆင်းစေနိုင်သည်။

**အချုပ်အားဖြင့်ဆိုရသော်**

ရွှေငါးသည် အရသာအားဖြင့် ထူးခြားကောင်းမွန်လှသဖြင့် လူကြိုက်များသော ဈေးကွက်ဝင်ငါးတစ်မျိုးဖြစ်သည်။ ထို့ပြင် ရွှေငါးသည် ဆေးဖက်ဝင်ပြီး ကျန်းမာရေးအကျိုးကျေးဇူးများပြားလှသဖြင့် အာဟာရတန်ဖိုးမြင့် ငါးတစ်မျိုးဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

(၁) မြန်မာ့စွယ်စုံကျမ်း၊အတွဲ(၈)
(၂) ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊အမှတ်(၂)
(၃) Fish Base of Myanmar
(၄) Inland Fisheries of Myanmar

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း ဧက ၇၈၄၆၀ စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ခင်ဦး ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း ဧက ၇၈၄၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၃၂၂၅ ဧက စိုက်ပျိုးရန်အတွက်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၇၈၄၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်းဧက ၆၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခူပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခူပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခူပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးခူပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးခူများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ငါးခူတင်ပို့အားကောင်းတော့ အဓိက အဆင်ပြေနေတာကတော့ ရေလုပ်သားတွေပါ။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ငါးခူပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးခူက ပြည်တွင်းမှာကို စားသုံးမှုများတဲ့ငါး ဖြစ်ပါတယ်။ ကျိုက်လတ်မြို့နယ်က ရေထွက်ကုန်မှန်သမျှကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့တာများပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀ မှ ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ငါးခူများကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးခူများ ဝယ်ယူအားကောင်းလာသည့်အတွက် ငါးခူမွေးမြူသူများ၊ ကုန်သည်များ၊ ငါးခူရှာဖွေသူများ၊ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# အင်္ဂပူမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကြီးစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်က ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ကျပ် ၄၁ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်ကြီးစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၈ ဒသမ ၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၁၁ ဒသမ ၉၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၉၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သိသာ

# နတ်မောက်မြို့နယ် စိုင်းကောင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စိုင်းကောင်းကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက စိုင်းကောင်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးအရင်းငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက စိုင်းကောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၂ ဦးကို ငွေကျပ် သန်း ၂၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၄ ဦးကို ငွေကျပ် ၁၅ ဒသမ ၈ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၇ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။

ကိုညီ

# သနပ်ပင်မြို့နယ် တောဘုတ်စုကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သနပ်ပင် ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောဘုတ်စုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ တောဘုတ်စုကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၂၈၂ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၅၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၅၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၀၂ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။

နွဲ့ယဉ်

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**

# ပါကစ္စတန်နှင့် ဆက်ဆံရေးတိုးချဲ့လာသော အီရန်နိုင်ငံ

မောင်စိန်အိ(နဘဲမြေ)

အီရန်သမ္မတ ပီဇက်ကီအန်သည် ၂၀၂၅ ခုနှစ် ဩဂုတ် ၂ ရက်မှ ၃ ရက်ထိ ပါကစ္စတန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့သည်။ သမ္မတ ပီဇက်ကီအန်၏လတ်တလော ပါကစ္စတန်နိုင်ငံ ခရီးစဉ်သည် အရေးပါသောအချိန်၌ ပေါ်ထွက်လာခြင်းဖြစ်ပြီး ရုတ်ခြည်းပြောင်းလဲဖြစ်ပေါ်နေသော ပထဝီနိုင်ငံရေး အခင်းအကျင်းတွင် ပါကစ္စတန်နှင့် ဆက်ဆံရေးခိုင်မာအားကောင်းအောင် ကြိုးပမ်းအားထုတ်နေမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ပါကစ္စတန်နှင့်အီရန်သည် အီရန်သမ္မတ ပီဇက်ကီအန်၏ ခရီးစဉ်အတွင်း နှစ်စဉ်ကုန်သွယ်မှုတန်ဖိုးကို အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံထိ တိုးမြှင့်ရန် သဘောတူစာချုပ်များစွာကို လက်မှတ်ရေးထိုးခဲ့သည်။ နှစ်နိုင်ငံသည် နယ်စပ်ဒေသများတွင် အကြမ်းဖက်တန်ပြန် တိုက်ခိုက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားရေးအတွက်လည်း သဘောတူညီခဲ့ကြသည်။ ထို့ပြင် ပါကစ္စတန်နှင့် အီရန်နိုင်ငံသည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်မှုနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းတို့အပေါ် အလေးထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့ကြသည်။ အလားတူ နှစ်နိုင်ငံခေါင်းဆောင်များသည် ကုန်သွယ်ရေး၊ ပို့ဆောင်ရေး၊ အကောက်ခွန်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုနယ်ပယ်တို့တွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

အီရန်သမ္မတ ပီဇက်ကီအန်က မိမိတို့အနေဖြင့် လက်ရှိကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ သုံးဘီလီယံကို အချိန်တိုအတွင်း အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံထိ တိုးတက်လာရန်ရည်မှန်းချက်ထားလုပ်ဆောင်လျက်ရှိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်ဖ်နှင့်အတူ ပြုလုပ်သည့်ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသွားခဲ့သည်။ ပါကစ္စတန်ဝန်ကြီးချုပ်ကလည်း နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရရှိရန် ရည်မှန်းချက်သည် အချိန်တိုကာလအတွင်း ရရှိမည်ဟု မိမိတို့မျှော်မှန်းထားရှိကြောင်း ထပ်လောင်းပြောကြားသွားခဲ့သည်။ အီရန်သမ္မတ ပီဇက်ကီအန်က အိမ်နီးချင်း နှစ်နိုင်ငံနီးကပ်သော မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ်ဖော်ပြခဲ့ပြီး ၎င်း၏ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးကို အားသစ်လောင်းစေမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု ခေတ်သစ်ကာလကို ကြိုဆိုနိုင်ရန် မျှော်မှန်းထားကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း အီရန်သမ္မတသည် ပူးတွဲစစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ်ကြီး ဆာဟီယာရှာမာရှက်မီရာဇာ၊ လေတပ်ဦးစီးချုပ် လေတပ်ဗိုလ်ချုပ်ကြီး ဇာဟီယာဘာဘာစီဒူနှင့် ထောက်လှမ်းရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အာစင်မာလစ်တို့အပါအဝင် တိုင်းပြည်၏ ထိပ်တန်းစစ်ဘက်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် အီရန်သမ္မတ၏ ပါကစ္စတန်ခရီးစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ စက်မှုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီး၊ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးတို့လည်း အတူလိုက်ပါလာခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အီရန်သမ္မတ ပီဇက်ကီအန်၏ ပါကစ္စတန်ခရီးစဉ်သည် ၂၀၂၅ ခုနှစ် ဇွန်လတွင်ဖြစ်ပွားခဲ့သော အီရန်-အစ္စရေးပဋိပက္ခဖြစ်ပွားပြီးနောက် ပြည်ပနိုင်ငံများသို့ သွားရောက်သည့် ပထမဆုံးခရီးစဉ်ဖြစ်သည်။ အစ္စရေးနိုင်ငံသည် အီရန်အပေါ် စတင်တိုက်ခိုက်မှုကြောင့် ပဋိပက္ခစတင်ဖြစ်ပွားခဲ့သည်။ ထို့နောက် အမေရိကန်သည် အီရန်နျူကလီးယား အခြေခံအဆောက်အအုံများကိုလေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းဖြင့် ပဋိပက္ခအတွင်းသို့ပါဝင်ခဲ့သည်။ ထို့ကြောင့် အီရန်နိုင်ငံသည် နိုင်ငံတကာကြဉ်ဖယ်မှုကို တုံ့ပြန်ရန် ဒေသတွင်း မိတ်ဖက်နိုင်ငံများ ရှာဖွေခဲ့သည်။ ပါကစ္စတန်သည် အီရန်အပေါ်တိုက်ခိုက်ခဲ့သည့် အစ္စရေးနှင့် အမေရိကန်တို့ကို အီရန်အချုပ်အခြာအာဏာအပေါ် ချိုးဖောက်မှုအဖြစ် ပြောဆိုကာ



အီရန်သမ္မတနှင့် ပါကစ္စတန်ဝန်ကြီးချုပ်တို့ တွေ့ဆုံစဉ်။

ပြစ်တင်ဝေဖန်ခဲ့ သည်။ ထို့ပြင် အစ္စရေးနိုင်ငံအပေါ် အီရန်၏ပြန်လည် တုံ့ပြန်တိုက်ခိုက်မှုကို အီရန်၏ မိမိကိုယ်ကိုခုခံကာကွယ်ရန် အခွင့်အရေးရှိသည်ဟု ပြောဆိုခဲ့ပြီး ကုလသမဂ္ဂကဲ့သို့သော နိုင်ငံတကာဖိုရမ်များတွင် အီရန်နိုင်ငံကို ထောက်ခံခဲ့သည်။

ပါကစ္စတန်အတွက်မူ အီရန်-အစ္စရေး ပဋိပက္ခသည် ဒေသတွင်း မတည်မငြိမ်ဖြစ်ပေါ်လာနိုင်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှု မြင့်တက်လာစေလျက်ရှိသည်။ ၎င်းပဋိပက္ခသည် မတည်ငြိမ်သော ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်သို့ ကူးစက်လာနိုင်သည့်အလားအလာရှိနေသည်။ ထို့ပြင် ပါကစ္စတန်၏ အနောက်ပိုင်းနယ်စပ်အနီး၌ အစ္စရေး၏လေကြောင်းလွှမ်းမိုးမှု အလားအလာသည် လုံခြုံရေးဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်လာမှုများနှင့်စပ်လျဉ်း၍ ပါကစ္စတန်ကို သတိပေးတပ်လှန့်လျက်ရှိသည်။ ထို့ကြောင့် ပါကစ္စတန်၏ နျူကလီးယားစွမ်းဆောင်ရည်များ အရေးပါလာလျက်ရှိသည်။

ပါကစ္စတန်နိုင်ငံသည် အီရန်နှင့် နယ်မြေထိစပ်နေသည့် အရှည် ၉၀၅ ကီလိုမီတာရှိသော နယ်စပ်တစ်လျှောက်တည်ငြိမ်အေးချမ်းမှုရှိစေရန် ရည်မှန်းထားရှိသည်။ ထို့ပြင် ပါကစ္စတန်သည် အီရန်အစိုးရ အင်အားချည့်နဲ့လာမည်ကိုလည်း မလိုလားပေ။ ထိုသို့ အင်အားချည့်နဲ့လာမည်ဆိုလျှင် အီရန်-ပါကစ္စတန် နယ်စပ်နှစ်ဖက်စလုံးတွင် ခိုအောင်းလှုပ်ရှားနေသည့် အစွန်းရောက်အုပ်စုများအတွက် ဘေးကင်းလုံခြုံသည့်နေရာ ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် အစ္စရေးနှင့် ပဋိပက္ခဖြစ်ပွားပြီးနောက် အီရန်သမ္မတပီဇက်ကီအန်၏ ပါကစ္စတန်ခရီးစဉ်သည် နောက်ထပ်ကျူးကျော်တိုက်ခိုက်လာမှုများကို ဟန့်တားနိုင်ရန် ပါကစ္စတန်နှင့် မဟာမိတ်ဆက်ဆံရေး ခိုင်မာအားကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဆန္ဒကို ထင်ဟပ်စေလျက်ရှိသည်။

ထို့ပြင် အီရန်သမ္မတ၏ခရီးစဉ်သည် အီရန်နှင့်စပ်လျဉ်း၍ ပါကစ္စတန်၏ သံခင်းတမန်ခင်းသည် ပုံမှန်အခြေအနေထက် သာလွန်မှုကိုလည်းပြသလျက်ရှိသည်။ အထူးသဖြင့် ပါကစ္စတန်သည် အမေရိကန်နှင့်အီရန်နိုင်ငံကြား ကြားဝင်ဖျန်ဖြေဆွေးနွေးသူအဖြစ် ရပ်တည်သွားလိုသောဆန္ဒရှိနေသည်။ အီရန်သမ္မတ၏ ပါကစ္စတန်ခရီးစဉ်အတွင်း နှစ်နိုင်ငံဆွေးနွေးမှုများ၌ အီရန်-အမေရိကန် တင်းမာမှုလျှော့ချနိုင်ရန် အထောက်အကူပြုမည့်ဆွေးနွေးပွဲတွင် ပါကစ္စတန်၏အခန်းကဏ္ဍလည်း ပါဝင်ခဲ့ဖွယ်ရာ ရှိနေသည်။ ပါကစ္စတန်ဝန်ကြီးချုပ်သည် အမေရိကန်-အီရန် တင်းမာမှုအရှိန် လျှော့ချရေးတွင်ပါဝင်ဆောင်ရွက်ရန် ပါကစ္စတန်၏ စိတ်ဆန္ဒကို ယခင်ကလည်း အကြိမ်ကြိမ် ပြောကြားခဲ့ပြီးဖြစ်သည်။ အမေရိကန်ကလည်း လတ်တလော ရက်သတ္တပတ်များတွင် အီရန်အရေးနှင့်စပ်လျဉ်း၍ ပါကစ္စတန်၏ အခန်းကဏ္ဍကို အသိအမှတ်ပြုထားပြီးဖြစ်သည်။

မည်သို့ပင်ဆိုစေ အမေရိကန်နှင့် ပါကစ္စတန်၏ လက်ရှိ သံခင်းတမန်ခင်းဆိုင်ရာ ပြန်လည်ကြိုးပမ်းမှုသည် ဒေသတွင်း၌ ပါကစ္စတန်၏အရေးပါလာမှုကို မီးမောင်းထိုးပြသလျက်ရှိသည်။ အမေရိကန်အတွက်မူ အီရန်-အမေရိကန်ပဋိပက္ခတွင် ပါကစ္စတန်၏ တတိယပါတီအဖြစ်ဆောင်ရွက်မည့် အလားအလာသည် သံတမန်ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာမှု၏ အရေးပါသော အစိတ်အပိုင်းအဖြစ် ယူဆလက်ခံထားသည်။

ထို့ပြင် အီရန်သမ္မတ၏ ပါကစ္စတန်ခရီးစဉ်သည် ဒေသတွင်း၌ လွန်စွာရှုပ်ထွေးသည့် ပြောင်းလဲဖြစ်ပေါ်နေမှုများကြားတွင် ပေါ်ထွက်လာခြင်းဖြစ်သည်။ အခြားတစ်ဖက်က ကြည့်မည်ဆိုလျှင် ပါကစ္စတန်-အမေရိကန် ဆက်ဆံရေးသည် နွေးထွေးလျက်ရှိသည်။ အမေရိကန်သည် အကြမ်းဖက်တန်ပြန်ချေမှုန်းရာတွင် ပါကစ္စတန်ကို ထူးခြားသော မိတ်ဖက်အဖြစ် တရားဝင်ထုတ်ဖော်ချီးကျူးပြောကြားလျက်ရှိသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကလည်း ၂၀၂၅ ခုနှစ် မေလက အိန္ဒိယနှင့်ဖြစ်ပွားခဲ့သော အပြန်အလှန်ပစ်ခတ်မှု အဆုံးသတ်ရေး ၎င်း၏ကြိုးပမ်းမှုများကိုအလေးထားပြီး သဘောတူညီခဲ့သည့် ပါကစ္စတန်ခေါင်းဆောင်ကိုလည်း ထုတ်ဖော်ချီးကျူးခဲ့သည်။

အခြားတစ်ဖက်တွင်လည်း အီရန်-အမေရိကန် ဆက်ဆံရေးသည် နျူကလီးယားဆိုင်ရာတင်းမာမှုများကြောင့် လတ်တလော ရက်သတ္တပတ်များအတွင်း ဆက်ဆံရေးဆိုးရွားခဲ့သည်။ ထို့ပြင် သမ္မတဒေါ်နယ်ထရန့် အစိုးရလက်ထက်တွင် အမေရိကန်နှင့်အိန္ဒိယ၏ဆက်ဆံရေးသည် သိသိသာသာ ဆိုးရွားလာခဲ့သည်။ အထူးသဖြင့် သမ္မတဒေါ်နယ်ထရန့်က အိန္ဒိယကို ရုရှားနှင့် ရေနံကုန်သွယ်မှုဖြတ်တောက်ရန် ဖိအားပေးသည့်အနေဖြင့် အိန္ဒိယအပေါ် စည်းကြပ်ခွန် တိုးမြှင့်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ၂၀၂၅ ခုနှစ် ဧပြီလတွင် ဂျမူးဒေသနှင့် ကက်ရှ်မီးယားဒေသ၌ ပါဟယ်ဂမ် (Pahalgam) တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် နှစ်နိုင်ငံကြား စစ်ရေးဆိုင်ရာ ပဋိပက္ခများဖြစ်ပွားကာ အိန္ဒိယ-ပါကစ္စတန် ဆက်ဆံရေးသည် ဆက်လက်တင်းမာနေဆဲပင်ဖြစ်သည်။

ပါကစ္စတန်နှင့်အီရန် နှစ်နိုင်ငံစလုံး၏ အဓိကမဟာမိတ်ဖြစ်သော တရုတ်နိုင်ငံသည် လက်ရှိ အခြေအနေကို ၎င်း၏ ပိုးလမ်းမရပ်ဝန်းစီမံကိန်း (BRI) အဆင့်မြှင့်တင်ရာတွင် အရှိန်အဝါတစ်ခုအဖြစ် အသုံးချသွားရန် အနီးကပ်စောင့်ကြည့်နေဖွယ်ရာ ရှိနေသည်။

ဒေသတွင်း လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်နေမှုများ၊ မဟာမိတ်ဖွဲ့စည်းထားမှုများနှင့် အကျိုးစီးပွားများသည် ပါကစ္စတန်နိုင်ငံကို အဓိကဇာတ်ဆောင်အဖြစ် နေရာပေးလျက်ရှိသည်။ ပါကစ္စတန်သည် ဒေသတွင်း အခင်းအကျင်း ဆူပူရှုပ်ထွေးနေသည့်ကြားတွင် အမေရိကန်နှင့် မိတ်ဖက်ဆက်ဆံရေး တည်ဆောက်ခြင်း၊ အီရန်နိုင်ငံကို နှုတ်မှဖွင့်ဟထောက်ခံကြိုဆိုခြင်းနှင့် တရုတ်နိုင်ငံနှင့်ခိုင်မာအားကောင်းသော ဆက်ဆံရေးတို့ကို မြှင့်တင်ခြင်းအားဖြင့် ဒေသတွင်းတည်ငြိမ်မှုဖော်ဆောင်သူအဖြစ် အောင်မြင်စွာ တည်ဆောက်ရပ်တည်သွားဖွယ်ရာ ရှိနေသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဒေသတွင်းပြိုင်ဘက်များသည် လွှမ်းမိုးမှုအတွက် ယှဉ်ပြိုင်လျက်ရှိသောကြောင့် ပါကစ္စတန်၏ သံခင်းတမန်ခင်းဆိုင်ရာ ကျွမ်းကျင်မှုများကို လာမည့်ရက်သတ္တပတ်များနှင့် လများအတွင်း စမ်းသပ်သွားတော့မည်ဖြစ်သည်။ ဆိုရလျှင် အီရန်သမ္မတ ပီဇက်ကီအန်၏ ပါကစ္စတန်ခရီးစဉ်သည် ခိုင်မာအားကောင်းသော မိတ်ဖက်ဆက်ဆံရေးစတင်မှု အမှတ်သင်္ကေတဖြစ်ပြီး တောင်အာရှ၏ အနာဂတ်ကို သိသိသာသာ လွှမ်းမိုးလာလိမ့်မည်ဖြစ်သည်။ ထို့နောက် ပါကစ္စတန်နိုင်ငံသည် တောင်အာရှဒေသ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်လာနိုင်တော့မည် ဖြစ်ပေသည်။

**ကိုးကား**

- **Iranian President's Visit to Pakistan Signals Islamabad's Growing Role in Global Politics By The Diplomat.**



## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ကနေဒါနိုင်ငံ မနီတိုဘာပြည်နယ်တွင် အပူချိန်ကျဆင်းလာကာ တောမီးထိန်းချုပ်နိုင်သဖြင့် ဒေသခံတချို့ နေရပ်သို့ပြန်ခွင့်ပြု



အော့တဝါ ဩဂုတ် ၁၅

ကနေဒါနိုင်ငံ မနီတိုဘာပြည်နယ်တွင် အပူချိန်ကျဆင်းလာကာ တောမီးကို ထိန်းချုပ်နိုင်သဖြင့် ရွှေ့ပြောင်းနေထိုင်သော ဒေသခံတချို့ကို နေရပ်သို့ပြန်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆက်စကက်ချီဝမ်ပြည်နယ်တွင်လည်း အပူချိန်မြင့်တက်နေမှုကြောင့် စိုက်ခင်းမြေနေရာများ၊ အမှိုက်သရိုက်များ မီးရှို့ရှင်းလင်းခြင်းကို တင်းတင်းကျပ်ကျပ် တားမြစ်ခဲ့ပြီးနောက် အပူချိန် ပြန်လည်ကျဆင်းလာသည့်အတွက် ဩဂုတ် ၁၅ ရက်မှစတင်၍ မီးရှို့ခြင်းကိုတားမြစ်ထားသည့် ထုတ်ပြန်ချက်ကို ပြန်လည်ရုပ်သိမ်းကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မနီတိုဘာပြည်နယ် တောမီးကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူတချို့ကို နေရပ်ပြန်ခွင့်ပြုလိုက်ပါတယ်။ တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ ဩစတြေးလျကနေ တောမီးငြိမ်းသတ်ပေးဖို့ အတွက် ရောက်ရှိလာတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေလဲ ဩစတြေးလျနိုင်ငံကို ပြန်သွားကြပါပြီ။ ဆက်စကက်ချီဝမ်ပြည်နယ်မှာလဲ အပူချိန်မြင့်တက်မှုကြောင့် မီးရှို့တာတွေကိုတားမြစ်ထားတဲ့ထုတ်ပြန်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါတယ်။ ဆက်စကက်ချီဝမ်ပြည်နယ်မှာ အပူချိန်တွေ ပြန်လည်ကျဆင်းလာတဲ့အတွက် အခုလိုဆုံးဖြတ်ရတာဖြစ်ပါတယ်"ဟု ကနေဒါသဘာဝပတ်ဝန်းကျင် အဖွဲ့အစည်းမှ တာဝန်ရှိသူ ရောဘတ်က ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံတွင် လက်ရှိ တောမီး အဆိုးရွားဆုံးလောင်ကျွမ်းနေဆဲဖြစ်သည့် ဧရိယာမှာ နယူးဖောင်းလန်း-လာဘရာဒေါပြည်နယ်၊ နယူးဘရန်းစဝစ်ပြည်နယ်နှင့် နိုဗာစကိုးရှားပြည်နယ်တို့ ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# စပိန်နိုင်ငံ ကက်စတိုင်နယ်မြေနှင့် လီယွန်နယ်မြေတို့တွင် တောမီးလောင်ကျွမ်းနေပြီး ထိန်းချုပ်ရခက်သည့်အဆင့်ရောက်ရှိနေ

မက်ဒရစ် ဩဂုတ် ၁၅

စပိန်နိုင်ငံ ကက်စတိုင်နယ်မြေနှင့် လီယွန်နယ်မြေတို့တွင် တောမီးကူးစက်လောင်ကျွမ်းနေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိနေကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၁၄ ရက်သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်နေရာများအနက် နေရာတချို့တွင် လောင်ကျွမ်းနေသောတောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေပြီး လေကြောင်းအကူအညီကိုရယူရဖွယ်ရှိနေကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုဟာ အန္တရာယ်ရှိတဲ့အဆင့်ကိုရောက်ရှိနေပါတယ်။ တအားကိုသတိထားရမဲ့ အခြေအနေဖြစ်ပါတယ်"ဟု စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်ချက်ဇ်က သတိပေးပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၉၉၀၀၀ ထိ ပျက်စီးသွားခဲ့ပြီး အပူချိန်မြင့်တက်နေဆဲ ဖြစ်သည့်အတွက် တောမီးလောင်ကျွမ်းမှုအန္တရာယ် ပိုမိုဆိုးရွားလာနိုင်သည်ဟု အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အပူလှိုင်းဖြတ်သန်းမှုလည်းဖြစ်ပေါ်နေပြီး အပူလှိုင်းဖြတ်သန်းနေသည်မှာ ၁၀ ရက်ကျော် ကြာမြင့်နေပြီဖြစ်သကဲ့သို့ အပူလှိုင်းဖြတ်သန်းမှုမှာ ကာလရှည်ကြာနိုင်ကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကာလပေါ်မူတည်ပြီး တောမီးလောင်ကျွမ်းမှုမှာလည်း ပိုမိုစိုးရိမ်ရဖွယ်ရှိနေကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဘိုလီးဗီးယားနိုင်ငံ ဆန်တာခရုဇ်ကျွန်းစုတွင် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျုအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့

လာပါ့ဇ် ဩဂုတ် ၁၅

ဘိုလီးဗီးယားနိုင်ငံ ဆန်တာခရုဇ်ကျွန်းစုတွင် ဩဂုတ် ၁၄ ရက်က ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျုအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။



အဆိုပါငလျင်သည် အနက်ကီလိုမီတာ ၁၀ ကိုဗဟိုပြု၍ တောင်လတ္တီတွဒ် ၁၁ ဒသမ ၇၁ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၆၅ ဒသမ ၉၄ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ကျွန်းပေါ်ရှိ လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်းတချို့ ပျက်စီးခဲ့ရကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ်တိုင်တချို့ပြိုလဲခဲ့ရကာ အက်ကွဲပြီး ပြိုကျလုနီးပါး အန္တရာယ်ရှိ အဆောက်အအုံများလည်းရှိကြောင်း၊ ထို့သို့ငလျင်လှုပ်ခတ်ခဲ့သည့်အတွက် ခိုင်ခံ့မှုမရှိသော အဆောက်အအုံတချို့ အက်ကွဲသွားခဲ့ရသဖြင့် အဆိုပါအဆောက်အအုံများ၏ကြံ့ခိုင်မှုကို စစ်ဆေးမှုများ ပြုလုပ်ရန်လိုကြောင်း အာဏာပိုင်များက ဒေသခံများကိုသတိပေးထားသည်။

လက်ရှိတွင် ထိခိုက်ဒဏ်ရာရသူများသော်လည်း လူသေဆုံးသူမရှိကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူတချို့ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်တန်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် လူ ၄၆ ဦးသေဆုံးကာ ၂၀၀ ကျော် ပျောက်ဆုံးနေ

နယူးဒေလီ ဩဂုတ် ၁၅

အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်တန်းဒေသတွင် ယနေ့နံနက်အစောပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် လူ ၄၆ ဦးသေဆုံးကာ ၂၀၀ ကျော် ပျောက်ဆုံးနေကြောင်း ပြည်နယ် အာဏာပိုင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်တန်းဒေသတွင် ယခုကဲ့သို့ သဘာဝဘေးကြောင့် လူသေဆုံးမှုများ ဖြစ်ပွားရခြင်းသည် တစ်ပတ်အတွင်း ဒုတိယမြောက်ဖြစ်ကြောင်း၊ ရေကြီးမှုဖြစ်ပွားရာနေရာသည် လူသွားလူလာများပြားသည့် ဘုရားဖူးလမ်းကြောင်းဖြစ်သော Kishtwar ခရိုင် Chasoti မြို့မှာ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဟိမဝန္တာတောင်တန်းဒေသထဲမှတစ်ခုဖြစ်သည့် Uttarakhand ပြည်နယ်တွင်လည်း ယခုလပထမပတ်က ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့ပြီးနောက် ယခုကဲ့သို့ ရေကြီးမှုထပ်မံဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

"ဘုရားဖူး အများအပြားက နေ့လယ်စာစားဖို့ စုရုံးပြီးလာချိန် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေစီးကြမ်းတဲ့အတွက် ရေစီးနဲ့မျောပါသွားကြကာ အခုလိုဖြစ်စဉ်တွေ ဖြစ်ပွားခဲ့တာဖြစ်ပါတယ်"ဟု ပြည်နယ်အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံကြည်းတပ်၊ လေတပ် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာသို့ရောက်ရှိကာ သဘာဝဘေးတုံ့ပြန်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်နေသော်လည်း ယနေ့ထိ ပျောက်ဆုံးနေသူများကို မတွေ့ရသေးကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့နှင့်သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး အရာရှိများက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ မိုးလေဝသဌာနကလည်း ဒေသခံများကို ဩဂုတ် ၁၆ ရက်က မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း ခန့်မှန်းကြေညာချက်များ ထုတ်ပြန်ထားပြီး မြေပြိုမှုများနှင့် ရေကြီးနိုင်ခြေရှိသဖြင့် မခိုင်ခံ့သောအဆောက်အအုံများ၊ ဓာတ်တိုင်များနှင့် သက်တမ်းရင့်သစ်ပင်များ အနီးမနေကြရန် ကြိုတင်သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသောကြောင့် အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် မော်တော်ယာဉ်များ အခမဲ့ပြေးဆွဲပေးမည်

ဘန်း ဩဂုတ် ၁၅

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေသောကြောင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ယာဉ်များ အခမဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း ဆွစ်ဇာလန် သဘာဝပတ်ဝန်းကျင်ရုံးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်ပမာဏမှာ ၃၇ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီး ဆွစ်ဇာလန်နိုင်ငံတောင်ဘက်ပိုင်းနှင့် အနောက်ဘက်ပိုင်းတို့တွင် အပူလှိုင်းလည်း ဖြတ်သန်းလျက်ရှိကာ အပူချိန်များဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း၊ လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သောပြောင်းလဲမှုများ ပြုလုပ်နေသကဲ့သို့ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့်ဧရိယာများ၌ ကာဗွန်ထုတ်လွှင့်မှုမြင့်မားသော မော်တော်ယာဉ်များအသုံးပြုမှုကို တားမြစ်ထားကြောင်း ဆွစ်ဇာလန်သဘာဝပတ်ဝန်းကျင်ရုံးက ထုတ်ပြန်ထားသည်။

"အပူချိန်တွေ မြင့်တက်ပြီး လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေတဲ့အတွက် ဂျီနီဗာမြို့မှာ မနက် ၆ နာရီကနေ ည ၁၀ နာရီအတွင်း ကာဗွန်ထုတ်လွှင့်မှု မြင့်မားတဲ့ မော်တော်ယာဉ်တွေကို အသုံးပြုခွင့်မပေးထားပါဘူး။ လေထုညစ်ညမ်းမှုကို လျှော့ချလိုတဲ့အတွက် ကာဗွန်ထုတ်လွှင့်မှု မြင့်မားတဲ့ မော်တော်ယာဉ်တွေ အသုံးပြုမှုကို တားမြစ်ထားတာဖြစ်ပါတယ်။ ပြည်သူတွေ အဆင်ပြေပြေသွားလာနိုင်စေဖို့အတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေးမှာ ယာဉ်စီးနင်းခ အခမဲ့သတ်မှတ်ထားပါတယ်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် ပြေးဆွဲပေးနေတဲ့ မော်တော်ယာဉ်တွေကို ကာလတစ်ခုထိ အသုံးပြုသွားဖို့ ပြည်သူတွေကို တိုက်တွန်းပါတယ်"ဟု ဆွစ်ဇာလန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တနင်္ဂနွေနေ့ည ဥရောပဘောလုံးရာသီအဖွင့်ပွဲစဉ်မှာ ကစားအားကောင်းနေတဲ့ မန်ယူအသင်း၊ လိုင်လီအသင်း၊ ဘီလ်ဘာအိုအသင်းတို့ကို အားပေးရမှာပါ

M L



တနင်္ဂနွေနေ့ညမှာလဲ ဥရောပဘောလုံးရာသီ အဖွင့်ပွဲစဉ်မှာ အသင်းကြီးတွေ့ဆုံမှုနဲ့ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်အုံးမှာ ဖြစ်ပါတယ်။ ရာသီအဖွင့်ပွဲစဉ်တွေမှာတော့ ကစားသမားဖြည့်တင်းမှု အများဆုံးပြုလုပ်ထားပြီး ခြေစမ်းပွဲစဉ်တွေမှာလဲ ရလဒ်ကောင်းထားတဲ့အသင်းတွေကိုသာ အဓိကထားချဉ်းကပ်ရမှာပါ။ လက်ရှိ ကလပ်အသင်းအများစုကတော့ ကစားသမားသစ်တွေကို အထိုင်ကျအောင်ကြိုးစားနေရတာကြောင့် ကစားကွက်ပိုင်းပြောင်းလဲကစားနိုင်ဖို့အတွက် လိုအပ်ချက်ရှိနေတယ်လို့ ဆိုရမှာပါ။ လာမဲ့ တနင်္ဂနွေနေ့ညမှာတော့ ကစားသမားစုဖွဲ့မှုကောင်းတဲ့အပြင် ရာသီကြို ခြေစမ်းပွဲစဉ်တွေမှာ ရလဒ်ကောင်းထားတဲ့အသင်းတွေကိုသာ အဓိက အားပေးရမှာ ဖြစ်ပါတယ်။

## မန်ယူအသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့တာကတော့ မန်ယူအသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပရီးမီးယားလိဂ်ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီ သရေကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။ မန်ယူအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အမှတ်ပေးဇယား အဆင့် (၁၆) နေရာနဲ့အဆုံးသတ်ခဲ့တာကြောင့် သမိုင်းတစ်လျှောက်မှာ အဆိုးရွားဆုံးရလဒ်ကို ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုအပြောင်းအရွှေ့ကာလမှာ ပရီးမီးယားလိဂ်ပြိုင်ပွဲကို ပိုအာရုံစိုက်နိုင်ဖို့အတွက် အတွေ့အကြုံရှိတဲ့ တိုက်စစ်မှူး ကွန်ဟာ၊ အမ်ဘူမို၊ လိုက်ပ်ဇစ်အသင်းက တိုက်စစ်မှူးဆက်ကိုတို့ကို ခေါ်ယူအားဖြည့်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်မှူးအသစ်တွေကို အသားကျဖို့ အချိန်ပေးစရာမလိုတာကြောင့် ရာသီကြိုပွဲစဉ်ခုနစ်ပွဲကစားခဲ့ရာမှာ တစ်ပွဲသာရှုံးခဲ့ပြီး ကွင်းလယ်တိုက်စစ်မှူး ဖာနန်ဒက်စ်က ခြေစွမ်းပြနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိနည်းပြ အာမိုရင် အသုံးပြုနေတဲ့ ၃-၄-၂-၁ ကစားကွက်မှာ ဆက်ကိုကို အထောင်ထားပြီး နောက်ချန်တိုက်စစ်အဖြစ် အမ်ဘူမိုနဲ့ ကွန်ဟာတို့ ပွဲထွက်နေတာကြောင့် တိုက်စစ်ကစားပုံ ပိုကောင်းလာတယ်လို့ ဆိုရမှာပါ။

အာဆင်နယ်အသင်းအနေနဲ့ သုံးရာသီဆက်တိုက် ပရီးမီးယားလိဂ် အမှတ်ပေးဇယားမှာ အဆင့်(၂) မှာ ရပ်တည်နိုင်ခဲ့ပြီး ဆုဖလားရယူနိုင်ခြင်းမရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အာဆင်နယ်အသင်းဟာ အခုကာလမှာ ကွင်းလယ်ခံစစ်အတွက် ဇူဘီမန်ဒီ၊ နော်ဂတ်၊ တိုက်စစ်ပိုင်းအတွက် မက်ဒူခီ၊ ဂိုကာရက်စ်၊ ခံစစ်ပိုင်းအတွက် မို့စ်ကွီရာတို့ကို ခေါ်ယူအားဖြည့်ခဲ့ပြီး ချန်ပီယံဆုကို စိန်ခေါ်ဖို့ကြိုးစားလာတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ရာသီကြိုခြေစမ်းပွဲ ငါးပွဲကစားခဲ့ရာမှာ သုံးပွဲနိုင်၊ နှစ်ပွဲ ရှုံးရလဒ်ထွက်ပေါ်ခဲ့ပါတယ်။ အာဆင်နယ်အသင်းဟာ ရာသီအစ ပွဲစဉ်တွေမှာ ပြီးခဲ့တဲ့နှစ်ရာသီဆက်တိုက် အသင်းငယ်တွေနဲ့ တွေ့ခဲ့လို့ ရလဒ်ကောင်းခဲ့ပေမဲ့ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီမှာတော့ မန်စီးတီး အသင်းနဲ့ တွေ့ခဲ့ချိန်မှာ ငါးဂိုးပြတ်နဲ့ ရှုံးပွဲကြုံခဲ့တာကို သတိပြုရမှာပါ။ လက်ရှိသူတို့နှစ်သင်းရဲ့ စုဖွဲ့မှုမှာ အာဆင်နယ်အသင်းက အသာရနေတယ်ထင်ရပေမဲ့ မန်ယူအသင်းအိမ်ကွင်းမှာ အာဆင်နယ်အသင်း အမြဲတမ်းရုန်းကန်နေရသလို လက်ရှိခြေစွမ်းပိုင်းအရ ကွင်းလယ် ကစားအားမှာ မန်ယူအသင်းက ပိုသာနေတာဖြစ်လို့ အခုအိမ်ကွင်းပွဲစဉ်မှာအနည်းဆုံးသရေကစားဖို့ ကြိုးစားလာမဲ့ အိမ်ရှင်မန်ယူနဲ့ပဲ လက်တွဲရမှာပါ။

### မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်ယူ | ၀ | - | ၀ | လိဒ်ယူနိုက်တက် |
| မန်ယူ | ၂ | - | ၁ | ဝက်စ်ဟမ်း |
| မန်ယူ | ၄ | - | ၁ | ဘုန်းမောက် |
| မန်ယူ | ၂ | - | ၂ | အဲဗာတန် |
| မန်ယူ | ၁ | - | ၁ | ဖီအိုရင်တီးနား |

### အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၀ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၃ | - | ၂ | နယူးကာဆယ် |
| အာဆင်နယ် | ၀ | - | ၁ | စပါး |
| အာဆင်နယ် | ၂ | - | ၃ | ဗီလာရီးရဲလ် |
| အာဆင်နယ် | ၃ | - | ၀ | ဘီလ်ဘာအို |

## လိုင်လီအသင်းကို ရွေးချယ်ရမှာပါ

ပြင်သစ်လီဂူးအဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ဘရက်စ်နဲ့ လိုင်လီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘရက်စ်အသင်းဟာ လက်ရှိ အပြောင်းအရွှေ့မှာ ထိပ်တန်းအဆင့်ခြေစွမ်းရှိတဲ့ ကစားသမားသစ်ခေါ်ယူနိုင်ခြင်းမရှိပေမဲ့ အသင်းက အဓိကကစားသမားတွေကို ဆက်လက်ထိန်းသိမ်းခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမှာ လီဂူးကို တန်းတက်ခဲ့ပြီးနောက်ပိုင်း အသင်းလိုက်ကစားပုံကောင်းခဲ့တာကြောင့် အခုရာသီထိ လီဂူးပြိုင်ပွဲမှာ ကစားခွင့်ရနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာလဲ ရမှတ် ၅၀ ထိ ရယူနိုင်ခဲ့ပြီး အဆင့်(၉) နေရာနဲ့ အဆုံးသတ်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ရာသီကြိုခြေစမ်းပွဲသုံးပွဲကစားခဲ့ရာမှာ သုံးပွဲစလုံးနိုင်ပွဲရခဲ့ပြီး ခြေစွမ်းပြကစားနိုင်ခဲ့ပေမဲ့ ပြီးခဲ့တဲ့ ဘောလုံးရာသီတွေမှာတော့ အဖွင့်ပွဲစဉ်တွေမှာ ရလဒ်ကောင်းခဲ့ခြင်းမရှိတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ၄-၃-၃ ကစားကွက်ကို အထိုင်ချကစားပြီး လိုင်လီအသင်းကိုတိုက်စစ်ဖွင့်ကစားလာမယ်ဆိုရင် အခုပွဲမှာ ရှုံးပွဲကြုံဖို့များပါတယ်။

လိုင်လီအသင်းဟာ အခုအပြောင်းအရွှေ့ကာလမှာ တိုက်စစ်မှူး ဂျိုနသန်ဒေးဗစ်၊ ခံစစ်က ဒီယာကီတီ၊ ဂိုးသမား ချီဗာလီယာတို့ကို လက်လွှတ်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ တိုက်စစ်ပိုင်းမှာ ဂီရော့ဒ်ကို ပြန်လည်အားဖြည့်နိုင်ခဲ့ပါတယ်။ သူတို့အသင်းဟာ ရာသီကြိုခြေစမ်းပွဲ ငါးပွဲမှာတော့ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်း သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ အဲဒီပွဲစဉ်တွေမှာ ဂျွန်နသန်ဒေးဗစ်နေရာကို တိုက်စစ်မှူး ဂီရော့ဒ်က အကောင်းဆုံးဖြည့်ဆည်းကစားနိုင်ခဲ့တာကြောင့် တိုက်စစ်ကစားအားကောင်းခဲ့တယ်လို့ဆိုရမှာပါ။ လိုင်လီအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီသုံးရာသီဆက်တိုက် ရာသီအဖွင့်ပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့တာကြောင့် အခုပွဲစဉ်မှာ စုဖွဲ့မှုအားနည်းတဲ့ ဘရက်စ်အသင်းကို ဖိအားပေးနိုင်ဖို့များပါတယ်။ ဒါ့ပြင် တိုက်စစ်ပိုင်းမှာ အတွေ့အကြုံရင့်တဲ့ ဂီရော့ဒ်ကို ဘရက်စ်အသင်းခံစစ်ပိုင်းထိန်းချုပ်ဖို့ မကြိုးစားရင်တော့ လိုင်လီအသင်း ဂိုးပြတ်နိုင်ပွဲရမှာ သေချာလို့အခုပွဲစဉ်မှာ တိုက်စစ်အားကောင်းတဲ့ လိုင်လီအသင်းကို ရွေးချယ်ရမှာပါ။

### ဘရက်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရက်စ် | ၂ | - | ၀ | လိုင်လီ |
| နိုက် | ၆ | - | ၀ | ဘရက်စ် |
| ကွန်ကာနူး | ၁ | - | ၂ | ဘရက်စ် |
| ဘရက်စ် | ၁ | - | ၀ | လီဟာဗေး |
| နာပိုလီ | ၁ | - | ၂ | ဘရက်စ် |

### လိုင်လီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိုင်လီ | ၂ | - | ၀ | ဂျွန့်ယူ-၂၃ |
| လိုင်လီ | ၅ | - | ၀ | အေမိန်း |
| ဒေါ့မွန် | ၃ | - | ၂ | လိုင်လီ |
| လိုင်လီ | ၃ | - | ၀ | ဗီနီဇီယာ |
| ဝက်စ်ဟမ်း | ၁ | - | ၁ | လိုင်လီ |

## ဘီလ်ဘာအိုအသင်း ရလဒ်ကောင်းမှာပါ

စပိန်လာလီဂါ အဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ဘီလ်ဘာအိုအသင်းနဲ့ ဆီဗီလာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘီလ်ဘာအိုအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ အခွင့်အရေးရခဲ့ပေမဲ့ ရာသီဝက်ကာလမှာ ဒဏ်ရာရကစားသမားများပြားလာတာကြောင့် ရာသီပိတ်သိမ်းချိန်မှာ အဆင့် (၄) နေရာနဲ့ ကျေနပ်ခဲ့ရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြ ဗယ်ဗာဒီလက်ထက်မှာ အသင်းကြီးတွေကိုတောင် နိုင်ပွဲရယူနိုင်ခဲ့ပြီး နစ်ကိုးဝီလျံ၊ ဗီဗီယန်တို့လို ကစားသမားကောင်းတွေလဲ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဘောလုံးရာသီတိုင်းမှာ ခြေရည်တူအသင်းတွေနဲ့ဆို ရလဒ်ကောင်းလေ့ရှိတာကြောင့် အခုပွဲစဉ်မှာလဲ ဆီဗီလာလိုအသင်းကို အနိုင်ရဖို့တော့ ကြိုးစားလာမှာဖြစ်ပါတယ်။ ရာသီကြိုခြေစမ်းပွဲ ခုနစ်ပွဲမှာတော့ တစ်ပွဲသာအနိုင်ရခဲ့ပေမဲ့ အဲဒီပွဲစဉ်တွေမှာ သူတို့နည်းပြဟာ ကစားသမားတွေဒဏ်ရာမရဖို့ကိုသာ ဦးစားပေးကစားခဲ့တာကြောင့် ရလဒ်ပိုင်းဆိုးရွားခဲ့တာကို သတိပြုရမှာပါ။ သူတို့နည်းပြကတော့ ၄-၂-၃-၁ ကစားကွက်နဲ့ပုံမှန်ပွဲထွက်လေ့ရှိတာကြောင့် အခုပွဲစဉ်မှာလဲ စုဖွဲ့မှုအားနည်းနေတဲ့ ဆီဗီလာအသင်းကို ဖိအားပေးနိုင်မှာ သေချာပါတယ်။

ဆီဗီလာအသင်းဟာ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီမှာ ယူရိုပါလိဂ် ချန်ပီယံဆုရရှိပြီးနောက်ပိုင်း အမှတ်ပေးပြိုင်ပွဲမှာ နှစ်ရာသီဆက်တိုက် တန်းဆင်းဇုန်က ရုန်းထွက်ဖို့ အစွမ်းကုန်ကြိုးပမ်းခဲ့ရပါတယ်။ သူတို့အသင်းအနေနဲ့ ခြေစွမ်းပြကစားသမားတွေကို ထိန်းသိမ်းခြင်းမရှိတဲ့အပြင် ဘဏ္ဍာရေးအခက်အခဲကြောင့် ထိပ်တန်းအဆင့် ကစားသမားတွေ ခေါ်ယူနိုင်ခြင်းမရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ပြီးခဲ့တဲ့ဘောလုံးရာသီမှာ အဆင့် (၁၇) နေရာနဲ့ ပြီးဆုံးခဲ့ပြီး တန်းဆင်းဇုန်က အသင်းနဲ့ ရမှတ်တစ်မှတ်သာ ကွာဟတဲ့ထိရလဒ်ဆိုးရွားခဲ့ပါတယ်။ လက်ရှိမှာ နည်းပြသစ် အယ်မီဒါကို ခန့်အပ်လိုက်ပေမဲ့ နည်းပြသစ်အနေနဲ့ လာလီဂါပြိုင်ပွဲအတွေ့အကြုံမရှိတာကြောင့် အဖွင့်ပွဲစဉ်မှာ ရုန်းကန်ရဖို့များပါတယ်။ ရာသီကြိုခြေစမ်းပွဲ ခုနစ်ပွဲကစားခဲ့ရာမှာ နှစ်ပွဲသာနိုင်ခဲ့ပြီး ကျန်ပွဲစဉ်ငါးပွဲကို ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ သူတို့နှစ်သင်း ပြီးခဲ့တဲ့ သုံးရာသီဆက်တိုက်အဖွင့်ပွဲတွေမှာလဲ ဆီဗီလာအသင်းက အသင်းကြီးတွေနဲ့ဆို ရလဒ်ဆိုးရွားခဲ့ပြီး ဘီလ်ဘာအိုကတော့ ဆက်တိုက် အနိုင်ရခဲ့တာကိုကြည့်ရင် အခုပွဲမှာ အဘက်ဘက်က သာလွန်နေတဲ့ ဘီလ်ဘာအိုအသင်းပဲ ရလဒ်ကောင်းမှာပါ။

### ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဗွီ | ၂ | - | ၁ | ဘီလ်ဘာအို |
| ရေဆင်း | ၂ | - | ၁ | ဘီလ်ဘာအို |
| လီဗာပူး | ၄ | - | ၁ | ဘီလ်ဘာအို |
| လီဗာပူး | ၃ | - | ၂ | ဘီလ်ဘာအို |
| အာဆင်နယ် | ၃ | - | ၀ | ဘီလ်ဘာအို |

### ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၁ | ဆန်းဒါးလန်း |
| ရှော်လ်ကေး | ၂ | - | ၄ | ဆီဗီလာ |
| မာဆေး | ၁ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၂ | - | ၂ | အယ်ကွာစီယာ |
| တူးလော့ | ၁ | - | ၁ | ဆီဗီလာ |











## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇)၊ အကွက်အမည် **နန်းတော်ရာကွင်း**၊ ဦးပိုင်အမှတ်(၁၆၃)၊ ဧရိယာ(၀.၁၉၀)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၁၆၄
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၁၆၂
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၁၆၆/က
(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်သိင်္ဂီထွန်း**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၃)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **နန္ဒဝန်**ရပ်ကွက်၊ အကွက်အမှတ်(၃/၁၆)၊ ကွင်းအမည်**အုဖို့ကျင်းကွင်း**၊ ဦးပိုင်**အမှတ်(၄၀/င)**၊ **ဧရိယာ(၀.၀၅၁)**ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၄၀/ခ
(ခ) အနောက်လားသော် - လမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၄၀/ဃ
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၄၀/ခ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးအောင်ခိုင်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ စက်တင်ဘာ(၁၃)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးသိန်းထွန်း၏သား မောင်ဖုန်းမြင့်ကျော်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ဘုန်းမြင့်ကျော် ဖြစ်ပါကြောင်း။

**မောင်ဘုန်းမြင့်ကျော်**

## ဖခင်အမည်မှန်

တံတားဦးမြို့၊ အမှတ်(၃)နယ်မြေ၊ တစီးရှင်ရပ်ကွက်နေ မန္တလေးမြို့၊ အောင်မြေသာစံ REBC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မအေးမြတ်နိုးခိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးခင်မောင်အေးဖြစ်ပါကြောင်း။

**ဦးခင်မောင်အေး(၉/တတဥ(နိုင်)၀၇၈၇၆၀)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂၃) အခြေခံပညာအထက်တန်းကျောင်း၊ Grade-7 တွင် ပညာသင်ယူနေသော မောင်အောင်ပြည့်ကျော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးတင်ယု (ခ) ဝင်းမောင်(၁၃/ကခန(နိုင်)၀၀၁၁၉၂)ဖြစ်ပါကြောင်း။

**ဦးတင်ယု (ခ) ဝင်းမောင်(၁၃/ကခန(နိုင်)၀၀၁၁၉၂)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိပ်တန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မသော်သော်သန့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်ထွန်းဖြစ်ပါကြောင်း။

**ဦးမြင့်ထွန်း(၉/ခမစ(နိုင်)၀၀၁၆၂၈)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက (၃၉)၊ Grade-7 တွင် ပညာသင်ကြားနေသော မသင်းသင်းထက်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်ထွန်းဖြစ်ပါကြောင်း။

**ဦးမြင့်ထွန်း(၉/ခမစ(နိုင်)၀၀၁၆၂၈)**

❖ မြန်မာနိုင်ငံ၏ပတ်ဝန်းကျင်နှင့် အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေမှာ လေးဘီလီယံနီးပါး ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကုန်ပစ္စည်းများကို တင်ပို့နိုင်သော ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်...

❖ မိမိတို့နိုင်ငံတွင် ရှိပြီးဖြစ်သည့်အရင်းအမြစ်များကို ကောင်းစွာအသုံးချနိုင်ရန်လိုပြီး မူလတန်ဖိုးဖြစ်သည့်အရေးပါမှုများကို အရာရောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၅

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညမှ ဩဂုတ် ၁၇ ရက်အတွင်း မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

စာမျက်နှာ ၂၄ ကော်လံ ၂ ❖

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၁၅ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၁၆ ရက်မှ ၁၇ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# ညောင်တုန်းမြို့နယ်နှင့် ကလေးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများကို မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၅

ညောင်တုန်းမြို့နယ်နှင့် ကလေးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ညောင်တုန်းမြို့နယ် အရွဲကျေးရွာအုပ်စု အရွဲကျေးရွာအနီးတွင် ရန်ကုန်မှ ပုသိမ်ဘက်သို့ မောင်းနှင်လာသော SUNLONG အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ကိုကိုအောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၂၀ (တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၄၈ သိန်း) ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၆ ရက်

စာမျက်နှာ ၂၄ ကော်လံ ၂ ☆

**နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ- ၁၆

**မုံရွာမြို့ မြို့သစ်ရပ်ကွက်၌ ဗန္ဓုလဈေး ဈေးရုံအဆောက်အအုံသစ် ဖွင့်ပွဲကျင်းပပြုလုပ်**

စာမျက်နှာ- ၁၇

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT ASTM.C150 TYPE I (42.5) ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT ASTM.C150 TYPE II (32.5) ဆင်မင်းဘိလပ်မြေ